မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily

အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်နေ့ | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ် (၂၈၉)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အထူးကိုယ်စားလှယ်က ၎င်း၏ ရခိုင်ပြည်နယ်ခရီးစဉ် အတွေ့အကြုံများ၊ မြန်မာနိုင်ငံကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂ အထွေထွေညီလာခံသို့ အစီရင်ခံစာတင်သွင်းရေး အတွက် ဆောင်ရွက်နေသည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ် စတင်နိုင်ရေး၊ ရခိုင်ပြည်နယ်တွင် လူမှုအသိုက်အဝန်းများအကြား သဟဇာတဖြစ်စွာ ပြန်လည်ပေါင်းစည်း နေထိုင်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်အခြေခံလိုအပ်ချက်များ ပိုမိုရရှိရေး၊ လုံခြုံရေးနှင့် လွတ်လပ်စွာ သွားလာခွင့်ရရှိရေးအပါအဝင် မြေပြင်အခြေအနေ တိုးတက်မှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံမှုသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ » ၉၊၁၀

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံတစ်ခုချင်းအလိုက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိ

စာ » ၁၁

မြန်မာ့အလင်း

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့

ဝါဆိုလပြည့်ကို ဗုဒ္ဓဘာသာဝင်တို့ သတိတရဖြင့် တန်ဖိုးထားလေ့ရှိ၏။ ဘုရားအလောင်းတော် ပဋိသန္ဓေယူရာနေ့၊ အလောင်းတော် တောထွက်သည့်နေ့၊ ဘုရားရှင်အဖြစ် ဓမ္မစကြာတရားဦးဟောသည့် နေ့၊ ဘုရားရှင် တန်ခိုး ပြာဋိဟာ ပြသည့်နေ့ဟူ၍ အမှတ်အသားပြုထားကြသည်။

ဝါဆို ဝါခေါင် ရေဖောင်ဖောင်ကာလဖြစ်၍ မိုးသည်းသည်းရွာလေ့ရှိသည့် အချိန်လည်းဖြစ်ပါသည်။ သံဃာတော်များ မိမိရောက်ရာ ဒေသတွင် ဝါဆိုကြ၏။ မည်သည့်သံဃာမှ တစ်ရပ်တစ်ပါးသို့ ခရီးသွားလာခြင်းများ မပြုကြတော့။ မိုးတွင်းကာလ ဤသုံးလကို ဝါတွင်းအဖြစ် သတ်မှတ်ကာ မိမိမှီတင်းရာကျောင်းတွင်သာ သံဃာတော်များ သီတင်းသုံးကြလေ၏။

လူတို့သည်ကား ဝါဆိုပန်းခူးထွက်ကာ ဘုရားရှင်မြတ်အမှတ်အယူဖြင့် စေတီ ပုထိုးဆင်းတုတော်တို့တွင် ပန်းများကပ်လှူ ပူဇော်ကြ၏။ သံဃာတော်တို့ကို ဘုရားရှင်၏အဆုံးအမအတိုင်း ဝါဆိုသင်္ကန်းကပ်လှူကြ၏။ ထို့မှုမက၊ ဝါတွင်းသုံးလကို ဘာသာရေးအရ ထူးခြားလေးနက်မှုရှိသည့် ကာလအဖြစ် သဘောထားကြကာ နေ့စဉ် သို့မဟုတ် အနိမ့်ဆုံးအားဖြင့် အဖိတ်လပြည့်လကွယ်တို့တွင် ဥပုသ်သီတင်းစောင့်ကာ သီလမြဲအောင် ထိန်းကြလေ့ရှိ၏။ နေ့စဉ်ကုသိုလ်ဖြစ်အောင် သတိပဋ္ဌာန်တရားတို့ဖြင့် အာရုံသိမှတ် ဂရုပြုနေထိုင်ကြကုန်၏။

အထူးသဖြင့်မူ ဤနေ့သည်ကား မြတ်စွာဘုရား ပဉ္စဝဂ္ဂီငါးဦးကို ပထမဆုံး ဓမ္မစကြာတရား ဟောတော်မူသည့်နေ့အဖြစ် မှတ်မှတ်သားသား အလေးထားမိကြ၏။

ဗုဒ္ဓဘုရားရှင်သည် သစ္စာတရားကို ကိုယ်တိုင်ကျင့်ကြံသိမြင်ပြီးသည့်နောက် မိမိအပေါ် ကျေးဇူးကြီးမားခဲ့သော ပဉ္စဝဂ္ဂီငါးဦးအား ကိုယ်တော်တိုင် ထိုးထွင်းသိရှိခဲ့သည့် အမှန်တရားကို မဟာသက္ကရာဇ် ၁၀၃၊ ဝါဆိုလပြည့် စနေ ညနေချမ်း နေဝင်လထွက်ချိန်တွင် ဟောကြားဖြန့်ဝေပေးလေ၏။

သစ္စာတရားသည်သာ တကယ့်အမှန်တရားဖြစ်၏ ဆိုသည်ကို တရားနာသူအပေါင်းအား သိစေ၏။ စည်းစိမ်ချမ်းသာတွင် ယစ်မူး နေထိုင်ခြင်း အစွန်းနှင့် မိမိကိုယ်ကိုယ် ထိခိုက်နာကျင်စွာ အငတ်အပြတ်ခံ အမှန်တရားရှာဖွေခြင်း အစွန်းတို့ကို ရှောင်ကြဉ်နိုင်ကြဖို့ မဇ္ဈိမပဋိပဒါဟူသည့် မှုတ အစွန်းလွတ်သည့်လမ်းစဉ်ကို ညွှန်ပြတော်မူ၏။

အမှန်တရားကို ကိုယ်တိုင်တွေ့ရှိခြင်းဖြင့် အတ္တပါးလျားလာကာ အနတ္တကို မြင်ရမည်။ ထိုသို့တွေ့ရှိနိုင်ရန်အတွက် သီလမဂ္ဂင် သုံးပါး၊ သမာဓိမဂ္ဂင် သုံးပါး၊ ပညာမဂ္ဂင် နှစ်ပါး ဖြစ်သော မဂ္ဂင်ရှစ်ပါးဟူသည့် လမ်းကြောင်းရှိ၏။

မှန်ကန်သော လုပ်ကိုင်ဆောင်ရွက်မှု၊ မှန်ကန်မျှတသော သက်မွေးဝမ်းကျောင်းမှု၊ မှန်ကန်သော အပြောအဆို၊ မှန်ကန်သော စိတ်အနေဖြင့် သတိရှိမှု၊ မှန်ကန်သော သဘောထားဖြင့် သမာဓိရှိ မှု၊ မှန်ကန်သော တွေးခေါ်ယူဆမှု၊ မှန်ကန်သော သိမြင်မှုဟုဆိုသော မဂ္ဂင်ရှစ်ပါးလမ်းကြောင်းမှတစ်ဆင့် အမှန်တရားကို ကိုယ်တိုင်ကျင့်ကြံ သိမြင်နိုင်ကြမည်။

ဤသည်ပင် သံသရာမှ လွတ်မြောက်ရာ လမ်းကြောင်း၊ သစ္စာတရားကို တွေ့ရှိရာလမ်းကြောင်း ဖြစ်ပေသည်ဟူသော တရားဓမ္မတော်အတိုင်း ဗုဒ္ဓဘာသာဝင်တို့ စောင့်ထိန်းကျင့်ကြံကြခြင်းဖြင့် သိမြင်အလင်းပေါက် ဉာဏ်အမြင်ရောက်ကြပါစေသတည်း။ ။

ကလေးသူငယ်နှင့် အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဒီးမော့ဆို၌ ပညာပေးဟောပြော

ဒီးမော့ဆို ဇူလိုင် ၁၅

ကယားပြည်နယ် လွိုင်ကော်မြို့အခြေပြုသည့် အနာဂတ်အမျိုးသမီးအစည်းအရုံးက ဦးဆောင်၍ ကလေးသူငယ်နှင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဒီးမော့ဆိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇူလိုင် ၁၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူး ဦးမြာရယ်က အမှာစကားပြောကြားပြီး အနာဂတ်အမျိုးသမီးအစည်းအရုံးမှ ဒါရိုက်တာ ဒေါ်စန္ဒာဝင်းက ဟောပြောပွဲကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင် ဆရာဦးထင်အောင်ဝေက ကလေးသူငယ်စောင့်ရှောက်ခြင်းဆိုင်ရာနှင့် ကလေးသူငယ်များအား ကာကွယ်သော ဥပဒေအကြောင်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူးက ဖြစ်ရပ်စီမံခန့်ခွဲမှုအကြောင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းများအကြောင်းကို ဟောပြောဆွေးနွေးကြပြီး မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတော်မီဟန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဟောပြောပွဲအပြီးတွင် ဟောပြောပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများက သက်ငယ်မုဒိမ်းမှု ကင်းဝေးရေးအတွက် သိကောင်းစရာ အချက်အလက်များ ပါဝင်သော အသိပညာပေး လက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ အဆိုပါ ဟောပြောပွဲသို့ မြို့မရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူ ၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

ကြီးဒဲရယ်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် လတ်တလောဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုများတွင် တပ်မတော်သားများမှ အရေးပေါ်ကူညီ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးများ ဆောင်ရွက်ပေးနေမှု အခြေအနေ၊ AA အဖွဲ့က ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ဆောင်ရွက်နေမှုအခြေအနေများ၊ နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်နေမှုအခြေအနေ၊ တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမရှိစေရေး CTFMR နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအား ဥပဒေနှင့်အညီ ပြန်လည်လက်ခံနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ သွားလာနိုင်ရေး ခွင့်ပြုထားမှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ကဗျာရွတ်ဆိုပြိုင်ပွဲ မြဝတီမြို့၌ကျင်းပ

မြဝတီ ဇူလိုင် ၁၅

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင်(၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့နံနက်က ကျင်းပခဲ့သည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သိန်းသန်းဌေးက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်သိန်းသိန်းက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြဝတီမြို့နယ်အတွင်းရှိ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၂ ဦးတို့က မျိုးချစ်အာဇာနည်နှင့် ကိုးဦးဇာနည်လက်ချိုးသီကဗျာတို့ဖြင့် ယှဉ်ပြိုင်ကြသည်။

ဇူလိုင် ၁၇ ရက်၌ ဆုချီးမြှင့်မည်

အကဲဖြတ်ဒိုင်များအဖြစ် ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ အထက(၂) ကျောင်းအုပ်ဆရာကြီး ဦးမိုးကျော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ကေခိုင်တို့က ဆောင်ရွက်ပေးပြီး ဆုရကျောင်းသား ကျောင်းသူများအား ဇူလိုင် ၁၇ ရက်တွင် ဆုများ ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင် (ပြန်/ဆက်)

မွန်စာပေသင်ကြားနေသည့် ဆရာ ဆရာမများ စွမ်းရည်မြှင့်တင်ရေးသင်တန်းပေး

မုဒုံ ဇူလိုင် ၁၅

မုဒုံမြို့ မြို့မ(၃)ရပ်ကွက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်မွန်စာပေနှင့်ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ကြားရေးအဖွဲ့မှ ဦးဆောင်၍ မွန်စာပေသင်ကြားနေသည့် ဆရာ ဆရာမများ သင်ကြားမှုစွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၃ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်မွန်စာပေနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ကြားရေး အဖွဲ့နာယကဆရာတော်များဖြစ်ကြသည့် ဥူးဝါရိန္ဒ၊ ဥူးသြဘာသအမှူးပြုဆရာတော် သံဃာတော်ငါးပါး၊ မြို့နယ်မွန်စာပေနှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ကြားရေးအဖွဲ့ဥက္ကဋ္ဌ မွန်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဒေါက်တာမင်းကြည်ဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ မွန်စာပေသင်ကြားလျက်ရှိသည့် မူလတန်း/အလယ်တန်း/အထက်တန်းကျောင်းပေါင်း ၅၉ ကျောင်းတို့မှ မွန်ဘာသာသင်ဆရာ ဆရာမများ၊ နွေရာသီမွန်စာပေနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ကြားရေးအဖွဲ့မှ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဆရာတော် ဥူးဝါရိန္ဒ၊ ဆရာတော် ဥူးသြဘာသ၊ ပြည်နယ်ဝန်ကြီးဒေါက်တာမင်းကြည်ဝင်းနှင့် မြို့နယ်ပညာရေးမှူး ဦးတင်စိုးတို့က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ကြပြီး အဆိုပါသင်တန်းအား နှစ်ရက်ကြာ သင်ကြားပို့ချပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ဆယ့်ကိုးဇူလိုင်

(တျာချင်း)

❒ သည်ရက်ချိန်ခါ ရောက်ကာလာလျှင်
မြန်ပြည်အလုံး ကြိမ်မီးအုံးသို့သွင်
လွမ်းရိပ်ဝေဆင် ပူပင်လောင်ကျွမ်း
ဆယ့်ကိုးဇူလိုင် မမေ့နိုင်
ဖြိုင်ဖြိုင်မျက်ရည် သွန်းသည်နှင့်လေး။

❒ ရာကျော်နှစ်ပေါင်းကြာညောင်းခဲ့သည်
သူ့ကျွန်ဘဝ ရောက်ခဲ့ကြရပြီ
မျိုးချစ်စိတ်ညီ နောင်ညီမခွဲ
ရဲရဲတော်လှန် ဖွဲ့အားမာန်
ခါးလုံ့လက်နက်ဆွဲသည်နှင့်လေး။

❒ မြန်ပြည်လွတ်လမ်း ကြိုးပမ်းခဲ့တာ
ကြံစည်အားထုတ် ဗိုလ်ချုပ်အောင်ဆန်းပါ
တိုင်းကားပြည်ရွာ နေရာအနှံ့
စည်းရုံးရေးဆင် ပြည့်အားအင်
ခရီးနှင်ခြေဆန့်သည်နှင့်လေး။

❒ ရပ်ရှစ်ခွင်တိုင်း အံ့ဆိုင်းမှိုင်းရီ
ကံကြမ္မာရိုင်း မှန်တိုင်းတိုက်လေပြီ
ကိုးဦးဇာနည် မြန်ပြည်ချစ်ပန်း
သက်ဇီဝိန်ခြွေ ယမ်းငွေ့ဝေ
သွေးမြေခကာ လွှမ်းသည်နှင့်လေး။

❒ ရတက်ဆိုးပူလိုင် ယနေ့တိုင် ကမ္ဘာတည်
ဘယ်မဆုံးပြီ
ဆယ့်ကိုးဇူလိုင် မမေ့နိုင်
စာပန်းချီ ခြယ်မှုန်းသီ။

မောင်လွမ်းရည်(ရွှေတောင်)

စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက် အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်၊ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် ပင်လုံစော်ဘွားများနှင့် ထမင်းစားပွဲ၌ မိန့်မှာချက်မှ ကောက်နုတ်ချက်)

တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၈/၂၀၁၉
၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးအောင်ကြည် ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၉/၂၀၁၉
၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်လှမြင့် ကို မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၀/၂၀၁၉
၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးထွန်းမင်းအောင် ကို မွန်ပြည်နယ်အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener ဦးဆောင်သောအဖွဲ့နှင့် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် အထူးကိုယ်စားလှယ်၏ ရခိုင်ပြည်နယ် ခရီးစဉ်မှ တွေ့ရှိချက်များနှင့်အမြင်များ၊ IDP စခန်းများ ပိတ်သိမ်းရေး၊ အမျိုးသားအဆင့်မဟာဗျူဟာ ရေးဆွဲနေမှု နောက်ဆုံးအခြေအနေနှင့် မကြာမီအတည်ပြုပြီးနောက် ဒေသအလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်သွားမည့်အခြေအနေ၊ ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအတွက် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ကချင်ဒေသ စစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ (KHCC)တို့ ညှိနှိုင်းဆွေးနွေးနေမှုအခြေအနေ၊ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique)အား အကောင်အထည် ဖော်ဆောင်ရွက်မှု အခြေအနေ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေရေးဆွဲနေမှုအခြေအနေနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ မကြာမီပြဋ္ဌာန်းနိုင်တော့မည့် အခြေအနေ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့် အာဆီယံနိုင်ငံများမှ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေ၊ အသိုက်အဝန်းနှစ်ခုအကြား ယုံကြည်မှု တည်ဆောက်ရေးနှင့် လူမှုသဟဇာတမျှတရေးဆိုင်ရာ ကိစ္စရပ်များတွင် ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ရုံးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်ကိစ္စ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ လာမည့် (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ကာလအတွင်း မြန်မာနိုင်ငံကိစ္စ အစီရင်ခံစာများ တင်သွင်းဆွေးနွေးမည့်ကိစ္စ၊ နေပြည်တော်၌ ဖွင့်လှစ်ထားသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ အဆင်သင့်ရှိနေမှု၊ ယင်းကိစ္စနှင့် ပတ်သက်၍ ပြင်ဆင်ထားမှုအခြေအနေများ ရှင်းလင်းပြောကြားရန် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်မည့်ကိစ္စနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံသို့ လာရောက်၍ ဆွေးနွေးရန် ဖိတ်ကြားထားသည့်ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ ဝန်ထမ်းများ တက်ရောက်ကြည်ညိုကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နေပြည်တော် ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာစံပရိယတ္တိစာသင်တိုက် ဆရာတော်ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရ ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားတွင် ဆရာတော်ထံမှ တက်ရောက်လာသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်တို့က သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ထံမှ အနုမောဒနာ တရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နေပြည်တော် ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာစံပရိယတ္တိစာသင်တိုက် ဆရာတော်ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရထံမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ ဝန်ထမ်းများက ပရိတ်တရားတော်များ နာယူကြည်ညိုကြစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းချုပ် (YMBA) က မဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် ပေးအပ်ချီးမြှင့်ခြင်းနှင့် ဂုဏ်ထူးဆောင်နာယကခန့်အပ်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ် (YMBA)က မဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ခြင်းနှင့် ဂုဏ်ထူးဆောင် နာယကခန့်အပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး(ရန်ကုန်ရုံးခွဲ) ဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ YMBA အသင်းချုပ်ဥက္ကဋ္ဌ မင်္ဂလဓမ္မဇောတိကဓဇ ဦးရဲထွန်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား YMBA အသင်းချုပ်က မဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ခြင်းနှင့် ဂုဏ်ထူးဆောင်နာယက ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် YMBA အသင်းချုပ်ဥက္ကဋ္ဌ မင်္ဂလဓမ္မဇောတိကဓဇ ဦးရဲထွန်းနှင့် စီမံရေးရာတာဝန်ခံ ဦးစိန်သန်းတို့က ပြည်ထောင်စုဝန်ကြီးအား မဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်နှင့် အသင်းချုပ် ဂုဏ်ထူးဆောင်နာယကခန့်အပ်ခြင်းဆိုင်ရာ ဘွဲ့လက်မှတ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ YMBA နာယကကြီးများအဖွဲ့မှ အဘိဓမ္မာဆရာကြီး ဦးမြင့်စိုးက ပြည်ထောင်စုဝန်ကြီးအား YMBA အသင်းချုပ်၏ ဂုဏ်ထူးဆောင်နာယကအဖြစ် ခန့်အပ်လွှာနှင့် အဆောင်အယောင်များကိုပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အသင်းချုပ် ဂုဏ်ထူးဆောင်နာယက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက YMBA အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲထွန်းအား မဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကျေးဇူးတင်စကားနှင့် သာသနာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

သတင်းစဉ်

ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၅

ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး (ရန်ကုန်ရုံးခွဲ) ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းရီမိသားစု (Super One Holdings Co.,Ltd)က ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀၀၊ ဦးဟန်ဇော်ထွန်း - ဒေါ်ယုယုဝင်း မိသားစု (Astro World Co.,Ltd) က ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထား ကိုးကွယ်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀၊ နယ်စပ်နှင့် တောင်တန်း သာသနာပြုရဟန်းတော်များ သာသနာပြုကိစ္စများ ဆောင်ရွက်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

သတင်းစဉ်

သုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းရီမိသားစုက ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို လက်ခံယူစဉ်။ သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဇူလိုင် ၁၅

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။

မိုး/ဇလ

သွားဘက်ဆိုင်ရာ ဆေးပညာပဟေဠိပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

ကျောင်းသား ကျောင်းသူများ အသိအမြင် ဗဟုသုတကြွယ်ဝစေရေးနှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်သည့် အလေ့အထများ ထွန်းကားစေရန်ရည်ရွယ်လျက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်နှင့် Colgate Palmolive Co., Ltd တို့ ပူးပေါင်း၍ ပထမအကြိမ် သွားဘက်ဆိုင်ရာ ဆေးပညာပဟေဠိပြိုင်ပွဲ (Smile Dental Quiz) ကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါ တက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပရာ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အဖွဲ့များအား ပါမောက္ခချုပ်နှင့် ဌာနမှူးများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❒ *ကျောဖုံးမှ*

အချိန်မီ ဆွေးနွေးအတည်ပြုပေးရန် လိုအပ်သလို မှျတမှန်ကန်စွာ စိစစ်ရန်လည်း လိုအပ်ပါကြောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် သတ်မှတ်ရက်အမီ အစီရင်ခံစာ တင်သွင်းနိုင်ရေး အလေးထားဆောင်ရွက်ပေးကြရန် ဖြစ်ပါကြောင်း။

ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုခြင်းအပါအဝင် အခြားလွှတ်တော်ဆိုင်ရာ လုပ်ငန်းများလည်း ဦးစားပေးအလိုက် ဆောင်ရွက်ကြရမည်

ထို့ပြင် ဆောင်ရွက်ဆဲဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်များကိုလည်း ဆက်လက်လုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ လွှတ်တော်အသီးသီးတွင်ရှိနေသည့် ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုခြင်းအပါအဝင် အခြားလွှတ်တော်ဆိုင်ရာလုပ်ငန်းများလည်း ဦးစားပေးအလိုက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် လုပ်ငန်းဆောင်ရွက်ခွင့် ရရှိထားသည့် မြို့နယ်ပေါင်း ၃၂၅ မြို့နယ်အနက် ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်အထိ လုပ်ငန်းပြောင်းလဲ ဆောင်ရွက်ခွင့်ပြုရန် တင်ပြလာသည့် မြို့နယ် ၁၁၄ မြို့နယ်အတွက် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့အထိ ၁၅ မြို့နယ်သည် လုပ်ငန်းများအားလုံးပြီးစီးကြောင်း အစီရင်ခံစာများ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့်မြို့နယ်များအနေဖြင့်လည်း ခွင့်ပြုဘဏ္ဍာနှစ်အတွင်း စနစ်တကျနှင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြစေလိုပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းများဆောင်ရွက်နိုင်ခြင်းမရှိပါကလည်း ပိုလျှံရန်ပုံငွေများကို သက်ဆိုင်ရာဌာနသို့ အချိန်မီပြန်လည်အပ်နှံကြရန် မှာကြားလိုပါကြောင်း။

အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများတွင် ပါဝင်စွက်ဖက်သည့် လုပ်ဆောင်မှုမျိုးမဖြစ်စေရန် လိုအပ်

ယခုတစ်ကြိမ်ကျင်းပသည့် ပုံမှန်အစည်းအဝေးကာလ ၁၀ ပတ်ခန့် ကြာမြင့်မည်ဖြစ်သကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များအနေနှင့်လည်း ပိုမိုများပြားသည့်

ဒေါက်တာမြတ်ညဏစိုး။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း။

လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် အချိန်ကိုတန်ဖိုးထားပြီး အကျိုးရှိရှိအသုံးပြုစီမံဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရာသီဥတုနှင့် ပတ်ဝန်းကျင်အပြောင်းအလဲကာလတွင် ကိုယ်စားလှယ်များတစ်ဦးချင်း အနေဖြင့် ကျန်းမာရေးကို အထူးဂရုပြုနေထိုင်သွားကြရန် ပြောကြားလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများ အကျိုးစီးပွားအတွက် ဥပဒေပြုရေးကဏ္ဍတာဝန်များ ထမ်းဆောင်ကြရာတွင် အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများတွင် ပါဝင်စွက်ဖက်သည့် လုပ်ဆောင်မှုမျိုး မဖြစ်စေရန် လိုအပ်ပါကြောင်း။

မိမိတို့ တစ်ဦးချင်းစီက ဥပဒေပြုရေးကဏ္ဍ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ပိုင်းခြားနားလည်ပြီး အခြားကဏ္ဍများအပေါ် အပြန်အလှန်ထိန်းကျောင်းရင်း ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သွားရောက်ခဲ့သည့် ပြည်ပခရီးစဉ်များ၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပ ခရီးစဉ်များကို တင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးဘိုဘို ဝေမောင်(ခ)စောဘိုဘို၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးမိုးကျော်သူ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးဇွေ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးကျော်မင်း(ခ) ဦးဖိုးမင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါ်မိုးမိုးစုကြည်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးမြင့်အောင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး

ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်။

ဌာန ဝန်ကြီးအဖြစ် ဦးမင်းကိုခိုင်၊ ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးထွန်းထွန်းဦးတို့အား ခန့်အပ်တာဝန်ပေးအပ်ခြင်းတို့ကို လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဝင် ဒေါက်တာမြတ်ညဏစိုးက ကော်မတီ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက အစီရင်ခံစာပါ အကြောင်းအရာ၊ နောက်ဆက်တွဲဇယားပါ အကြံပြုချက်များနှင့် သက်ဆိုင်သည့် သုံးသပ်အကြံပြုချက်ကို ဆွေးနွေးသည့်အခါ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သုံးသပ်ချက်အပေါ်သတိမူ၍ ဆွေးနွေးကြရန်နှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်ပြရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ကုန်တွင်ရှိမည့် ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ငွေကျပ် ၁၁၉၀၂၃ ဒသမ ၄ ဘီလီယံခန့်မှန်းထားရှိပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် တင်သွင်း

နှစ်အလိုက်တန်ဖိုးအရ တစ်ဦးကျထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ငွေကျပ် ၂၁၈၀၇၅၅ ရရှိရန် မျှော်မှန်းထားပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တစ်ဦးကျထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ငွေကျပ် ၁၉၄၉၇၃၀ ခန့်မှန်းခဲ့ပါ ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၇၂၉၃၁၇ ရရှိခဲ့ပါကြောင်း၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံပိုင်အခန်းကဏ္ဍက ငွေကျပ် ၁၀၁၅၄ ဒသမ ၉ ဘီလီယံ ၊ ပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံ တင်ပို့ရန်နှင့် သွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅ ဘီလီယံ တင်သွင်းရန်၊ စုစုပေါင်း ပြည်ပကုန်သွယ်မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံ ရရှိရန် ရည်မှန်းထားပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော အစီရင်ခံစာကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍တင်ပြရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၀၆ ဒသမ ၀၉၆ ထရီလီယံနှင့် ၇ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ရာ ပထမ ခြောက်လပတ်တွင် ကျပ် ၆၇ ဒသမ ၁၈၆ ထရီလီယံရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၃ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ပုံမှန်ဈေးနှုန်းအရ ၆ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး နှစ်ကုန်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၈ ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါကြောင်း။

ဂျီဒီပီတိုးတက်မှုနှုန်းကို ၇ ရာခိုင်နှုန်းကို ရရှိနိုင်မည်ဟု မျှော်မှန်းထား

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တစ်မျိုးသားလုံး၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၁၉ ဒသမ ၀၂၃ ထရီလီယံ ရရှိရန် ခန့်မှန်းထားပါကြောင်း၊ ဂျီဒီပီတိုးတက်မှုနှုန်းကို ၇ ရာခိုင်နှုန်းကို ရရှိနိုင်မည်ဟု မျှော်မှန်းထားပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ်ခွဲဝေချထားမှုကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများအနက် လျှပ်စစ်နှင့်စွမ်းအင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ လမ်း၊ တံတားကဏ္ဍများ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဦးစားပေးလျာထားခဲ့ပါကြောင်း၊ ၂၀၁၉-၂၀၂၀ အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် ယခင်နှစ်များကဲ့သို့ နှစ်လတ်ဘဏ္ဍာရေးမူဘောင်ကို အခြေခံ၍ ရေးဆွဲထားပါကြောင်း။

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုဘဏ္ဍာငွေစာရင်း အခြားစာရင်းရှင် Union Fund Account-Other Account (UFA-OA) နှင့် Union Fund Account-SEE Account(UFA-SEE) ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုခဲ့သော အဖွဲ့အစည်း ၂၀ ၏ ငွေကြေးစီမံခန့်ခွဲမှု အစီအစဉ်အားလုံးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (UFA-SEE) Account တစ်ခုတည်းဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရန် Action Plan များချမှတ်ထားပြီး အစိုးရပိုင်အဖြစ် ဆက်လက်ထားရှိခြင်း၊ ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲခြင်း၊ အများပိုင်အဖြစ် ပြောင်းလဲခြင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံပြောင်းလဲခြင်း စသည့်ဆောင်ရွက်မှုများကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပေးပို့တင်ပြထားသည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယနေ့ လွှတ်တော်သို့တင်သွင်းခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့တွင်ပါရှိသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအလိုက် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများကို စိစစ်နိုင်ရန်အတွက် စိစစ်ရေး ပူးပေါင်းအဖွဲ့ ၂၀ ကို ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း၊ စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် အဖွဲ့လိုက်စိစစ်သည့်အခါတွင် အထောက်အကူပြုစေရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအလိုက် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများ ရှင်းလင်းတင်ပြခြင်းအစီအစဉ်ကို ဇူလိုင် ၁၇ ရက်နှင့် ၂၂ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဥပဒေနှင့်အညီ လွှတ်တော်သို့တင်သွင်းနိုင်ရေး ဆောင်ရွက်ရန် ကြိုတင် အသိပေးအပ်

ထို့ပြင် အဖွဲ့လိုက်စိစစ်တွေ့ရှိမှုကို သတ်မှတ်ရက်အမီ ပေးပို့နိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဆက်လက်ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့က တင်ပြပါအမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့အတွက် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေနှင့်အညီ လွှတ်တော်သို့တင်သွင်းနိုင်ရေး ဆောင်ရွက်ရန် ကြိုတင်အသိပေးအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသော မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော အစီရင်ခံစာကိုလည်းကောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသော ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

အထက်ပါ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များနှင့်တိုက်ရိုက်သက်ဆိုင်သည့် ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

သတင်းစဉ်

ယူမှရမယ့် သင်ခန်းစာ

သိုက်စိုးထွန်း(နတ်ရွာ)

လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀ ကျော် အတိတ်ဆီက သွေးမြေကျဖြစ်ရပ်ဆိုးကြီးကို ဒီကနေ့ဒီအချိန်အထိ မမေ့နိုင်ကြသေးပါဘူး။ ပြန်စဉ်းစားလိုက်တိုင်း သွေးပျက်ထိတ်လန့်စရာ အတွေးတွေချည်း မြင်ယောင်မိကြတယ်။ ထိတ်လန့်စရာ၊ အံ့သြစရာ၊ တုန်လှုပ်ချောက်ချားစရာ ဒီအဖြစ်ဆိုးကြီးဟာ တိုင်းပြည်ရဲ့အမည်းစက်ကြီးအဖြစ် သမိုင်းမှာ ဖျောက်ဖျက်လို့မရနိုင်လောက်အောင်၊ မေ့ပျောက်လို့ မရနိုင်လောက်အောင် စွန်းထင်းပေကျံနေဆဲပဲဖြစ်ပါတယ်။

အခြေအနေအချိန်အခါကို ပြန်ကြည့်လိုက်တော့ တိုင်းပြည်လွတ်လပ်ရေးရဖို့ အင်တိုက်အားတိုက် ကြိုးစားနေကြတဲ့အချိန်၊ လွတ်လပ်ရေးကြီးရလုဆဲဆဲအချိန်၊ ဒီလိုအချိန်မျိုးမှာမှ အမျိုးသားခေါင်းဆောင်ကြီးတွေကို လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ကြရတယ်။ တိုင်းပြည်အတွက် အစားထိုးမရတဲ့ နစ်နာဆုံးရှုံးမှုကြီး ဖြစ်သွားခဲ့ရတယ်။ လွတ်လပ်ရေး ရောင်ခြည်သန်းလာလို့ ပျော်ရွှင်ကြည်နူးကြရမယ့်အစား ကြေကွဲဝမ်းနည်းမှုတွေနဲ့သာ စခန်းသွားခဲ့ကြရတယ်။

တိုင်းပြည်အတွက် ကြီးမားသော ထိခိုက်နစ်နာမှု

တကယ်ဆို ဒီခေါင်းဆောင်ကြီးတွေသာ ဆက်ရှိနေခဲ့ကြရင် လွတ်လပ်ရေးရပြီးတာနဲ့ တိုင်းသစ်ပြည်သစ် တည်ဆောက်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်ကောင်းကောင်းနဲ့ ဆက်ပြီးဆောင်ရွက်နိုင်ကြမှာပါ။ လွတ်လပ်ရေးခရီးအတွက် ဇာတ်ပေါင်းခန်း ရောက်ခါနီးချိန်ဖြစ်ပေမယ့် တိုင်းပြည်ထူထောင်ရေးအတွက်ကတော့ ဇာတ်ပန္နက်ရိုက်ချိန်မှာပဲ ရှိနေသေးတဲ့အချိန်ပါ။ ဒီအချိန်မှာ ဒီအဖြစ်နဲ့ကြုံလိုက်ရတာက ဒီတိုင်းပြည်အတွက် ထိခိုက်နစ်နာမှု အကြီးကြီးဖြစ်ခဲ့ရပါတယ်။ သဲကြီးမဲကြီး ပြေးလာရသူတစ်ယောက် ပန်းဝင်ခါနီးမှ ခလုတ်တိုက်လဲရတဲ့ အဖြစ်ထက် အများကြီးပိုနစ်နာခဲ့ရတယ်။

ဒီအဖြစ်ဆိုးကြီးကနေတစ်ဆင့် လူ့စိတ်လူ့သဘာဝတွေအကြောင်းကိုလည်း တွေးတောဆင်ခြင်ဖွယ်ရာ ဖြစ်လာခဲ့တယ်။ လုပ်ကြံမှုကြီးကို စီစဉ်ညွှန်ကြားတဲ့သူက လက်နက်ကိုင်သောင်းကျန်းသူလည်းမဟုတ်၊ အစိုးရကို တော်လှန်ပုန်ကန်နေတဲ့သူလည်း မဟုတ်ဘူး။ လွတ်လပ်ရေးမရမီကာလ တိုင်းပြည်ကို ဦးဆောင်ဦးရွက်ပြုခဲ့ကြသူတွေထဲမှာ အဓိကနေရာက တာဝန်ထမ်းဆောင်ခဲ့တဲ့ နန်းရင်းဝန်ကြီး။ ဒီလိုပုဂ္ဂိုလ်ကြီးမျိုးက လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ အမျိုးသားခေါင်းဆောင်ကြီးတွေအပေါ် ဘာကြောင့်များ ဒီလောက်ရက်စက်ကြမ်းကြုတ်တဲ့ အမှုကြီး ကျူးလွန်လိုက်မိတာပါလိမ့်။ သူဘာ့ကြောင့် ဒီလိုကျူးလွန်ရသလဲဆိုတာကို သူကိုယ်တိုင်မှသာ အတိအကျသိနိုင်မှာပါ။ ပြစ်ဒဏ်မခံယူမီ အကျဉ်းစံဘဝနဲ့ သူ့သမီးဆီရေးတဲ့စာမှာတော့ ဒေါသ၊ အာဃာတတွေကြောင့် ဒီလိုကျူးလွန်ခဲ့မိတဲ့အတွက် သူမှားခဲ့ကြောင်း ဝန်ခံတာတွေပါတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အရာရာဟာနှောင်းခဲ့ပြီလေ။ တစ်ကပြန်စဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ သူ့ဆုံးဖြတ်ချက်တစ်ခုရဲ့နောက်ကွယ်မှာ တိုင်းပြည်ဟာ အထိနာခဲ့ရတယ်။

တစ်နည်းတစ်ဖုံ ဝေဖန်သုံးသပ်ကြည့်မယ်ဆိုရင်တော့ ဒီလိုအမှုမျိုးကြီးကို ကျူးလွန်လိုက်မိတာ ဣဿာစိတ်တွေ များသွားခဲ့လို့ လို့လည်း ပြောနိုင်မယ်ထင်ပါတယ်။ ခေါင်းဆောင်ကြီးတွေရဲ့ ဆောင်ရွက်ချက်အရ တိုင်းပြည်က လွတ်လပ်ရေးရတော့မယ်။ တိုင်းသူပြည်သားတွေကလည်း ဗိုလ်ချုပ်ကို အလွန်ကြည်ညိုလေးစားနေကြတဲ့အချိန်ဆိုတော့ အလိုလိုနေရင်း ကျွဲမြီးတိုသွားခဲ့မယ်လို့ ထင်ပါတယ်။ ဒီစိတ်ကလေး တဖြည်းဖြည်းကြီးထွားလာရင်း လူ့အသက်ကိုပါ နုတ်ယူပစ်လိုက်ဖို့အထိ ဆုံးဖြတ်လိုက်မိတယ်လို့ ထင်ပါတယ်။

ဣဿာစိတ်များ သိပ်ကိုကြောက်စရာကောင်းပါတယ်။ စွန်းလွန်းဂူဆရာတော်ကြီးရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် အရတော့ "ကိုယ့်အိတ်ထက် သူ့အိတ်ကသာတော့ ဣဿာ"တဲ့။ တစ်ယောက်ယောက်က တစ်နေရာရာမှာ ကိုယ့်ထက်သာသွားပြီဆိုရင် မနာလိုစိတ်တွေ ဖြစ်ကုန်တော့တာပါပဲ။ အထူးသဖြင့် ကိုယ့်ထက်သာသွားတဲ့သူက ဟိုအရင်တုန်းက သူလိုကိုယ်လိုလူတစ်ယောက်ဘဝကနေ မြင့်တက်သွားတာဆိုရင် ပိုပြီးတော့တောင်မှ မနာလိုစိတ် ဖြစ်တတ်ပါသေးတယ်။

မနာလိုဝန်တိုစိတ်ဆိုတာ လုပ်ငန်းနယ်ပယ်မတူတဲ့သူအချင်းချင်းမှာ သိပ်ပြီးဖြစ်ပေါ်လေ့ မရှိပါဘူး။ လုပ်ငန်းတူ၊ နယ်ပယ်တူအချင်းချင်းမှာ ကျင်လည်ဖြတ်သန်းကြတဲ့သူအချင်းချင်း ဖြူစင်သန့်ရှင်းတဲ့မေတ္တာစိတ် မထားနိုင်ကြရင် ဣဿာစိတ်တွေ ဝင်လာတတ်ပါတယ်။ ဒီစိတ်ဟာ ဝင်လာရင် ဝင်လာတယ်လို့ ချက်ချင်းသိလိုက်မှ အဆင်ပြေတာပါ။ မနာလိုဝန်တိုစိတ်ဝင်နေတာကို ဝင်မှန်းမသိဘဲ မွေးမြူထားလိုက်မိရင် တဖြည်းဖြည်းကြီးထွားလာပြီး ဟိုတစ်ဖက်ရဲ့ အကျိုးပျက်စီးရာ ပျက်စီးကြောင်းကို ကြံမိလျက်သား ဖြစ်သွားတတ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း
သခင်မြ
ဒီးဒုတ်ဦးဘချို
ဦးရာဇတ်
မန်းဘခိုင်
စဝ်စံထွန်း
ဦးဘဝင်း
ဦးအုန်းမောင်
ရဲဘော်ကိုထွေး

တစ်တိုင်းတစ်ပြည်လုံး မမေ့နိုင်ဖြစ်ကြရတဲ့ ၁၉ ဇူလိုင်ဖြစ်စဉ်ကြီးဟာ မနာလိုစိတ်အပေါ်မှာ အခြေခံပြီးဖြစ်ပွားခဲ့ရတာလို့ ပြောရင်မှန်လိမ့်မယ်ထင်ပါတယ်။ ဖြစ်ပြီးခဲ့တာကတော့ ဘာမှမတတ်နိုင်တော့ပါဘူး။ ပြန်ပြင်လို့လည်း မရတော့ဘူး။ တစ်ကနေပြန်စဖို့လည်း မဖြစ်နိုင်တော့ဘူး။ ကြေကွဲဝမ်းနည်းခြင်းကလွဲပြီး ဘာမှမတတ်နိုင်တော့ဘူးလို့ ထင်စရာပါပဲ။ ဒါပေမယ့် ကိုယ်တတ်နိုင်တာ တစ်ခုတလေများ ရှိလေဦးမလားလို့ စဉ်းစားစရာတော့ ရှိလာပါတယ်။

နိုင်ငံ့ခေါင်းဆောင်ကြီးတွေ သွေးမြေကျခဲ့ရတဲ့ အာဇာနည်နေ့ရောက်တိုင်းမှာ နိုင်ငံသားတိုင်း ဆောင်ရွက်နိုင်တဲ့အချက်၊ ဆောင်ရွက်သင့်တဲ့အချက် သုံးချက်လောက်တော့ ရှိလိမ့်မယ်လို့ ယေဘုယျအားဖြင့် မှတ်ယူနိုင်ပါတယ်။

ပထမသင်ခန်းစာ

ပထမတစ်ချက်က အာဇာနည်ကြီးတွေရဲ့ဂုဏ်ကျေးဇူးကို အောက်မေ့ဆင်ခြင်ဖို့ပါ။ အာဇာနည်ခေါင်းဆောင်ကြီးတွေဟာ မကျဆုံးမီ ဘဝသက်တမ်းတစ်လျှောက် တိုင်းရေးပြည်ရာတာဝန်တွေကို ဘယ်လောက်အထိ ထမ်းဆောင်ခဲ့ကြတယ်ဆိုတာတွေ၊ အချုပ်အခြာအာဏာဆုံးရှုံးနေတဲ့ တိုင်းပြည်တစ်ခုကို လွတ်လပ်တဲ့တိုင်းပြည် တစ်ပြည်ဖြစ်လာအောင် ကြိုးပမ်းခဲ့ကြတာတွေ၊ အနစ်နာခံပြီး စွန့်လွှတ်စွန့်စားခဲ့ကြပေမယ့် ကိုယ်ကျိုးစီးပွားအတွက် ငဲ့ကွက်ဆောင်ရွက်မှုမရှိခဲ့ပုံတွေ၊ တိုင်းပြည်ရဲ့အနာဂတ်အတွက် လမ်းစဉ်မူဘောင်တွေ ချမှတ်ခဲ့ကြပုံတွေ စသည်အားဖြင့် လွတ်လပ်ရေးတိုက်ပွဲဝင်ကာလအတွင်းမှာ အမျိုးသားခေါင်းဆောင်ကြီးများရဲ့ ပြုမူလှုပ်ရှားဆောင်ရွက်ခဲ့သမျှတွေ၊ ပြောခဲ့ဆိုခဲ့ လမ်းညွှန်ခဲ့တဲ့ အချက်တွေကို ပြန်ပြောင်းအောက်မေ့ဆင်ခြင်သင့်ပါတယ်။

အာဇာနည်ကြီးတွေရဲ့ ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းအောက်မေ့ခြင်းအားဖြင့် ဒီခေါင်းဆောင်ကြီးတွေဟာ ကိုယ့်တိုင်းပြည်အတွက် ထာဝရအလေးအမြတ်ပြု ဦးထိပ်ပန်ဆင်အပ်တဲ့ ပုဂ္ဂိုလ်ကြီးတွေပါလားဆိုတဲ့ အချက်ကိုလည်း ကောင်းကောင်း သဘောပေါက်နားလည်သင့်ပါတယ်။ လူတစ်ယောက်ရဲ့သက်တမ်းကာလအားဖြင့် တွက်ကြည့်မယ်ဆိုရင်လည်း ဘဝသက်တမ်းကုန်ဆုံးဖို့ အဝေးကြီးလိုသေးတဲ့အချိန်၊ တိုင်းပြည်ရဲ့အခြေအနေနဲ့ ချိန်ထိုးကြည့်မယ်ဆိုရင်လည်း တကယ့်မိုးထဲရေထဲရောက်နေတဲ့အချိန်၊ ဒီလိုအချိန်မျိုးမှာမှ ဒီအဖြစ်မျိုးကြီး ကြုံလိုက်ရပါလားဆိုတဲ့ အချက်ကိုလည်း ပြန်ပြောင်းအောက်မေ့ပြီးတော့ ဒီအဖြစ်ဆိုးမျိုးဟာ တိုင်းပြည်အတွက် ဘယ်သောအခါမှ မရှိသင့် မရှိအပ်တော့ပါလားဆိုတဲ့ အချက်ကိုလည်း သတိဝင်သင့်ပါတယ်။

ဒုတိယသင်ခန်းစာ

ဒုတိယတစ်ချက်က ဒီဖြစ်ရပ်ဆိုးကြီးကနေ သင်ခန်းစာဖော်ထုတ်ကြဖို့ပါ။ ဘာ့ကြောင့် ဒီအဖြစ်အပျက်ကြီး ပေါ်ပေါက်ခဲ့ရတာလဲ။ ကျူးလွန်သူတွေဘက်က ဘယ်လိုအချက်အလက်တွေကြောင့် ဒီလောက်အထိ ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆောင်ရွက်ခဲ့ကြတာလဲ။ ဘယ်လိုရန်ငြိုးရန်စမျိုးကို အခြေခံပြီး ဖြစ်ပေါ်ခဲ့ရတာလဲ။ ကျူးလွန်ခြင်းခံကြရတဲ့ ခေါင်းဆောင်ကြီးတွေဘက်မှာရော လုံခြုံရေးပိုင်းဆိုင်ရာမှာ ဘယ်အချက်တွေ အားနည်းသွားလို့ အခုလို ဖြစ်ခဲ့တာလဲ စသည်စသည်အားဖြင့် မေးခွန်းပေါင်းများစွာ ဖော်ထုတ်ပြီး ဒီမေးခွန်းတွေနဲ့ ပတ်သက်တဲ့ အဖြေတွေကိုလည်း ခြေခြေမြစ်မြစ် ရှာဖွေသင့်ပါတယ်။

လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှမြည်တာဆိုတဲ့စကားကို ပြဿနာတွေဖြစ်တိုင်း ထုတ်သုံးလေ့ရှိကြပါတယ်။ သဘောကတော့ တစ်ဖက်တည်းရဲ့ အမှားကြောင့် ဖြစ်တဲ့ပြဿနာမျိုးဆိုတာ အလွန်ရှားတယ်လို့ဆိုလိုတဲ့သဘော။ ချိတ်ချိတ်ချင်းမှ ချိတ်တာပါလို့လည်း ဆိုကြပြန်ပါသေးတယ်။ ဒီစကားကလည်း နှစ်ဖက်လုံးဆိုးမှ ပြဿနာဖြစ်တာ ဆိုတဲ့သဘောဘက်ကို ရောက်သွားပါတယ်။ ဒါပေမယ့် ဒီဖြစ်စဉ်ကြီးမှာတော့ အကျူးလွန်ခံရတဲ့ ခေါင်းဆောင်ကြီးတွေခမျာ ဘယ်လိုရန်ငြိုး ရန်စမှ မမွေးခဲ့ရပါဘဲနဲ့ အလစ်အငိုက်ကို တိုက်ခိုက်ချေမှုန်းခြင်း ခံလိုက်ကြရတာပါ။ နှစ်ဦးနှစ်ဖက်အချင်းများရာကတစ်ဆင့် ရန်မီးပွားပြီး ဖြစ်ခဲ့ရတဲ့ပြဿနာမျိုးလည်းမဟုတ်။ ကိုယ်ကြုံလိုက်ရတဲ့ ချောင်းမြောင်းပစ်ခတ်မှုတစ်ခုအပေါ်မှာ ဒီကိစ္စဟာတော့ဖြင့် ဟိုလူလုပ်တာနေမှာပဲ၊ ဒီလူခိုင်းလို့ လုပ်တာဖြစ်မှာပဲဆိုတဲ့ အတွေးမျိုးနဲ့ သံသယစိတ်တွေပွားပြီး ဒီသံသယက တဖြည်းဖြည်းကြီးထွားလာ၊ ကြီးထွားလာရာကတစ်ဆင့် အာဃာတအငြိုးအတေးအဖြစ် ပုံစံတွေပြောင်း၊ ကာလကြာညောင်းလာတော့ ဒီအစိုင်အခဲကို ရင်ထဲမှာ မျိုသိပ်မထားနိုင်တော့ဘဲနဲ့ အကြမ်းနည်းနဲ့ဖြေရှင်းလိုက်တဲ့အတွက် ဒီအဖြစ်မျိုးကြီး ဖြစ်ခဲ့ရတာလို့ ဆိုချင်ဆိုနိုင်ပါလိမ့်မယ်။ သံသယရဲ့ အကျိုးဆက်တွေဟာ ဘယ်လောက်အထိ ကြောက်စရာကောင်းသလဲ ဆိုတာကိုလည်း သတိပြုဆင်ခြင်စရာကောင်းပါတယ်။

တစ်ဖက်တည်း တီးလိုက်တဲ့ လက်ခုပ်သံဟာ ကျယ်ကျယ်လောင်လောင်မြည်သွားခဲ့တယ်။ တစ်ချိတ်တည်း ချိတ်ယူလိုက်တဲ့ ချိတ်ဟာ အမြစ်ကကျွတ်သွားအောင် ဆွဲယူမွှေနှောက်သွားနိုင်ခဲ့တယ်။ တစ်ဖက်တည်းက မွှေးထားလိုက်တဲ့ ရန်မီးလေးဟာ အပြန်အလှန်သဘောမရှိရပါဘဲနဲ့ တဟုန်းဟုန်းတောက်လောင်ခဲ့ရတယ်။ ကောင်းရာ ကောင်းကျိုးဆောင်ရွက်နေတာပဲလေ၊ ဘယ်သူကမှအမုန်းပွား၊ ရန်ငြိုးထားမှာ မဟုတ်လောက်ပါဘူးဆိုတဲ့ အတွေးဟာလည်း သိပ်ကိုလွဲချော်သွားခဲ့တယ်။ လုံခြုံရေးပိုင်းဆိုင်ရာ လစ်ကွက် ဟာကွက်ကလေး တစ်ကွက် ပေါ်လိုက်တာနဲ့ တစ်ပြိုင်နက် တစ်ဖက်က ထိုးနှက်လိုက်တဲ့ ကန်ချက်ဟာ အရှိုက်ကိုတည့်တည့်ကြီး ထိသွားခဲ့တယ်။

သင်ခန်းစာဆိုတာကလည်း ယူမှဖြစ်မှာပါ။ ရာဇဝင်ဘီးက တစ်ပတ်ပြန်လည်တယ်ဆိုတဲ့ အဆိုတစ်ခု ရှိပါတယ်။ ဒီလိုဘီးမျိုးတော့ နောက်ထပ်တစ်ခါမှ မလည်ပါရစေတော့နဲ့။ ဖြစ်ပြီးခဲ့တာတွေအတွက် ဘယ်လိုသင်ခန်းစာတွေ ဖော်ထုတ်သုံးသပ်ကြမလဲဆိုတဲ့ အချက်ကို ဒီလိုအချိန်မျိုးမှာ အလေးအနက်ထားပြီး ဆောင်ရွက်သင့်ပါတယ်။

သတိပြုဆင်ခြင်ရင်း သင်ခန်းစာများဖော်ထုတ်

အခြေအမြစ်မရှိတဲ့ အကြောင်းအရာအချက်အလက်တွေပေါ်မှာ အခြေတည်ဖြစ်ပေါ်လာတဲ့ သံသယစိတ်လေးတွေဟာ အမုန်းတရားအဖြစ် ပြောင်းလဲသွားတတ်ပုံတွေ၊ အာဃာတမီးတောက်ကြီးတွေအဖြစ် ပြောင်းလဲပြီး တငွေ့ငွေ့လှိုက်အူလောင်ကျွမ်းသွားတတ်ပုံတွေ၊ ယထာဘူတကျကျ မသုံးသပ်နိုင်ဘဲ ကိုယ့်တစ်ဖက်တည်းရဲ့ အမြင်နဲ့ စိတ်ရိုင်းဝင်သမျှ ကျူးလွန်လိုက်ကြတဲ့ အဖြစ်မျိုးတွေဟာ ကိုယ့်အတွက်ရော၊ သူတစ်ပါးအတွက်ပါ အထိနာတဲ့ ဆိုးကျိုးတွေဖြစ်ပေါ်လာနိုင်ပုံတွေ၊ လက်နက်အားကိုးပြီး အကြမ်းဖက်တဲ့နည်းနဲ့ ဖြေရှင်းလိုက်တဲ့ဖြေရှင်းချက်ဟာ ဘယ်ဘက်ကမှ ကောင်းကျိုးမပေးတဲ့ ရလဒ်တွေကိုသာ ရနိုင်ပုံတွေ၊ ကိုယ့်အသက်ကိုယ်တောင် အန္တရာယ်ပြုနိုင်လောက်တဲ့ လုပ်ရပ်ဆိုးမျိုးဟာ တစ်ခါတစ်ခါကျတော့ တကယ့်ရန်သူအစစ်တွေဆီက မလာဘဲ ကိုယ့်အနီးအနားမှာ မိတ်ဆွေဟန်ဆောင်ထားသူတွေဆီက မမျှော်လင့်ဘဲ ရောက်လာတတ်ပုံတွေ စသည်အားဖြင့် ဒီလိုအချက်တွေကိုလည်း လေးနက်စွာဆင်ခြင်သုံးသပ်ပြီး အနာဂတ်အတွက် ဘယ်လိုသင်ခန်းစာတွေ ဖော်ထုတ်ရယူနိုင်မလဲ ဆိုတာကို သေသေချာချာ ရှာဖွေဖော်ထုတ်ယူကြရမှာပါ။

ခေါင်းဆောင်ကြီးတွေ ကြုံခဲ့ကြတဲ့အဖြစ်လိုမျိုး နောင်ဘယ်တော့မှမဖြစ်ပွားအောင် အားလုံးက သတိကြီးကြီးထားပြီး ကာကွယ်ကြဖို့လိုမှာပါ။ ကိုယ်ဟာ အားလုံးအတွက် ကောင်းရာကောင်းကျိုး လုပ်ဆောင်နေတာပဲဆိုပြီးတော့ ကိုယ့်ကိုဘယ်သူမှတော့ အမုန်းပွားရန်ပြုကြမှာမဟုတ်ဘူး ဆိုတဲ့အတွေးနဲ့ စိတ်နှလုံးဒုန်းဒုန်းချမနေဖို့ အရေးကြီးတဲ့အချက်ကိုလည်း သွားတွေ့နိုင်ပါတယ်။ အန္တရာယ်က မထင်မှတ်တဲ့နေရာကနေ ရုတ်တရက် ဝင်ရောက်လာနိုင်တယ်ဆိုတာတွေ၊ မှန်တာတွေကိုဘယ်လောက်ပဲလုပ်လုပ်၊ ကောင်းတာတွေကို ဘယ်လောက်ပဲလုပ်လုပ်၊ အဲ့ဒီမှန်ခြင်း၊ ကောင်းခြင်းတွေရဲ့ အကျိုးဆက်ကို မခံယူလိုတဲ့ပုဂ္ဂိုလ်တွေ၊ ကောင်းတာလုပ်သူကို မလိုလားတတ်တဲ့ မကောင်းတဲ့သူတွေရှိနေတတ်ပုံတွေ၊ တစ်ဖက်တည်းတီးလည်း မြည်တတ်တဲ့လက်ခုပ်မျိုးရှိတတ်ပုံတွေ ဒါတွေကို ကောင်းကောင်းကြီးသတိပြုဆင်ခြင်ပြီး ရှေ့လျှောက်မယ့်ခရီးလမ်းအတွက် သင်ခန်းစာတွေဖော်ထုတ်သင့်ပါတယ်။

စာမျက်နှာ ၁၀ သို့

"သူတို့ကိုချစ်တယ်ဆိုရင် သူတို့စကားကိုနားထောင်ကြရမှာ ဖြစ်ပါတယ်။ သူတို့ကိုလေးစားတယ်ဆိုရင် သူတို့ချပေးခဲ့တဲ့ လမ်းစဉ်တွေအတိုင်း လျှောက်လှမ်းကြဖို့ လိုအပ်ပါတယ်။ သူတို့ ကို ရင်ထဲကသတိရနေတယ်ဆိုရင် သူတို့ဖြစ်စေချင်ခဲ့တဲ့ တိုင်းပြည်ရဲ့ ရုပ်လုံးကို ကိုယ်စွမ်းနိုင်ရာဘက်က ပိုင်းဝန်းဖန်တီးပုံဖော်ပေးကြရမှာ ဖြစ်ပါတယ်"

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရှေ့မှောက်၌ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးက ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ် ၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့စတင်ကျင်းပသည့် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းတွင် ဆွေးနွေးကြရမည့် ဥပဒေကြမ်း ၁၄ ခုရှိပါကြောင်း၊ အဆိုများအနေဖြင့် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းတွင် တင်သွင်းခဲ့ပြီး ဆွေးနွေးရန်ကျန်ရှိ အဆို သုံးခုနှင့် ယခုအသင့်ဖြစ်အဆို ၁၂ ခုရှိသည့်အတွက် ဆွေးနွေးရန်အဆို စုစုပေါင်း ၁၅ ခု ရှိပါကြောင်း၊ အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း ၁၀၉ ခု ရှိပါကြောင်း၊ ယခင်အကြိမ်များက ကျန်ရှိခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း ၂၂၀ ရှိသည့်အနက် မေးခွန်း ၁၁၅ ခုကို ယခုအစည်းအဝေးကာလအတွင်း ဆက်လက်ဆောင်ရွက်ရန် လျာထားပြီး မေးခွန်း ၁၀၅ ခုကို စာဖြင့် ဖြေကြားထားပြီး ဖြစ်ပါကြောင်း။

ပြည်သူလူထုတစ်ရပ်လုံး အကျိုးစီးပွားဖွံ့ဖြိုး တိုးတက်အောင် ကြံဆောင်နိုင်ကြသည့် လွှတ်တော် ကိုယ်စားလှယ်များဖြစ်စေရန် တိုက်တွန်း

လွှတ်တော်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးတာဝန် (Legislation) ပင်ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူများအတွက် ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးကြရမည် ဖြစ်ပါကြောင်း၊ ဒုတိယတာဝန်ဖြစ်သည့် စောင့်ကြည့်ထိန်းညှိခြင်း (Oversight) တာဝန်ကိုလည်း ဥပဒေ၊ နည်းဥပဒေများနှင့် အညီ စနစ်တကျဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်သည့် ပုံစံမျိုးမဖြစ်စေရန် အထူးသတိပြုကြရမည် ဖြစ်ပါကြောင်း၊ တတိယတာဝန်ဖြစ်သည့် ကိုယ်စားပြုခြင်း (Representation) တာဝန်ကိုလည်း ကျေပွန်စွာထမ်းဆောင်နိုင်ကြပြီး သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက်သာမက ပြည်သူလူထုတစ်ရပ်လုံး အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင်နိုင်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်စေရန် တိုက်တွန်းအပ်ပါကြောင်း။

ယနေ့ နိုင်ငံတကာ အခြေအနေကို လေ့လာအကဲခတ်ကြည့်မည် ဆိုပါကလည်း နိုင်ငံရေးရည်မှန်းချက် အပြောင်းအလဲများနှင့်အတူ မူဝါဒအပြောင်းအလဲများကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ အမြဲတမ်းရန်သူ၊ အမြဲတမ်းမိတ်ဆွေ ဆိုတာ မရှိ၊ ကိုယ်ကျိုးစီးပွားသာရှိသည်ဆိုသည့် စကားအတိုင်း မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကို အဓိကထားဦးစားပေး ဆောင်ရွက်ကြသည်ကို တွေ့ကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ကမ္ဘာ့ရေစီးကြောင်းတွင် လိုက်ပါပြောင်းလဲ တိုးတက်နိုင်သည့် နိုင်ငံအဖြစ် ဖန်တီးပုံဖော်သွားကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါ အဓိကကြုံတွေ့နေရသည့် အခက်အခဲမှာ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်ပင် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်နိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် အရေးအကြီးဆုံး မှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ ဒီမိုကရေစီအခြေခံသည့် ဖက်ဒရယ်မူများရရှိရန် မိမိတို့အားလုံး ဝိုင်းဝန်းပံ့ပိုးပေးကြရမည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှသာ မိမိတို့၏ နောင်လာနောက်သားမျိုးဆက်များကို ကောင်းမွန်သည့် အမွေထားခဲ့ပေးနိုင်မည် ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်တွင်းငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက် ပြည်သူများနှင့်အတူ ကျရာအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း တိုက်တွန်းပြောကြားရင်း ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ၎င်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ထိုင်းနိုင်ငံ(၃၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း ကျင်းပသည့် ASEAN-AIPA Interface အစည်းအဝေးသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ ဝက်လက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ခေါင်းဆောင်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဆွစ်ဇာလန်နိုင်ငံ (၁၀၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ နတ်တလင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ စင်ကာပူသမ္မတနိုင်ငံ "RSIS- WTO Parliamentarian Workshop on International Trade 2019" သို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးလှမိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ 7th China-South and Southeast Asia Think Tank Forum သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ ဝါးခယ်မ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ မလေးရှားနိုင်ငံ 10th AIPA Causus Meeting သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ မြောင်းမြမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးစိုးမိုးသူ၏ အီတလီနိုင်ငံ Statelessness Course နိုင်ငံမဲ့ဖြစ်မှုဆိုင်ရာ သင်တန်းသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်၏ ဗီယက်နမ်နိုင်ငံ 14th Southeast and Northeast Asia Seminar on International Humanitarian Law(IHL)သို့ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သုံးဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဗီယက်နမ်နိုင်ငံသို့ လေ့လာရေး သွားရောက်ခဲ့သည့်ခရီးစဉ်တို့ကို အသိပေးတင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အကြံပေးအဖွဲ့ကို အဖွဲ့ဝင် သုံးဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေအား အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါ်အေးအေးမူနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) လက်ထောက်ဌာနေကိုယ်စားလှယ်(ငြိမ်း) ဦးတင်အောင်ချိုတို့အား အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် ကောလင်း မဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ **ကောလင်းမြို့ လာကာကြိုးဝိုင်းအတွင်း ရှာဖွေတွေ့ရှိထားသော ရွှေထွက်ရာနေရာအား အသေးစား၊ အလတ်စား သို့မဟုတ် အကြီးစားပေးမည်ကို ပွင့်လင်းမြင်သာစွာကြေညာ၍ လေလံပစ်သည့်စနစ်ဖြင့် မျှတသော ယှဉ်ပြိုင်ခွင့်ပေးရန် စီစဉ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လာကာဒေသသည် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း၊ ဝန်းသို၊ ဗန်းမောက်၊ ကန့်ဘလူ၊ ထီးချိုင့် မြို့နယ်များအတွင်း ရွှေနှင့် ကြေးနီ၊ သတ္တုအကြီးစားသတ်မှတ်လုပ်ကွက်ဧရိယာ ၁၁၉၅ ဒသမ ၉၉ စတုရန်းကီလိုမီတာအတွင်း ကျရောက်နေသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

ဖော်ပြပါ ရွှေတွေ့ရှိရာ နေရာသည် ပြည်ပကုမ္ပဏီဖြစ်သော Myanmar Reserves Development ကုမ္ပဏီ၏ ရွှေ၊ ကြေးနီနှင့် ဆက်စပ်သတ္တုများ ရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းခွင့်ပြုထားသော ဧရိယာ ၆၅ ဒသမ ၁၀၃၂ စတုရန်းကီလိုမီတာအတွင်းကျရောက်လျက်ရှိပါကြောင်း၊ ထို့အပြင် လာကာကြိုးဝိုင်းအတွင်း ပါဝင်နေသည့် ကျန်ဧရိယာများသည် Daewoo Precious Resources Co.,Ltd. က ရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ပြန်လည်အပ်နှံခဲ့သော်လည်း ၎င်းကုမ္ပဏီနှင့် ဖက်စပ်ဆောင်ရွက်ခဲ့သည့် မြောက်ကျွန်းသူမမ ကုမ္ပဏီက ပြန်လည်လျှောက်ထားခဲ့ပြီး အဆိုပါကုမ္ပဏီ နှစ်ခုအကြားတွင် ကျရောက်နေခြင်း၊ ၂၀၁၈ ခုနှစ် ဇူလိုင် ၂၆ ရက်က လုပ်ကွက်သစ်လျှောက်ထားမှုများ ပြန်လည်လက်ခံခဲ့ရာ အချင်းချင်းလုပ်ကွက်ထပ်နေခြင်း၊ Myanmar Reserves Development Co.,Ltd. ၏ တိုးချဲ့လုပ်ကွက်နှင့် လွတ်ကင်းမှုမရှိခြင်းတို့ကြောင့် ရှုပ်ထွေးမှုများရှိလာနိုင်သည့်အတွက် လက်ရှိအနေအထားတွင် လုပ်ကွက်သစ်များ ချထားဆောင်ရွက်ခွင့်ပေး၍ မရပါကြောင်း။

မြန်မာ့သတ္တုတွင်းနည်းဥပဒေများအရ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်

အကယ်၍ ပြည်ပရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများက ခွင့်ပြုမိန့်ရ ဧရိယာကို စွန့်လွှတ်ခဲ့ခြင်းသော် လည်းကောင်း၊ ဧရိယာများ ပြန်လည်အပ်နှံခဲ့ခြင်းသော် လည်းကောင်း မြန်မာ့သတ္တုတွင်းနည်းဥပဒေများအရ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိစာချုပ်ချုပ်ဆိုပြီး ကုမ္ပဏီများ လုပ်ကွက်ပြန်လည်အပ်နှံခြင်း သို့မဟုတ် ဧရိယာ လျှော့ချစွန့်လွှတ်ခြင်းတို့ကို ပြုလုပ်ပြီးမှသာ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ အခန်း (၁၂)၊ နည်းဥပဒေ ၁၁၆၊ နည်းဥပဒေခွဲ (ခ)နှင့် (ဂ)တို့အရ အလတ်စား၊ အကြီးစား ဧရိယာအဖြစ် လျှောက်ထားလာပါက တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ **ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်ရရှိထားသူများအား နိုင်ငံတော်မှ ထိုက်သင့်သည့် ချေးငွေထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်အတွက် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီမှ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ ဘဏ်ချေးငွေရရှိရေးကိစ္စအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၉ ရက်၌ ညှိနှိုင်းအကြောင်းကြားထားမှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနက သစ်တောစိုက်ပျိုးခင်းများအတွက် ချေးငွေထုတ်ချေးရန်မှာ အပင်အမျိုးအစားအလိုက် တန်ဖိုးတွက်ချက်သတ်မှတ်ရန် အခက်အခဲရှိခြင်း၊ မီးဘေးနှင့် သဘာဝအန္တရာယ်တို့ကြောင့် ဆုံးရှုံးနိုင်ခြေရှိခြင်း၊ နှစ်ရှည်သီးနှံပင်များဖြစ်၍ ထုတ်ချေးရန် ကန့်သတ်ချက်များရှိခြင်းတို့ အပြင် မြန်မာ့စီးပွားရေးဘဏ်မှ ရယူသည့် ချေးငွေမှာလည်း သက်တမ်း ငါးနှစ်အတွင်း ပြန်လည်ပေးဆပ်ရခြင်းတို့ကြောင့် ချေးငွေထုတ်ပေးရန် အခက်အခဲရှိကြောင်း ကို ပြန်ကြားလာပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးမှုရရှိနိုင်ရေး နိုင်ငံတော်မှ ချေးငွေထုတ်ပေးနိုင်ရန် လတ်တလောအစီအစဉ် မရှိသေးပါကြောင်းနှင့် ချေးငွေရရှိနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **ဒက္ခိဏသီရိမြို့နယ်ရှိ ဒေသခံတောင်သူများ၏ အမှန်တကယ် စိုက်ပျိုးထားရှိသည့် လယ်မြေများကို တရားဝင်စိုက်ပျိုးခွင့်အမြန်ရရှိရေး မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၏ **ကသာ-ရွှေကူ-ဗန်းမော်လမ်း (ပုလွေရွှေလမ်း) အား ကျောက်သားများ လိုအပ်သလို ပြန်လည်ဖြည့်စွက် ပြုပြင်မွမ်းမံခြင်း၊ ကတ္တရာစေးခင်းခြင်းတို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်မှ ချမှတ်ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်း၊ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၏ **ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရေး စီမံကိန်းအား စီမံကိန်းမျှော်မှန်းကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိ၊ လက်ရှိစီမံကိန်းဆောင်ရွက်မှုအခြေအနေ မည်သည့်အဆင့်ရောက်ရှိနေကြောင်းနှင့် စီမံကိန်းတံတားကို မည်သည့်ဒီဇိုင်းဖြင့် တည်ဆောက်နေသည်ကို သိလိုခြင်း** မေးခွန်း၊ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်၏ **ဝန်းသို-မဲဇာလမ်းပေါ်ရှိ ကတ္တရာလမ်းခင်းရန် ကျန်ရှိနေသေးသည့် အပိုင်းအား ကတ္တရာခင်းပေးခြင်းနှင့် ၎င်းလမ်းပေါ်ရှိ တံတား ၁၂ စင်းတို့အား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်း၊ သံကူကွန်ကရစ်ကြမ်းခင်းတည်ဆောက်ခြင်း၊ Box Culvert များ**

စာမျက်နှာ ၈ သို့

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အဆောက်အဦ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကတိသစ္စာပြုခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှုတ်ခွန်းဆက် စကားပြောကြားခြင်း၊ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ ကြယ်ပွင့်ပြမေးခွန်း (၅)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း။

လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ် ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်း၊ ပြည်သူများ၏ လိုအပ်ချက်နှင့်အခက်အခဲများ သိရှိနိုင်ရေးအတွက် ကွင်းဆင်းလေ့လာခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယခု (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများ အကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ငါးဦး၏ မေးမြန်းသည့် လမ်းတံတားများ ဆောက်လုပ်ပေးရေးနှင့် အဆင့်မြှင့်တင်ပေးရေးဆိုင်ရာ မေးခွန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ပြန်လည်ရှင်းလင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်ရှိ မကျီးသုံးပင်-မလဲသာ-မင်းကျေးရွာလမ်းသည် လမ်းအရှည် ၁၆ မိုင်နှင့် အကျယ်ပေ ၆၀ ရှိ မြေသားလမ်းဖြစ်ပြီး ကတ္တရာလမ်းအဖြစ် မည်သည့်ဘတ်ဂျက်နှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မကျီးသုံးပင်-မလဲသာ-မင်းကျေးရွာ ကျေးလက်လမ်းအရှည် ၁၆ မိုင်၏ လက်ရှိအခြေအနေမှာ လှည်းလမ်းအဆင့်သာရှိပါကြောင်း၊ မြေသားလမ်း ၁၀ မိုင်သည် ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားခြင်းဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဂျင်းခင်းခြင်း ၅ ဒသမ ၇၃ ဖာလုံနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မြေသားနှင့် ဂျင်းခင်းခြင်းလုပ်ငန်း ၂ မိုင် ၀ ဒသမ ၁၁ ဖာလုံကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် အကျယ် ၁၆ ပေ၊ အမြင့် ၆ လက်မရှိ ကျောက်ချောလမ်း ၁ မိုင် ၂ ဒသမ ၄ ဖာလုံနှင့် အကျယ် ၁၈ ပေ၊ အမြင့် ၈ လက်မရှိ ကျောက်ချောလမ်း ၆ ဒသမ ၃ ဖာလုံတို့ကို ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ၏ **ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ် နောင်ဘုရင်ကျေးရွာမှ နန့်ပိုလိမ်ကျေးရွာအထိ ဆက်သွယ်သည့် (၁၆/၀) မိုင်နှင့် ၎င်းလမ်းပေါ်တွင် ဆောက်လုပ်ရန်လိုအပ်သည့် တံတား ခြောက်စင်းနှင့် ငါးပေ Box Culvert ၃၃ စင်းကို တစ်ပါတည်း ဆောက်လုပ်ပေးရန်နှင့် ကုန်းဆွတ်ကျေးရွာအုပ်စု၊ မတ်ကောက်(နောက်)မှ နောင်လိပ် - ကွန်မွန်း - ဖာလိုင် - ပန်းကန် - နန့်ပိုလိမ်အထိ လမ်းပိုင်း (၆/၀) မိုင်အား လာမည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဆီဆိုင်မြို့နယ် နောင်ဘုရင်ကျေးရွာမှ နန့်ပိုလိမ်ကျေးရွာအထိ ဆက်သွယ်ထားသည့် လမ်းအရှည် ၁၆ မိုင်နှင့် ၎င်းလမ်းပေါ်ရှိ ဆောက်လုပ်ရန်လိုအပ်သည့် တံတား ခြောက်စင်းနှင့် ငါးပေ Box Culvert ၃၃ စင်းတို့မှာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီမံခန့်ခွဲသော လမ်းဧရိယာအတွင်း ပါဝင်နေသည့် လမ်းပိုင်းဖြစ်ပါကြောင်း။

ဆီဆိုင်မြို့နယ် နောင်လိပ်-နန့်ပိုလိမ်လမ်းနှင့် ဆက်သွယ်သည့် မတ်ကောက်(နောက်) ကုန်းဆွတ်ကြိုးတံတားအထိ လမ်းအရှည် ၁ မိုင် ၆ ဖာလုံမှာ ကျေးလက်လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးသဖြင့် ကျေးလက်လမ်းအဖြစ် သိမ်းသွင်းဆောင်ရွက်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရရုံးသို့ တင်ပြရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ဆီဆိုင်မြို့နယ် လားဇရူးလမ်းခွဲမှ နောင်လိပ်-ကွန်မွန်း-ဖာလိုင်-ပန်းကန် -နန့်ပိုလိမ်အထိ အရှည် ၄ မိုင် ၂ ဖာလုံသည် Class (B) ဦးစားပေးအဆင့် ၁ တွင် ပါဝင်သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မြန်မာနိုင်ငံဘက်မှ တည်ဆောက်လိုသည့် အဆိုပြုတံတား ပုံစံကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးသို့ ပေးပို့ထား

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ်နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ ဆက်သွယ်ထားသည့် ဘွိုင်နု မြစ်ကူးတံတားအား အိန္ဒိယအစိုးရမှ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် မရှိပါက မြန်မာနိုင်ငံ ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဘက်မှ တည်ဆောက်လိုသည့် အဆိုပြုတံတားပုံစံကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးသို့ ပေးပို့ထားပြီး ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဟားခါး-ထန်တလန်-ဆာဆီချောက် လမ်းပေါ်ရှိ ဘွိုင်နုမြစ်ကူးတံတားသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နယ်စပ်ရှိ ချောင်းပေါ်၌ တည်ဆောက်ရမည့် တံတားဖြစ်သည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ၏ **ကယားပြည်နယ်၏ ပြည်ထောင်စုလမ်းမကြီးဖြစ်သော လွိုင်ကော် - မယ်စဲ့ ကားလမ်းမကြီးမှ လွိုင်ကော်-ဒီးမော့ဆို - ဖရူဆိုမြို့အထိ မိုင် ၂၀ လမ်းပိုင်းအား လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တောင်ငူ - လိပ်သို - ယာဒို-လွိုင်ကော်လမ်း (လွိုင်ကော် - ဒီးမော့ဆိုအပိုင်း) မိုင်တိုင်အမှတ်(၁၂၁/၃) မှ (၁၂၈/၇) အထိ ၇ မိုင် ၄ ဖာလုံအား ၁၈ ပေမှ ၂၄ ပေအကျယ်ချဲ့ခြင်း ဆောင်ရွက်နိုင်ရန် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေတွင် လျာထားတင်ပြ တောင်းခံထားပြီး ရန်ပုံငွေခွဲဝေရရှိသည့်လုပ်ငန်းများ ဆောင်ရွက်ပြီးပါက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကုန်တွင် လွိုင်ကော် - ဒီးမော့ဆို - ဖရူဆိုအထိ ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း ၂ မိုင် ၇ ဒသမ ၇ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၈ မိုင် ၂ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း ၆ ဒသမ ၈ ဖာလုံနှင့် ၁၈ ပေအကျယ် ကတ္တရာလမ်း ၈ မိုင် ၃ ဒသမ ၅ ဖာလုံ၊ စုစုပေါင်း မိုင် ၂၀ နှင့် ၄ ဖာလုံရှိလာမည်ဖြစ်ပါကြောင်း။

ကယားပြည်နယ်၏ ပြည်ထောင်စုလမ်းမကြီးဖြစ်သော လွိုင်ကော် - မယ်စဲ့ ကားလမ်းမကြီးမှ လွိုင်ကော် - ဒီးမော့ဆို - ဖရူဆိုမြို့အထိ မိုင် ၂၀၊ ၄ ဖာလုံလမ်းပိုင်းတွင် တစ်နေ့ပျမ်းမျှ ယာဉ်စီးရေ ၂၃၀ ခန့်သာ ဖြတ်သန်းသွားလာနေပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ယာဉ်သွားလမ်းအကျယ်သတ်မှတ်ချက်မှာ တစ်နေ့ပျမ်းမျှယာဉ်စီးရေ ၂၀၀၁ မှ ၅၀၀၀ ကြား ဖြတ်သန်းသွားလာခြင်းရှိမှသာ ၄၈ ပေအကျယ် လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သောကြောင့် အဆိုပါ လမ်းပိုင်းအား လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်ဝိုင်မြို့ ယောင်ခိုက်ရွာမကျေးရွာနှင့် ဂုန်းပလုတ်ကျေးရွာကြားရှိ နမ့်မားချောင်းပေါ်တွင် ကုန်ထုတ်တံတားဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နမ့်မားချောင်းတံတားသည် ပန်ဝိုင်မြို့မှ ယောင်ခိုက်ကျေးရွာ ဂုန်းပလုတ်ကျေးရွာနှင့် ဝလင်းကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်သော လမ်းပေါ်တွင် တည်ရှိပြီး ၎င်းလမ်းမှာ ပြည်သူလူထုမှ ကိုယ်ထူကိုယ်ထဆောင်ရွက်ထားသည့် မြို့နှင့် ကျေးရွာချင်း ဆက်သွယ်ထားသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းမှာ ကျေးလက်လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိပါကြောင်း။

နမ့်မားချောင်းပေါ်တွင် ကုန်ထုတ်တံတားဆောက်လုပ်ပေးနိုင်ရေးအတွက် ပန်ဝိုင်မြို့နယ် ယောင်ခိုက်ရွာမနှင့် ဂုန်းပလုတ်ကျေးရွာချင်းဆက်လမ်းအား ကျေးလက်လမ်းအဖြစ် သိမ်းသွင်းဆောင်ရွက်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာသော **ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်း**နှင့်စပ်လျဉ်းပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဦးဝင်းမြင့်က ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်သည့် ဥပဒေ၏ ခေါင်းစဉ်၊ အမည်၊ အဓိပ္ပာယ်ဖော်ပြချက်နှင့် အပိုဒ်၊ အပိုဒ်ခွဲများကို လည်းကောင်း၊ မူလအဆိုပြုပြဋ္ဌာန်းချက်တွင် ပါဝင်သည့်အတိုင်း ထားရှိသင့်သည့် အပိုဒ်ခွဲများကို လည်းကောင်း၊ ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကိုလည်းကောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၏ ဆွေးနွေးချက်ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးပထမနေ့ ရပ်နားလိုက်ပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ကျော်သူထက်(သတင်းစဉ်)

စာမျက်နှာ ၇ မှ

တည်ဆောက်ခြင်းတို့အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း မေးခွန်းနှင့် မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ **ပုသိမ်-မုံရွာလမ်းမကြီး၏ မိုင်တိုင်အမှတ် ၂၀၅ နှင့် ၂၀၆ အကြား လမ်းအလိမ်အကွေ့အဆင်းမှာ အန္တရာယ်ကွေ့ဖြစ်နေသည့်အတွက် ယာဉ်များ အဆင်ပြေပြေသွားလာနိုင်ရေးနှင့် အန္တရာယ်လျော့နည်းစေရေးအတွက် မည်သို့ စီမံဆောင်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းက **သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှုကြောင့် ၂၀၁၉ ခုနှစ် နွေရာသီတွင် ထူးခြားစွာဖြစ်ပေါ်ခဲ့သော ရာသီဥတုပြောင်းလဲမှုနှင့် အပူချိန်မြင့်တက်လာမှု ဖြစ်စဉ်များကို သုံးသပ်ပြီး အနာဂတ်နိုင်ငံတော်နှင့် နောင်မျိုးဆက်များအပေါ် ကောင်းမွန်သော ပတ်ဝန်းကျင်နှင့် အကျိုးစီးပွားဖြစ်ထွန်းစေရေးတို့အတွက် သဘာဝပတ်ဝန်းကျင်အား ဆိုးရွားစွာထိခိုက်ပျက်စီးနိုင်သောအခြေအနေများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးကာကွယ်ပြီး ပြန်လည်ထူထောင်အားဖြည့်ခြင်းလုပ်ငန်းများအား စနစ်တကျအရှိန်မြှင့်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် လူနှင့်သတ္တဝါတို့၏ အကျိုးစီးပွားကို ဘက်ပေါင်းစုံမှ ထိထိရောက်ရောက်ကာကွယ်ပေးနိုင်သည့် သဘာဝဒီရေတောများကို ပြုစုပျိုးထောင်ရန် လိုအပ်သကဲ့သို့ မပြုန်းတီးစေရန်လည်း ကာကွယ်ပေးရမည်ဖြစ်ပါကြောင်း၊ သစ်တောဆုံးရှုံးမှုများကို ဥပဒေနှင့် အညီ ကာကွယ်နိုင်ရန်အတွက် သစ်တောဝန်ထမ်းများ လက်နက်ကိုင်ဆောင်ခွင့်မရှိသည့်အပေါ် အသက်အန္တရာယ်ထိခိုက်နိုင်သည့် အခြေအနေမျိုးကိုလည်း တာဝန်ရှိသူများ ပြန်လည်စဉ်းစားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အားနည်းနေသည့် ဝန်ထမ်းလိုအပ်ချက် ဖြည့်ဆည်းပြီး စိတ်ဓာတ်နှင့်လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

စွမ်းအင်မြင့် မီးဖို ဖြန့်ဖြူးပေးနိုင်ရေးကိုလည်း နိုင်ငံတော်ဘတ်ဂျက်တွင် အတိုင်းအတာတစ်ခုအထိနှစ်အလိုက် ထည့်သွင်းလျာထား ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် ထိခိုက်ဘေးအန္တရာယ်ဖြစ်စေပြီးမှ အစည်းအဝေးအဆင့်ဆင့်ထိုင်၍ စီမံအရေးယူဆောင်ရွက်ရခြင်းထက် မဖြစ်ခင်ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်နိုင်ရန်အတွက်လည်း ဥပဒေကို ပြုပြင်ပြောင်းလဲရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ သစ်တောအခြေအနေ ကြုံတွေ့လာနေရသည့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာမှုများကို အားလုံးသိနေကြပြီဖြစ်သည့်အတွက် အလေးအနက်ထားသင့်ပါကြောင်း၊ လူသားဆန်သည့် လူသားများဖြစ်စေရန် စဉ်းစားတွေးခေါ်မှုကို အခြေခံပြီး လူနှင့်လူ့ပတ်ဝန်းကျင် သဟဇာတဖြစ်စွာ ယှဉ်တွဲရပ်တည်နိုင်ရန်အတွက် ဆောင်ရွက်ရန်မီသေးသည့် အချိန်အခါကောင်းဖြစ်သည့်အတွက် အဆိုအား တင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အစီရင်ခံစာအား ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့် (သတင်းစဉ်)

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၇ / ၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန”**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ရွှေကျီးနားရပ်ကွက်နေ ထွန်းဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၇-၇-၂၀၁၉ ရက်နေ့တွင် ဗန်းမော်မြို့ ရွှေကျီးနားရပ်ကွက်နေ ထွန်းဝင်း(၂၆)နှစ်၊ (ဘ)ဦးမောင်ဆင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဗန်းမော်)မယ(ပ)၁၀၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၂	စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ အင်ကုန်းကျေးရွာနေ ထွန်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၇-၇-၂၀၁၉ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ အင်ကုန်းကျေးရွာနေ ထွန်းအောင်(၄၂)နှစ်၊ (ဘ)ဦးအောင်ခန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်)မယ(ပ)၃၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၃	မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအုပ်စု၊ ကျောက်ဝါးတူးစခန်းတွင် မူးယစ်ဆေးဝါးဖြန့်ဖြူး ရောင်းချသုံးစွဲမှုများ ပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။	၁၀-၇-၂၀၁၉ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအုပ်စု၊ ကျောက်ဝါးတူးစခန်း(ကွက်သစ်)နေ ကိုကိုနိုင်(ခ)ဖိုးသား(၃၄)နှစ်၊ (ဘ) ဦးတင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်ဇနီး မကြူ(၄၈)နှစ်၊ (ဘ) ဦးခင်ဦး တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူဖမ်းဆီးရမိသဖြင့် နမစ(တကောင်း)မယ(ပ)၈/ ၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၄	မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဖုန်ကုန်းကျေးရွာနေ ကိုနှင်းနှင်းနှင့် ဇနီး ဝင်းဝင်းတင့်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၁-၇-၂၀၁၉ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်၊ ဖုန်ကုန်းကျေးရွာနေ ကိုနှင်းနှင်း(ခ)မင်းမင်းသန်း(၄၃)နှစ်၊ (ဘ) ဦးအေးကျော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ၎င်းအား မတွေ့ရဘဲ ဇနီးဒေါ်ဝင်းဝင်းတင့်(၃၈)နှစ်၊ (ဘ)ဦးကျော်ငြိမ်း အား 88/1 နှင့် WY စာတန်းပါစိတ်ကြွဆေးပြားများနှင့် အတူဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား နမစ(တကောင်း)မယ(ပ)၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၅	ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်နေ ကိုရှမ်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၂-၇-၂၀၁၉ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အောင်သီရိလမ်းနေ ကိုရှမ်း(ခ)အောင်စိုးမင်း(၄၅)နှစ်၊ (ဘ) ဦးအင်အိချို၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒေါပုံ)မယ(ပ) ၂၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၆	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်နေ ညီဖြိုးဝေ(ခ) မောင်ငယ်သည် မူးယစ်ဆေးဝါးများဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၇-၇-၂၀၁၉ ရက်နေ့တွင် တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်နေ ညီဖြိုးဝေ(ခ)မောင်ငယ်(၃၃)နှစ်၊ (ဘ)ဦးနှင်းဝေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းများနှင့် အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး)မယ(ပ)၆၀/၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၇	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်များ၌ အမှု(၆)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၆)ဦး၊ မ(၁)ဦး၊ ပေါင်း(၇)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၇-၇-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်နေ ကိုပြည့်(ခ)ပြည့်စုံ(၅၂)နှစ်၊ (ဘ) ဦးထွန်းဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် တစ်ရပ်ကွက်တည်းနေ မောင်ခိုင် (၃၈)နှစ်၊ (ဘ)ဦးထွန်းမြင့်၊ အောင်ကိုဦး(၁၉)နှစ်၊ (ဘ) ဦးမောင်ခိုင်နှင့် ရန်နိုင်စော(၂၇)နှစ်၊ (ဘ)ဦးစောဦးတို့(၄)ဦး အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး) မယ(ပ)၆၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၈	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့ သရက်တောရပ်ကွက်နေ စိုးနိုင်(ခ)မျောက်မသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၀-၇-၂၀၁၉ ရက်နေ့တွင် ကလောမြို့ သရက်တောရပ်ကွက်နေ စိုးနိုင်(ခ) မျောက်မ(၅၃)နှစ်၊ (ဘ)ဦးထွန်းမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလော) မယ(ပ)၁၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၁၃-၇-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၆၈၈)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၉၀၄)ဦး၊ မ(၁၇၃)ဦး၊ ပေါင်း(၁၀၇၇)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၄၈၂.၆၀၈၄)ဂရမ်၊ ICE (၇၃.၇၂)ဂရမ်၊ ဘိန်း(၃၉၇၇၁.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၀၃၉၁၆)ပြား၊ ဆေးခြောက်(၈၃၆၃.၂၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၉.၁၅) ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၇)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၃၀)ဂရမ်၊ မိုးညှင်းမြို့နယ်၊ မော်ဟန်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးမောက်မြို့နယ်၊ ဝိန်းခမ်းကျေးရွာ၊ လွယ်ဂျယ်-မိုးမောက်သွားကားလမ်းပေါ်၌ သတင်းအရ Crown ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၆၈၀၀)ပြား၊ ဘိန်းဖြူ(၁၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဖားကန့်မြို့နယ်၊ ကောင်ဆန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀)ပြား၊ ဗန်းမော်မြို့နယ်၊ စီအင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၀.၀၀၁)ဂရမ်၊ ဘိန်းဖြူရည်(၀.၀၁)လီတာ၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ လင်ဖုံလေးကျေးရွာလမ်းခွဲတွင် ခိုင်မာသည့်သတင်းရရှိထားသော Dongfeng ယာဉ်(၃)စီးအား ဖမ်းဆီး၍ လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ စစ်ဆေးရာ ယာဉ်မောင်း/ယာဉ်နောက်လိုက် တရားခံ အမျိုးသား (၆)ဦးနှင့်အတူ ICE (၅၀၀၀၀၀)ဂရမ်၊ Ketamine(၆၄၉၀၀၀)ဂရမ်၊ ကဖင်း(၁၁၅၀၀၀၀)ဂရမ်၊ မော်တော်ယာဉ် (၃)စီး၊ အောင်သပြေကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၅)ပြား၊ မယ်စဲ့မြို့နယ်၊ ဝမ်ကန်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၄၅)ပြား၊ နန့်မန်းကျေးရွာ၌ တရားခံ အမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၄၅)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မူကဝါကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၀)ပြား၊ ပိန္နဲတောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၆၅၃)ပြား၊ ဆေးခြောက်(၂၀၁)ဂရမ်၊ ဘားအံမြို့ အမှတ်(၄)ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ အမှတ်(၉)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၀၆)ပြား၊ ဆိုင်ကယ်(၁)စီး၊ မြဝတီမြို့ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၉)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၀)ပြား၊ အမှတ်(၄)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၈၆)ပြား၊ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၃၂)ပြား၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ပင‌ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၈၉၈.၁၅)ဂရမ်၊ ၎င်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၄)ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ အဘူဂျာကျေးရွာအနီးတစ်ဝိုက် နယ်မြေရှင်းလင်းစဉ် ကူးတို့ဆိပ်သွားလမ်း လယ်ကန်သင်းပေါင်၌ ဆာလာအိတ်အတွင်း ထည့်ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ဆေးခြောက်(၃၂၆၆) ဂရမ်၊ Phensedyl(၄၄)ပုလင်း၊ ကြက်ရိုးပြင်ကျေးရွာ၌ သတင်းအရစိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၄)ပြား၊ တောင်ကုတ်မြို့ ကံပိုင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၇)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်၌ တရားခံအမျိုးသား(၆)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၆)ပြား၊ ဘိန်းဆီခဲ (၁၉၂)ဂရမ်၊ ဆိုင်ကယ်(၄)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ရတနာသီရိရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဆီခဲ(၇၅၀)ဂရမ်၊ ရွာငံမြို့နယ်၊ ကျောက်ကူပြင်ကျေးရွာ၊ ရွာငံ-ကျောက်ဆည်သွား ကားလမ်းမပေါ်၌ ဆိုင်ကယ်(၁)စီးအား စိစစ်ရန်တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ လူတိမ်းရှောင်ထွက်ပြေးသွားပြီး ဆိုင်ကယ်ခွကြားရှိပီနံအိတ်အတွင်းနှင့် တူးဘောက်အတွင်းတို့မှ ဘိန်း(၂၄၇၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ပင်လောင်းမြို့ ပင်လောင်း-ညောင်ရွှေသွားကားလမ်း မိုင်တိုင်(၄၉/၇)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၆၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးနဲမြို့နယ်၊ ဆိုင်ဖယ်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၂၀)ပြား၊ ဘိန်းဖြူ(၅)ဂရမ်၊ ဘိန်း(၂၀၀)ဂရမ်၊ လားရှိုးမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ Canter (၆)ဘီးယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းဖြူ(၁၆၉၄၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်အရ လားရှိုးမြို့ အမှတ်(၆)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅)ပြား၊ ဘိန်းဆီခဲ(၁၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃.၅)ဂရမ်၊ အမှတ်(၁၁)ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မယ်ဟန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၁၅)ပြား၊ ဂေါ်ရခါးကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၀)ပြား၊ ဘိန်းဖြူ (၁၄.၄) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တန့်ယန်းမြို့နယ်၊ နောင်ငုတ်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၇၀)ပြား၊ မူဆယ်မြို့ ခိုဝိန်း-မူဆယ်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ နမ့်ခမ်းမြို့ အမှတ်(၁၂)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၃၇၅၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ ကွတ်ခိုင်မြို့နယ်၊ ခိုလုံကျေးရွာအနီး ကွတ်ခိုင်-ကောင်းခါးသွားကားလမ်းမပေါ်၌ သတင်းအရ Mark-X ယာဉ်နှင့် Crown ယာဉ်၊ ပေါင်း(၂)စီးတို့အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ ထံမှ စိတ်ကြွဆေးပြား (၃၆၀)ပြား၊ ဘိန်းဖြူ(၂၄၂)ဂရမ်၊ မော်တော်ယာဉ်(၂)စီး၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်(၈၀/၄)၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၅၁၇၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ၎င်းနေရာ၌ ထပ်မံသတင်းရရှိထားသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၉၃၅)ပြား၊ ဘိန်းဖြူ(၂၇၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မိုင်တိုင်(၇၉/၄)၌ တရားခံအမျိုးသား(၂)ဦး၊ ဆိုင်ကယ်(၁)စီး၊ နောင်ချိုမြို့ ပါဟတ်ရပ်ကွက်၊ မူဆယ်-မန္တလေးသွားကားလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးမိတ်မြို့နယ်၊ အထက်မန်ကျည်းပင်ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မဘိမ်းမြို့နယ်၊ မိုးလုံးကျေးရွာအနီး မဘိမ်း-ငါးအိုးသွားကားလမ်းပေါ်၌ သတင်းအရ စိစစ်ရန် သွားရောက်စဉ် ဆိုင်ကယ်(၁)စီး ရပ်ထားပြီး အမျိုးသား(၂)ဦးသည် စစ်ဆေးရေးအဖွဲ့မရောက်မီ ဆိုင်ကယ်အားထားကာ တိမ်းရှောင်သွားကြောင်း သိရှိရပြီး ဝန်းကျင်ဖြန့်ခွဲရှာဖွေရာ ဆိုင်ကယ်အနီး အပင်အောက်၌ သစ်ကိုင်းများဖြင့် ဖုံးအုပ်ဝှက်သိမ်းထားသည့် ပီနံအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၅၉၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ လောက်ကိုင်မြို့ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၃)ပြား၊ ဘိန်းဖြူ(၃) ဂရမ်၊ ချင်းရွှေဟော်မြို့ အမှတ်(၂)ရပ်ကွက်၊ ရာဘာကုန်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Alphard ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၁၃၂၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၆၀၀၀) ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကျိုင်းတုံမြို့နယ်၊ နောင်ဖာရဲကင်းရှေ့လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့် စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၈၇၀)ပြား၊ ဆိုင်ကယ်(၁)စီး၊မတ်ကျန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ ထံမှ စိတ်ကြွဆေးပြား(၇၃၇)ပြား၊ ဆိုင်ကယ်(၁)စီး၊

စာမျက်နှာ ၁၀ သို့

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တက်ရောက်

စစ်တွေ ဇူလိုင် ၁၅

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ဝါတွင်းကာလ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲ ၂ နာရီက စစ်တွေမြို့ လောကာနန္ဒာစေတီတော် လိုဏ်ဂူအတွင်း၌ ကျင်းပပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု တက်ရောက်၍ ဆွမ်းဆန်စိမ်းနှင့် အလှူငွေများ လောင်းလှူသည်။ **(ယာပုံ)**

အဆိုပါဆွမ်းဆန်တော်လောင်းလှူပွဲသို့ စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက် အသီးသီးမှ သံဃာတော်အပါး ၄၀၀ နှင့် သီလရှင်ကျောင်းတိုက်အသီးသီးမှ သီလရှင်အပါး ၂၀ ကျော်တို့ ကြွရောက်ကြပြီး ဆွမ်းဆန်တော်များ အလှူခံကြကြောင်း သိရသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အလှူရှင်စေတနာရှင်များ တက်ရောက်ကြပြီး ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား လှူဒါန်းကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

စာမျက်နှာ ၉ မှ

ဆွန်ဟိုက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၅၀၀)ပြား၊ မိုင်းဆတ်မြို့နယ်၊ နမ့်ခမ်းကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၂၃၇၆၀)ဂရမ်၊ မိုင်းဆတ်မြို့နယ်အတွင်း နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် မယ်ကြုတ်(၁)ကျေးရွာအနီး လျှိုအတွင်းဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၁၆၄၄၄၅)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် (၂၀၀၅၂၈)ဂရမ်၊ Soda မှုန့် (၁၄၀၀၀၀) ဂရမ်၊ ကော်မှုန့်(၁၀၀၀၀) ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ကံသာဦးရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၄၃၂)ပြား၊ ဘိန်းဖြူ (၂.၆၅)ဂရမ်၊ ကသာမြို့ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၂၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၇၀)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ အမှတ်(၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၃၅)ပြား၊ အင်းတော်မြို့နယ်၊ လယ်ပြင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၅၄၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ထီးချိုင့်မြို့နယ်၊ ရွာသစ်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၀)ပြား၊ ရွှေပြည်သာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၆၄၀)ပြား၊ ဗန်းမောက်မြို့နယ်၊ ကဇောက်ဖာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ ခမ်းပါတ်မြို့ နန်စပါတံတားအနီး တမူး-ကလေးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၃)ဂရမ်၊ Buprenorphine Tablet (၂၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဖောင်းပြင်မြို့နယ်၊ ကရားကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၅၄)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ တလိုင်းစုရပ်ကွက်၊ ကမ်းနားလမ်းပေါ်၌ တရားခံ အမျိုးသား(၂)ဦးထံမှ ICE(၁၆)ဂရမ်၊ စစ်ဆေးဖော်ထုတ်ချက်အရ ထားဝယ်စုရပ်ကွက်ရှိ တရားခံ၏နေအိမ်၌ စိတ်ကြွဆေးပြား(၉၈၀၀)ပြား၊ ICE (၅၄၀)ဂရမ်၊ ကျွန်းစုမြို့နယ်၊ ရေကန်တောင်ကျေးရွာ၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၇၂၃)ပြား၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ဉသျှောင်မြို့သစ်၊ အမှတ် (၇) ရပ်ကွက်၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား(၉၅၅)ပြား၊ ICE(၂.၅)ဂရမ်၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်ရတနာ (ခ) ရပ်ကွက်၌ တရားခံအမျိုးသား (၃) ဦးထံမှ စိတ်ကြွဆေးပြား(၁၆၆)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၌ တရားခံအမျိုးသား (၂) ဦးထံမှ စိတ်ကြွဆေးပြား (၆၈)ပြား၊ Ecstasy Tablet (၆၀) ပြား၊ ICE (၉) ဂရမ်၊ Ketamine (၅.၄) ဂရမ်၊ ဆေးခြောက် (၂.၂) ဂရမ်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၉၂) ပြား၊ ဘိန်းဖြူ (၂၇) ဂရမ်၊ ဆိုင်ကယ် (၁) စီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁) ဦးထံမှ ဘိန်းဖြူ (၂၁၆) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ် ဖော်ထုတ်ချက်အရ ကျောက်ချောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၉) ပြား၊ ဘိန်းဖြူ (၉) ဂရမ်၊ ထပ်မံဖော်ထုတ်ချက်အရ ပြင်ဦးလွင်မြို့ မြို့ရှောင်လမ်း၌ ကွင်းဆက်တရားခံအမျိုးသား(၁)ဦး၊ ဆိုင်ကယ်(၁) စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၃) ပြား၊ ဆေးခြောက် (၄၂.၅) ဂရမ်၊ ဆိုင်ကယ် (၁) စီး၊ ကွင်းဆက် ဖော်ထုတ်ချက်အရ ပုဂံလမ်းမကြီးပေါ်၌ Corolla ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂) ဦး၊ အမျိုးသမီး (၁) ဦး၊ ပေါင်း (၃) ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၉၆၅) ပြား၊ ဘိန်းဖြူ (၁၀) ဂရမ်၊မော်တော်ယာဉ် (၁) စီး၊ (၁၂) ရပ်ကွက်၌ တရားခံအမျိုးသမီး (၁) ဦးထံမှ စိတ်ကြွဆေးပြား (၂၅) ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ (င) ရပ်ကွက်၌ တရားခံအမျိုးသမီး (၁) ဦးထံမှ စိတ်ကြွဆေးပြား (၃၆၀၀) ပြား၊ ICE(၁၆)ဂရမ်၊ (ဠ) ရပ်ကွက်၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၁၃၅၂) ပြား၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၂)ရပ်ကွက်၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀) ပြား၊ ဒဂုံ(ဆိပ်ကမ်း) မြို့နယ်၊ (၉၁)ရပ်ကွက်၌ တရားခံ အမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား (၄၇၅) ပြား၊ ICE (၅) ဂရမ်၊ လှိုင်မြို့နယ်၊ ဗဟိုလမ်းနှင့်နီလာလမ်းထောင့်၌ သတင်းအရ Vitz ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၁၃၄) ပြား၊ ICE (၃) ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့ ပင်လုံရပ်ကွက်၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၇၇၀) ပြားအား လည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ် (၁) ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားတရားခံ အမျိုးသား (၅) ဦးထံမှ စိတ်ကြွဆေးပြား(၁၈) ပြား၊ ICE (၀.၈)ဂရမ်အား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၅) ခုရှိခဲ့ပြီး ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ သာစည်ကျေးရွာ၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား(၇၆၅) ပြား၊ လက်ပစ်ဗုံး(၁)လုံး၊ Caldina ယာဉ်(၁)စီး၊ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ မိုင်းတင်းကျေးရွာ၊ လားရှိုး-တန့်ယန်းသွားကားလမ်းပေါ်၌ သတင်းအရ Honda Fit ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား(၇၉)ပြား၊ ဘိန်းဖြူ(၂.၂)ဂရမ်၊ တူမီးသေနတ် (၁)လက်၊ မော်တော်ယာဉ်(၁)စီး၊ သီပေါမြို့နယ်၊ ကျင်သီကျေးရွာ၊ မန္တလေး-လားရှိုးသွားကားလမ်းမပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား (၁၀) ပြား၊ ဆိုင်ကယ် (၁) စီး၊ ပွိုင့် ၃၈ ပစ္စတို (၁) လက်၊ ငုင်းကျည် (၁၅) တောင့်၊ ကျည်အိမ် (၁) ခု၊ တာချီလိတ်မြို့နယ်၊ ဖာတီမာကုန်းကျေးရွာ၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၂၆) ပြား၊ ဘိန်း (၆၀) ဂရမ်၊ တူမီးသေနတ် (၂) လက်၊ ဟွေလန်းကျေးရွာ၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၂၈)ပြား၊ ပွိုင့် ၂၂ ကျည် (၃၄)တောင့်တို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၇-၇-၂၀၁၉ ရက်နေ့မှ ၁၃-၇-၂၀၁၉ ရက်နေ့အထိ) အတွင်း အမှုပေါင်း (၂၉၉) မှု၊ တရားခံ ကျား (၃၇၂) ဦး၊ မ (၄၇) ဦး၊ ပေါင်း (၄၁၉) ဦး၊ စိတ်ကြွဆေးပြား(၉၃၆၀၉၆)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၂၆၅၉၈.၅၅) ဂရမ်၊ ဘိန်းဖြူ (၄၄၉၄၉.၃၈၄၁) ဂရမ်၊ ဘိန်းဖြူအရည် (၀.၀၁) လီတာ၊ ICE (၅၀၀၆၀၁.၁၈) ဂရမ်၊ ဘိန်း(၂၅၀၉၂.၆၅၇)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃.၅) ဂရမ်၊ ဘိန်းစာရွက် (၈၉၈.၁၅) ဂရမ်၊ ဘိန်းဆီခဲ (၉၅၆) ဂရမ်၊ ဆေးခြောက် (၃၅၁၄.၃၂) ဂရမ်၊ Ecstasy Tablet (၆၀)ပြား၊ Burprenorphine Tablet(၂၁)ပြား၊ Ketamine (၆၄၉၀၀၅.၄)ဂရမ်၊ ကဖင်း (၁၁၅၀၀၀၀) ဂရမ်၊ Phensedyl (၄၄) ပုလင်း၊ Soda မှုန့် (၁၄၀၀၀၀) ဂရမ်၊ ကော်မှုန့် (၁၀၀၀၀) ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ သေနတ်မျိုးစုံ (၄) လက်၊ ကျည်မျိုးစုံ (၄၉) တောင့်၊ ကျည်အိမ် (၁) ခု၊ လက်ပစ်ဗုံး (၁) လုံးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

စာမျက်နှာ ၆ မှ

ပေါ့ဆခြင်းမှန်သမျှဟာ ဘယ်လောက်သေးငယ်တဲ့ အမှတ်တမဲ့ပေါ့ဆခြင်းမျိုးပဲဖြစ်ဖြစ် အထိနာတဲ့ရလဒ်ဆိုးမျိုး ဖြစ်ပေါ်လာတတ်ပုံတွေကိုလည်း ကောင်းကောင်းကြီး သတိထားပြီး လုပ်ကိုင်ဆောင်ရွက်သမျှ လုပ်ရပ်တိုင်းမှာ၊ ကိုယ်လှမ်းလိုက်တဲ့ ခြေလှမ်းတိုင်းမှာ သတိသမ္ပဇဉ် ဉာဏ်နဲ့ယှဉ်ပြီး ဆောင်ရွက်သင့်ပါတယ်။ တစ်ကြိမ်တစ်ခါလေး မှားလိုက်တဲ့ အမှားဟာ ဘယ်အတိုင်းအတာအထိ အထိနာသွားစေနိုင်တယ်ဆိုတာကို သတိပြုပြီး အနာဂတ်ခြေလှမ်းတိုင်းမှာ ဒီအဖြစ်မျိုးနဲ့ ထာဝရဝေးစေနိုင်ဖို့အတွက် သင်ခန်းစာဖော်ထုတ်ပြီး ရှောင်သင့်တာရှောင်၊ ဆောင်သင့်တာ ဆောင်ကြရမှာဖြစ်ပါတယ်။ ယူမှုရမယ့်သင်ခန်းစာက ယူကိုယူမှဖြစ်မှာပါ။

တတိယတစ်ချက်က ခေါင်းဆောင်ကြီးတွေ မြင်ချင်ခဲ့ကြတဲ့တိုင်းပြည်ကို ခေါင်းဆောင်ကြီးတွေ မျှော်မှန်းခဲ့တဲ့အတိုင်း ဖန်တီးပုံဖော်ရေးလုပ်ငန်းစဉ်တွေမှာ တတ်နိုင်သမျှ ဝိုင်းဝန်းကူညီကြဖို့ဖြစ်ပါတယ်။ အာဇာနည်ကြီးတွေ သွေးမြေကျခဲ့ရတဲ့အဖြစ်ကနေတစ်ဆင့် နောင်အနာဂတ်မှာ တိုင်းပြည်ကောင်းစားရေးအတွက် ဘယ်လိုဘယ်ပုံ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မလဲဆိုတဲ့ အချက်ကိုရှာပြီး တွေ့ရှိလာတဲ့အသိတရားအတိုင်း အလေးအနက် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။

ခေါင်းဆောင်ကြီးတွေ သွေးမြေကျခဲ့ရတာ အခုဆိုရင် နှစ်ပေါင်း ၇၀ ကျော်လို့ နှစ်နှစ်တောင်စွန်းခဲ့ပြီ။ ဒီအချိန်မှာ ကိုယ့်တိုင်းပြည်ဟာ ခေါင်းဆောင်ကြီးတွေ မြင်ချင်ခဲ့တဲ့ ပုံစံအတိုင်း၊ ခေါင်းဆောင်ကြီးတွေ ဖြစ်စေချင်ခဲ့ကြတဲ့ ဖြစ်ရပ်တွေအတိုင်း ပုံပေါ်နေပြီလား၊ ခေါင်းဆောင်ကြီးတွေ ချမှတ်ခဲ့တဲ့လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း လျှောက်လှမ်းနေဖြစ်ကြပြီလားဆိုတဲ့ အချက်ကိုလည်း သုံးသပ်ဆင်ခြင်သင့်ပါတယ်။ လွဲနေတာလေးတွေတွေ့ရင် တတ်နိုင်သမျှ တည့်မတ်ယူကြရမှာ ဖြစ်ပါတယ်။

သူတို့ကိုချစ်ရင် သူတို့စကားနားထောင်

သူတို့ကိုချစ်တယ်ဆိုရင် သူတို့စကားကိုနားထောင်ကြရမှာဖြစ်ပါတယ်။ သူတို့ကိုလေးစားတယ်ဆိုရင် သူတို့ချပေးခဲ့တဲ့ လမ်းစဉ်တွေအတိုင်း လျှောက်လှမ်းကြဖို့ လိုအပ်ပါတယ်။ သူတို့ကို ရင်ထဲကသတိရနေတယ်ဆိုရင် သူတို့ဖြစ်စေချင်ခဲ့တဲ့ တိုင်းပြည်ရဲ့ ရုပ်လုံးကို ကိုယ်စွမ်းနိုင်ရာဘက်က ဝိုင်းဝန်းဖန်တီးပုံဖော်ပေးကြရမှာဖြစ်ပါတယ်။

ဒီအချိန်ဟာ ဘာလုပ်ရမယ့်အချိန်လဲ၊ တွဲလက်တူညီ ပြည်သစ်တည်ရမယ့်အချိန်ဖြစ်ပါတယ်။ ဒီအချိန်မှာ ဘာအရေးကြီးသလဲ။ ခေါင်းဆောင်ကြီးတွေရဲ့တိုင်းပြည်တည်ဆောက်ရေးအမွေကို ခံယူထားသူတွေက မျိုးဆက်သစ်တို့ရဲ့ လက်ထဲကို ကောင်းမွန်မှန်ကန်တဲ့ အခြေအနေတွေ ဖန်တီးပေးထားပြီဖြစ်တဲ့ တိုင်းသစ်ပြည်သစ်တစ်ခု လက်ဆင့်ကမ်း အမွေပေးထားခဲ့နိုင်ဖို့အတွက် အင်တိုက်အားတိုက်ကြိုးပမ်းပုံဖော်နေကြတဲ့အချိန်မှာ ကိုယ်စွမ်းနိုင်ရာဘက်က ဝိုင်းဝန်းလက်တွဲဖော်ဆောင်ပေးနိုင်ဖို့ အရေးကြီးပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးဆိုတဲ့ ခေါင်းစဉ်ကြီးအောက်မှာ နိုင်ငံ့ခေါင်းဆောင်ကြီးတွေနဲ့အတူ တိုင်းရင်းသားခေါင်းဆောင်အားလုံး လက်တွဲကြိုးပမ်းနေတဲ့အချိန်မှာ နိုင်ငံသားတစ်ဦးအနေနဲ့ ကိုယ်စွမ်းနိုင်ရာဘက်က ပံ့ပိုးဆောင်ရွက်နိုင်ဖို့လိုပါတယ်။ မပံ့ပိုးမကူညီနိုင်ဘူးဆိုရင်တောင်မှ ဒီလမ်းစဉ်ကြီးအတွက် အဟန့်အတားဖြစ်စေမယ့်လုပ်ရပ်မျိုးကို မဆောင်ရွက်လိုက်မိဖို့ လိုအပ်ပါတယ်။

နှစ်ပေါင်း ၇၀ ကျော် အတိတ်က နှောင့်ယှက်သူတစ်ယောက်ကြောင့် တိုင်းပြည်ဟာ ဗုန်းဗုန်းလဲပြိုကျပြီးခဲ့ပြီ။ ကိုယ့်လက်ထက်မှာ ကိုယ့်ကြောင့်နည်းနည်းလေးပဲဖြစ်ဖြစ် အဟန့်အတားအနှောင့်အယှက် ဖြစ်မသွားဖို့ အရေးကြီးတဲ့အကြောင်း ကောင်းကောင်းကြီး သတိပြုဆင်ခြင်ဖို့လိုမှာပါ။ တိုင်းပြည်တည်ဆောက်ရေးမှာ ကိုယ်ကအရေးပါတဲ့ အခန်းကဏ္ဍမှာရှိနေသလား။ ဒါဆိုရင် သိပ်ကိုအားရကျေနပ်ဖွယ်ကောင်းပါတယ်။ တိုင်းပြည်ရဲ့ခြေလှမ်းတိုင်းမှာ ပါဝင်အားဖြည့်ကူညီခွင့်ရတဲ့အတွက် တကယ့်ကို နှစ်သက်ဝမ်းမြောက်ဖွယ်ကောင်းပါတယ်။ ကိုယ်က တိုင်းပြည်တည်ဆောက်ရေးအတွက် သိပ်အရေးမပါဘူးလို့ ခံယူထားမိသလား။ ဒါဆိုရင်လည်း အားငယ်စရာမရှိပါဘူး။ တိုင်းပြည်ရဲ့အရေးကို ဒီတိုင်းပြည်မှာ နေထိုင်သူတိုင်း တစ်ထောင့်တစ်နေရာကနေ ပါဝင်ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးရှိတယ်ဆိုတာကို သတိမူသင့်ပါတယ်။ ခေါင်းဆောင်ကြီးတွေ လျှောက်တဲ့လမ်းမှာ ပါဝင်အားဖြည့်ဖို့ မစွမ်းနိုင်သေးဘူးဆိုရင်တောင်မှ အဟန့်အတားတစ်ခုဖြစ်မသွားအောင်တော့ သတိထားရှောင်ကြဉ်သင့်ပါတယ်။

အမုန်းပွားစေမည့် စကားများ ရှောင်ရှား

ဘာတွေသတိထားရမလဲ။ ငြိမ်းချမ်းရေးနှင့် ရင်ကြားစေ့ရေး ဆောင်ရွက်နေချိန်ဖြစ်တဲ့အတွက် တစ်ဖက်နဲ့ တစ်ဖက်၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ကြားမှာ အမုန်းပွားစေမယ့် စကားလေးတွေကို မပြောမိအောင် ရှောင်ကြဉ်ကြဖို့ပဲ ဖြစ်ပါတယ်။ ဒီကနေ့ လူမှုကွန်ရက်တွေ အားကောင်းလာတဲ့အချိန်မှာ ဟိုအဖွဲ့ကတော့ ဘာဖြစ်နေတယ်၊ ဒီအဖွဲ့ကဖြင့် ဘယ်နေရာမှာ ဘာမှဟန်မကျဘူး၊ ဟိုနောက်တစ်ဖွဲ့ကျတော့ ဘယ်နေရာမှာ ဘာတွေလုပ်နေတာက ဘယ်သူတွေကို အန္တရာယ်ပေးချင်လို့ ဖြစ်မယ်၊ ဘယ်သူတွေကတော့ဖြင့် နည်းနည်းလေးမှကို ယုံကြည်စရာမကောင်းဘူး စသည်အားဖြင့် ကိုယ့်စိတ်ထင်ရာတွေ ရေးရေးတင်လေ့ရှိကြတော့ ဒီဟာတွေကို ဖတ်ရှုတဲ့ သူကများများလား၊ ဖတ်တဲ့သူ အချင်းချင်း၊ ပြန်လည်မှတ်ချက်ပြုတဲ့သူအချင်းချင်း မင်းတို့ကဘာဖြစ်တယ်၊ ငါတို့က ဘာဖြစ်တယ်နဲ့ အပြန်အလှန်အချင်းများ၊ အမုန်းတွေ ပွားနေကြရတာတွေဟာလည်း တကယ်တော့ ရင်ကြားစေ့ရေးကို အတိုင်းအတာတစ်ရပ်အားဖြင့် ထိခိုက်မှုရှိစေနိုင်ပါတယ်။ ဒီလုပ်ရပ်မျိုးကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြရမှာ ဖြစ်ပါတယ်။

တကယ်တော့ ဒီအချိန်ဟာ တိုင်းပြည်အတွက်အရေးကြီးနေချိန်လည်းဖြစ်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဆိုတာကို တိုင်းရင်းသားအားလုံးရဲ့ လက်တွဲဖန်တီးမှုနဲ့သာ တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ တိုင်းရင်းသားလို့ဆိုရာမှာ ဒီနိုင်ငံမှာရှိကြတဲ့ နိုင်ငံသားတိုင်း ပါဝင်နေတာဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသား တစ်ဦးချင်းတစ်ယောက်ချင်းစီဟာ တိုင်းပြည်တည်ဆောက်ရေးအတွက် အရေးပါအရာရောက်တဲ့ သူတွေချည်း ဖြစ်တယ်ဆိုတာကို သတိထားပြီး ကိုယ့်တန်ဖိုးကိုယ် ကောင်းကောင်းနားလည်ခြင်းအားဖြင့် ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့ကြတဲ့ တိုင်းသစ်ပြည်သစ်ထူထောင်ရေးမှာ တတ်စွမ်းသမျှ အားဖြည့်ကူညီကြရမှာ ဖြစ်ပါတယ်။

ခေါင်းဆောင်ကြီးတွေ သွေးမြေကျခဲ့ရတဲ့အချိန်တွေကို ပြန်ပြောင်းအောက်မေ့ရင်းနဲ့ ယူရမယ့်သင်ခန်းစာတွေကို ယူပြီး ကူရမယ့် ကဏ္ဍတွေကို တတ်စွမ်းသမျှ ကူညီအားဖြည့်ကြရင်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ မျှော်လင့်ခဲ့တဲ့အနာဂတ်ကို အတူတကွ ဖန်တီးပုံဖော်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုဆုမွန်တောင်းလိုက်ရပါတယ်။ ။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံ တစ်ခုချင်းအလိုက် အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှုစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများတွင် သဘာဝဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့် ကျိုးပေါက်ပျက်စီးမှုမဖြစ်ပေါ်စေရေးအတွက် ဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရန်နှင့် အရေးပေါ် အခြေအနေတစ်ရပ်ဖြစ်ပေါ်လာပါက တမံအောက်ဘက်ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှုလျော့ပါးသက်သာစေရန်အတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပတ်သက်ဆက်စပ်သည့် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ကြိုတင်စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်၊ ရေလှောင်တမံတစ်ခုချင်းအလိုက် အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှုစီမံချက် (Emergency Preparedness Plan – EPP) များ ရေးဆွဲဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

ရေလှောင်တမံတစ်ခုချင်းအလိုက် အရေးပေါ်အခြေအနေတွင် တုံ့ပြန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း အောက်ပါအတိုင်း အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှု အဆင့် (၁)၊ အဆင့် (၂)၊ အဆင့် (၃) ဟူ၍ ပိုင်းခြားသတ်မှတ်ဖော်ပြထားပါသည်။

(က) အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု (အဆင့်- ၁) သတ်မှတ်ခြင်း

ရေပိုလွှဲမှ ရေစတင်ကျော်သည်နှင့် အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှု အဆင့် - ၁ အဖြစ်သတ်မှတ်ပါသည်။ ရေပိုလွှဲမှ ရေစတင်မကျော်သေးသော်လည်း အောက်ဖော်ပြပါ အခြေအနေများဖြစ်ပေါ်လာပါက အရေးပေါ် အခြေအနေကြိုတင်စီမံခန့်ခွဲမှုအဆင့်- ၁ အဖြစ် သတ်မှတ်ပါသည်။

- တမံကိုယ်ထည်၏ D/S အပိုင်းမှ ရေစိမ့်ထွက်သည့် ဧရိယာအသစ်များ ဖြစ်ပေါ်လာခြင်း၊
- တမံ Crest, U/S နှင့် D/S Slope များတွင် အက်ကြောင်းများ ဖြစ်ပေါ်ပြီး ရေစိမ့်ထွက်မှု မရှိခြင်း၊
- တမံ Crest နိမ့်ကျခြင်း၊ U/S နှင့် D/S Slope များ လျှောကျခြင်း၊
- တမံနှင့် မိုင် (၅၀) ပတ်လည်ဧရိယာအတွင်း ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ခြင်း၊
- အဖျက်အမှောင့်လုပ်ရပ်တစ်ခုခု (ဥပမာ - ဗုံးခွဲခြင်း) ကြောင့် တမံနှင့် ဆက်စပ်ရေအားအဆောက်အအုံများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သော်လည်း တမံ၏ ကြံ့ခိုင်လုံခြုံမှုအား စိုးရိမ်ဖွယ်ရာမရှိခြင်း။

အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအဆင့်- ၁ ဖြစ်ပေါ်လာသည့် အခြေအနေတွင် တမံအောက်ဘက်ရှိ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများသို့ ဆက်သွယ်အသိပေးသွားမည်ဖြစ်ပြီး အများပြည်သူများ မြင်သာသောနေရာနှင့် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် အစိမ်းရောင်အလံ လွှင့်ထူသွားမည်ဖြစ်ပါသည်။ ရေပိုလွှဲမှ ရေကျော်ကျခြင်းမရှိသေးသည့် အခြေအနေတွင်ဖြစ်စေ၊ ရေကျော်ကျနေသည့် အခြေအနေတွင်ဖြစ်စေ တမံနှင့် ဆက်စပ်ရေအားအဆောက်အအုံများတွင် မူလအသွင်အပြင်မှ ထူးခြားစွာဖြစ်ပေါ်ပြောင်းလဲလာသည့် အထက်ဖော်ပြပါ အခြေအနေများ ဖြစ်ပေါ်လာပါက

- ဆည်တမံတာဝန်ခံ (ဦးစီးအရာရှိ) မှ ဆည်တမံလုံခြုံမှု စစ်ဆေးသူ (လ/ထ ညွှန်ကြားရေးမှူး) ထံသို့ဖြစ်ပေါ်မှု အခြေအနေကို သတင်းပို့ခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တမံအောက်ဘက်ရှိ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသို့ ဆက်သွယ်အသိပေးခြင်း၊
- ဆည်တမံ လုံခြုံမှုစစ်ဆေးသူ (လ/ထ ညွှန်ကြားရေးမှူး) မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (ဆည်/ရေ) ထံသို့ စစ်ဆေးတွေ့ရှိမှုနှင့် ဖြစ်ပေါ်မှုအခြေအနေကို သတင်းပေးပို့ခြင်း၊ သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးထံသို့ဆက်သွယ်အသိပေးခြင်း၊
- ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (ဆည်/ရေ) မှနေ၍ ညွှန်ကြားရေးမှူးချုပ် (ဆည်/ရေ) နှင့် တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးထံသို့ တင်ပြအစီရင်ခံပြီး လ/ထ ညွှန်ကြားရေးမှူးအနေဖြင့် ညွှန်ကြားရေးမှူး (ဒီဇိုင်း/ပုံထုတ်)၊ (ဇလဗေဒ)၊ (ဘူမိဗေဒ) မှ တာဝန်ပေးအပ်ထားသော နည်းပညာပိုင်းဆိုင်ရာ ကိုယ်စားလှယ်နှင့် ဆွေးနွေးညှိနှိုင်း၍ အင်ဂျင်နီယာပိုင်းဆိုင်ရာ သုံးသပ်အကြံပြုချက်များရယူကာ ချက်ချင်းဆောင်ရွက်ရန်လိုအပ်သည့် အစီအမံများကို အချိန်နှင့် တစ်ပြေးညီစီမံဆောင်ရွက်ခြင်း၊ ဆောင်ရွက်မည့် အစီအမံများကို အထက်အဆင့်ဆင့် သို့တင်ပြခြင်း။

ဖြူးချောင်းရေလှောင်တမံ၊ ရေပိုလွှဲနှင့် ရေယူအဆောက်အဦအား တွေ့ရစဉ်။

(ခ) အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု (အဆင့်- ၂) သတ်မှတ်ခြင်း

- ရေပိုလွှဲမှရေကျော်ကျမှု ဆက်လက်မြင့်တက်လာပြီး မူလဒီဇိုင်းပြု သတ်မှတ်ထားသည့် Maximun High Flood Level သို့ ရောက်ရှိကာ တမံအောက်ဘက်ဒေသများ ရေကြီးမှုဖြစ်ပေါ်နိုင်ခြင်း၊
- ကန်တွင်းရေမှတ်မှာ Crest Level ရောက်ရန် (၃) ပေခန့်သာလိုပြီး ဆက်လက်မြင့်တက်လာမည့် အခြေအနေရှိခြင်း၊
- တမံကိုယ်ထည်၏ D/S အပိုင်းမှ ရေစိမ့်ထွက်သည့် ဧရိယာများ ပိုမိုဖြစ်ပေါ်လာခြင်းနှင့် အတူ ရေစိမ့်ထွက်မှုပမာဏပိုမိုများပြားလာပြီး ရေနောက်များ ထွက်လာခြင်း၊
- တမံ Crest၊ U/ S နှင့် D/ S Slope များတွင် အက်ကြောင်းများဖြစ်ပေါ်ပြီး ရေစိမ့်ထွက်ခြင်း၊
- တမံ Crest နိမ့်ကျမှု U/ S နှင့် D/ S Slope များ လျှောကျမှုများ သိသာထင်ရှားစွာ ပိုမို ဖြစ်ပေါ်လာခြင်း၊
- တမံဘေးနှစ်ဖက် Abutment များလျှောကျခြင်း၊
- ငလျင်လှုပ်ခတ်မှုကြောင့် တမံနှင့်ဆက်စပ်ရေအားအဆောက်အအုံများတွင် သိသာထင်ရှားစွာထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခြင်း (ဥပမာ- အက်ကြောင်း၊ နိမ့်ကျမှု၊ လျှောကျမှု၊ ရေစိမ့်ထွက်မှု............... စသည်ဖြင့်)၊
- အဖျက်အမှောင့်လုပ်ရပ်တစ်ခုခု (ဥပမာ- ဗုံးခွဲခြင်း) ကြောင့် တမံအတွင်းမှ ရေစိမ့်ထွက်မှု ဖြစ်ပေါ်ခြင်း။

အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအဆင့် - ၂ သို့ ရောက်ရှိလာသည့် အခြေအနေတွင် တမံအောက်ဘက်ရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများသို့ ဆက်သွယ်အသိပေးသွားမည်ဖြစ်ပြီး အများပြည်သူများ မြင်သာသောနေရာနှင့် ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် အဝါရောင်အလံလွှင့်ထူခြင်း၊ အသံချဲ့စက်ဖြင့်လှည့်လည်ကြေညာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အဆင့် -၂ သို့ ရောက်ရှိလာသည့် အခြေအနေတွင်

- ဆည်တမံတာဝန်ခံ (ဦးစီးအရာရှိ) မှ ဆည်တမံလုံခြုံမှု စစ်ဆေးသူ (လ/ထ ညွှန်ကြားရေးမှူး) ထံသို့ဖြစ်ပေါ်မှု အခြေအနေကိုသတင်းပို့ခြင်း၊ သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တမံအောက်ဘက်ရှိ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများသို့ ဆက်သွယ်အသိပေးခြင်းနှင့် မြစ်ချောင်းဘေးတစ်လျှောက် မြေနိမ့်ဒေသများတွင် နေထိုင်ခြင်းမပြုရန် သတိပေးနှိုးဆော်ခြင်း၊
- ဆည်တမံ လုံခြုံမှုစစ်ဆေးသူ (လ/ထ ညွှန်ကြားရေးမှူး) မှ ဖြစ်ပေါ်မှု အခြေအနေကို ညွှန်ကြားရေးမှူး ၊ ဒုတိယညွှန်ကြားရေးမှူး (ဆည်/ရေ) ထံသို့ သတင်းပေးပို့ခြင်း၊ သက်ဆိုင်ရာခရိုင် အုပ်ချုပ်ရေးမှူးထံသို့ ဆက်သွယ်အသိပေးခြင်းနှင့် ရေလွတ်ရာကုန်းမြင့်ဒေသများသို့ ရှောင်တိမ်းနေထိုင်နိုင်ရေး ကြိုတင်လျာထားစီမံနိုင်ရန် သတိပေးနှိုးဆော်ခြင်း၊
- ညွှန်ကြားရေးမှူး ၊ ဒုတိယ ညွှန်ကြားရေးမှူး (ဆည်/ရေ) မှနေ၍ ညွှန်ကြားရေးမှူးချုပ် (ဆည်/ရေ) နှင့် တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့တို့ထံသို့ ချက်ချင်းတင်ပြအစီရင်ခံခြင်း၊
- လက်ထောက်ညွှန်ကြားရေးမှူးအနေဖြင့် ညွှန်ကြားရေးမှူး (ဒီဇိုင်း/ပုံထုတ်)၊ (ဇလဗေဒ)၊ (ဘူမိဗေဒ) မှ တာဝန်ပေးအပ်ထားသော နည်းပညာပိုင်းဆိုင်ရာ ကိုယ်စားလှယ်နှင့် ဆွေးနွေးညှိနှိုင်းပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာ သုံးသပ်အကြံပြုချက်များရယူ၍ ချက်ချင်းဆောင်ရွက်ရန် လိုအပ်သည့် အစီအမံများကို အချိန်နှင့် တစ်ပြေးညီ စီမံဆောင်ရွက်ခြင်း၊ ဆောင်ရွက်မည့် အစီအမံများကို အထက်အဆင့်ဆင့်သို့ တင်ပြခြင်း၊
- တိုင်းဒေသကြီး/ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့သို့လည်းကောင်း၊ သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ လည်းကောင်း ဆက်လက်တင်ပြ၍ လမ်းညွှန်မှုခံယူဆောင်ရွက်ခြင်း၊
- ညွှန်ကြားရေးမှူးချုပ် (ဆည်/ရေ) မှနေ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ ဆက်လက်တင်ပြ၍ လမ်းညွှန်မှုခံယူတင်ပြခြင်း။

(ဂ)အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု (အဆင့် - ၃) သတ်မှတ်ခြင်း

- ရေပိုလွှဲမှ ရေကျော်စီးထွက်နေမှုမှာ မူလဒီဇိုင်းပြုသတ်မှတ်ထားသည့် Maximum High Flood Level ထက် ကျော်လွန်ပြီး ရေပိုလွှဲအဆောက်အအုံ ကျိုးပေါက်ပျက်စီးစေနိုင်သည့် အခြေအနေဖြစ်ပေါ်လာခြင်း၊
- ကန်တွင်းရေမှတ်မှာ Crest Level ရောက်ရန် (၁) ပေခန့်သာလိုပြီး ဆက်လက်မြင့်တက်လျက်ရှိကာ တမံကိုယ်ထည်ပေါ် ရေကျော်၍ တမံကျိုးပေါက်နိုင်မည့် အခြေအနေရှိခြင်း၊
- တမံကိုယ်ထည်၏ D/S အပိုင်းမှ ရေနောက်များ စိမ့်ထွက်မှုပမာဏမှာ ၁၀ ဂါလန်/မိနစ်ထက် ပိုမိုများပြားလာခြင်း၊
- တမံ Crest၊ U/S နှင့် D/S Slope များတွင် အက်ကြောင်းများဖြစ်ပေါ်မှု ပိုမိုကြီးမား များပြားလာပြီး ရေစိမ့်ထွက်မှုလည်း ပိုမိုများပြားလာကာ တမံကျိုးပေါက်နိုင်မည့် အခြေအနေရှိလာခြင်း၊
- တမံ၏ U/S နှင့် D/S Slope များ လျှောကျပြီး ရေစိမ့်ထွက်မှုဖြစ်ပေါ်ကာ တမံကျိုးပေါက်နိုင် မည့်အခြေအနေရှိလာခြင်း၊
- တမံဘေးနှစ်ဖက် Abutment ပြိုကျမှုများ ဆက်လက်၍ဖြစ်ပေါ်ပြီး တမံကျိုးပေါက်နိုင်မည့် အခြေအနေရှိလာခြင်း၊
- ငလျင်လှုပ်ခတ်မှုကြောင့် တမံနှင့်ဆက်စပ်ရေအားအဆောက်အအုံများတွင် အက်ကြောင်းများ၊ နိမ့်ကျ၊ လျှောကျမှုများဖြစ်ပေါ်ပြီး ရေစိမ့်ထွက်မှုမှာ ထိန်းချုပ်မရနိုင်သည့်ပမာဏအထိ ထွက်ရှိလာခြင်း၊
- အဖျက်အမှောင့်လုပ်ရပ်တစ်ခုခု (ဥပမာ - ဗုံးခွဲခြင်း) ကြောင့် တမံအတွင်းမှ ရေစိမ့်ထွက်ကာ ထိန်းချုပ်မရနိုင်သည့် ပမာဏအထိ ထွက်ရှိလာခြင်း၊

အရေးအပေါ်အခြေအနေစီမံခန့်ခွဲမှု အဆင့် - ၃ သို့ ရောက်ရှိလာသည့် အခြေအနေတွင် တမံအောက်ဘက်ရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများသို့ ဆက်သွယ်အသိပေးသွားမည်ဖြစ်ပြီး အများပြည်သူများ မြင်သာသောနေရာနှင့်ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် အနီရောင် အလံလွှင့်ထူခြင်း၊ အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုအဆင့် - ၃ သို့ ရောက်ရှိ လာသည့် အခြေအနေတွင်

- ဆည်တမံတာဝန်ခံ (ဦးစီးအရာရှိ)မှ ဆည်တမံလုံခြုံမှုစစ်ဆေးသူ (လ/ထ ညွှန်ကြားရေးမှူး) ထံသို့ဖြစ်ပေါ်မှု အခြေအနေကို သတင်းပို့ခြင်း၊ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ တမံအောက်ရှိကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အသိပေးခြင်းနှင့် မြစ်ချောင်းဘေးတစ်လျှောက် မြေနိမ့်ဒေသများတွင် နေထိုင်ခြင်းမပြုရန် အမြန်ဆုံးသတိပေးနှိုးဆော်ခြင်း၊
- ဆည်တမံလုံခြုံမှုစစ်ဆေးသူ (လ/ထ ညွှန်ကြားရေးမှူး) မှ ဖြစ်ပေါ်မှုအခြေအနေကို ညွှန်ကြားရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူး (ဆည်/ရေ) ထံသို့ သတင်းပေးပို့ခြင်း၊ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အသိပေးခြင်းနှင့် ရေလွတ်ရာကုန်းမြင့်ဒေသများသို့ ရှောင်တိမ်းနေထိုင်ရန် အမြန်ဆုံး သတိပေးနှိုးဆော်ခြင်း၊
- ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (ဆည်/ရေ) မှနေ၍ ညွှန်ကြားရေးမှူးချုပ် (ဆည်/ရေ) နှင့် တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ထံသို့ ချက်ချင်းတင်ပြ အစီရင်ခံခြင်း၊
- လက်ထောက်ညွှန်ကြားရေးမှူးအနေဖြင့် ညွှန်ကြားရေးမှူး (ဒီဇိုင်း/ပုံထုတ်)၊ (ဇလဗေဒ)၊ (ဘူမိဗေဒ) မှ တာဝန်ပေးအပ်ထားသော နည်းပညာပိုင်းဆိုင်ရာ ကိုယ်စားလှယ်နှင့် ဆွေးနွေးညှိနှိုင်းပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာ သုံးသပ်အကြံပြုချက်များရယူ၍ ချက်ချင်းဆောင်ရွက်ရန် လိုအပ်သည့် အစီအမံများကိုအချိန်နှင့် တစ်ပြေးညီ စီမံဆောင်ရွက်ခြင်း၊ ဆောင်ရွက်မည့် အစီအမံများကို အထက် အဆင့်ဆင့်သို့တင်ပြခြင်း၊
- တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့လည်းကောင်း သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ လည်းကောင်း ဆက်လက်တင်ပြ၍ လမ်းညွှန်မှုခံယူ ဆောင်ရွက်ခြင်း၊
- ညွှန်ကြားရေးမှူးချုပ် (ဆည်/ရေ) မှနေ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ ဆက်လက်တင်ပြ၍ လမ်းညွှန်မှုခံယူဆောင်ရွက်ခြင်း၊
- ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အခြားဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ အရေးပေါ်တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ကြိုတင်ပူးပေါင်းပြင်ဆင်ဆောင်ရွက်ခြင်း။

သဘာဝဘေးအန္တရာယ်မှာ အများအားဖြင့် ကြိုတင်မှန်းဆသိရှိနိုင်သည့် အခြေအနေမရှိသောကြောင့် လျှပ်တစ်ပြက်ဖြစ်ပေါ်လာသည့် အရေးပေါ်အခြေအနေ တစ်ရပ်ရပ်အပေါ်တွင်မူတည်၍ တုံ့ပြန်ဆောင်ရွက်ရသည်ဖြစ်သည့်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ရေးဆွဲဆောင်ရွက်ထားသည့် EPP ပါ လုပ်ငန်းစဉ်များအတိုင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပတ်သက်ဆက်စပ်သည့် ဌာနဆိုင်ရာများနှင့်အတူ ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ တမံအောက်ဘက်တွင်နေထိုင်သည့် ပြည်သူများအနေဖြင့်လည်း EPP ရေးဆွဲဆောင်ရွက်ထားမှု အခြေအနေများကို ကြိုတင်သိရှိပြီး လိုအပ်သလိုပူးပေါင်းကာ လိုက်နာဆောင်ရွက်သွားနိုင်ရန် အထူးလိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် မြန်မာ့ရိုးရာ ခြင်းလုံးဝိုင်းဖွဲ့အမှတ်ခတ်ပြိုင်ပွဲသို့ တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၅

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးများသည် ယမန်နေ့က အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ ရိုးရာခြင်းလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက် မြန်မာ့ရိုးရာ ခြင်းလုံး ဝိုင်းဖွဲ့အမှတ်ခတ်ပြိုင်ပွဲသို့ တက်ရောက် ဆုချီးမြှင့်သည်။

ပြိုင်ပွဲများအပြီး မြန်မာနိုင်ငံရိုးရာ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် အလှူငွေများထည့်ဝင်ပေးခဲ့ကြသော ဒုတိယဥက္ကဋ္ဌများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံရိုးရာခြင်းလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များက အမျိုးသမီး လေးပေါက်တန်းပြိုင်ပွဲတွင် ပထမဆုရ One Two Two One အသင်း၊ ဒုတိယဆုရ ကျန်းမာသုခ အသင်း၊ တတိယဆုရ ရွှေသဟာ(က) အသင်း၊ အမျိုးသား လေးပေါက်တန်း ပြိုင်ပွဲတွင် ပထမဆုရ တက်သစ်စအသင်း၊ ဒုတိယဆုရ စိန်သရဖူအသင်း၊ တတိယဆုရ ချစ်ကြည်ရေးအသင်း၊ အမျိုးသား ခြောက်ပေါက်တန်းပြိုင်ပွဲတွင် ပထမဆုရ မန်းစတားအသင်း၊ ဒုတိယဆုရ Top Star အသင်း၊ တတိယဆုရ ရွှေဟံသာ အသင်း၊ အမျိုးသား ၁၀ ပေါက်တန်း ပြိုင်ပွဲတွင် ပထမဆုရ ဒွေးရတနာအသင်း၊ ဒုတိယဆုရ One Two Two One အသင်း၊ တတိယဆုရ ကာကွယ်ရေး အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလားနှင့်အတူ ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြိုင်ပွဲတွင် အမျိုးသမီး အမျိုးသား လေးပေါက်တန်း၊ ခြောက်ပေါက်တန်း၊ ၁၀ ပေါက်တန်းပြိုင်ပွဲ၌ အကောင်းဆုံး အားကစားသမားဆုရကစားသမားများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အထောက်အဆယ်ဆုရကစားသမားတို့အား ဆုဖလားနှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကြသည်။

သတင်းနှင့်ဓာတ်ပုံ - အာကာလင်း

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ဇူလိုင်နှင့် ဩဂုတ်တွင် ပြည်တွင်းခြေစမ်းပွဲများ ကစားမည်

ရန်ကုန် ဇူလိုင် ၁၅

၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဇူလိုင်နှင့် ဩဂုတ်တွင် ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဇူလိုင် ၁ ရက်မှစ၍ စခန်းဝင်လေ့ကျင့်ခဲ့ပြီး လက်ရှိတွင် ကစားသမား ၃၁ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အမျိုးသမီး အသင်းသည် စခန်းဝင်လေ့ကျင့်ပြီး နှစ်ပတ်မပြည့်မီမှာပင် နိုင်ငံတကာခြေစမ်းပွဲစတင် ကစားမည်ဖြစ်ပြီး ဇူလိုင် ၁၃ ရက်က ရန်ကုန်မြို့၌ ကစားသည့်ပွဲတွင် စင်ကာပူလက်ရွေးစင် အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ယှဉ်ပြိုင်ရမည့် အာရှပြိုင်ပွဲမှာ အောက်တိုဘာလနောက်ဆုံးပတ်မှ ကျင်းပမည်ဖြစ်သောကြောင့် လေးလနီးပါး အချိန်ယူပြင်ဆင်နေခြင်းဖြစ်ပြီး စက်တင်ဘာမှသာ နိုင်ငံတကာ ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဩဂုတ်လကုန်အထိ ပြည်တွင်းခြေစမ်းပွဲများသာ ကစားမည်ဖြစ်ပြီး အမျိုးသား အသင်းများ၊ အမျိုးသမီးကလပ်အသင်းများနှင့် ခြေစမ်းမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး ပြိုင်ပွဲမတိုင်မီ ပြည်ပ လေ့ကျင့်ရေးခရီးစဉ်လည်း သွားရောက်မည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်**-ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြ**-ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ **ဂိုးနည်းပြ**-ဦးကိုကိုအောင်၊ **ဂိုး**- ပိုးဥ၊ ဇူးလတ်နဒီ၊ ခင်မြတ်မိုး၊ စိမ်းလဲ့လဲ့ဦး၊ **နောက်တန်း**- ဇွန်ယုယဦး၊ နန့်ဇူးဇူးထက်၊ သဲအိမိုး၊ ကြည်ပြာလင်း၊ နော်ထက်ထက်ဝေ၊ မိုးမမစိုး၊ နှင်းမြသဇင်၊ မေသက်မွန်မြင့်၊ သဇင်အောင်၊ ကေကေ၊ အိအိကျော်၊ **အလယ်တန်း** - ပွင့်ပွင့်ပြည့်မောင်၊ ဝင်းဝင်း၊ မေဖူးကို၊ မိုးမိုးသန်း၊ ဇင်မာထွေး၊ အေးအေးထွေး၊ ဘွဲ့လျှန်ကိန်း၊ **ရှေ့တန်း** - နွယ်နီဝင်း၊ စန်းသော်သော်၊ ဆုပြည့်ပြည့်ကျော်၊ လင်းမြင့်မိုရ်၊ လင်းလဲ့ဦး၊ အေးမြတ်ခိုင်၊ ဆွေမာအောင်၊ မြတ်နိုးခင်နှင့် အိစန္ဒာဇော်တို့ ပါဝင်ကြသည်။

ညီမြတ်သော်တာ

သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသည့် ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက် ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ် မောင်းနှင်သူများ အနေဖြင့် အခြားလမ်းများမှ သွားလာ အသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် (၀၄:၀၀)အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ (အာဇာနည်လမ်းထိပ်)၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်သည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကိုယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ဝင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးအကြောင်းကြားခြင်း

လက်ကိုင်ဖုန်းအမျိုးမျိုး
ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
အလံအမျိုးမျိုး
ဗီနိုင်စအမျိုးမျိုး
လက်ကိုင်အိတ်အမျိုးမျိုး
ပုလင်း / ဘူးအမျိုးမျိုး
ကင်မရာအမျိုးမျိုး
အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ
မီးခြစ်အမျိုးမျိုး

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်သည့် မိဘပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြော်ငြာခြင်း

◆ *ကျော်ဖုံးမှ*

အာဆီယံနိုင်ငံအပြင် တရုတ်၊ အိန္ဒိယ၊ အီရန်၊ ယူရို၊ နော်ဝေနိုင်ငံနှင့် အိမ်ရှင် ထိုင်းနိုင်ငံမှ လက်ရွေးစင်အားကစားသမားများ ပါဝင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ အာရှပြိုင်ပွဲမသွားဘဲနဲ့ ဆီးဂိမ်းပြိုင်ပွဲအတွက် အတွေ့အကြုံရယူလိုက်တဲ့ပြိုင်ပွဲဖြစ်ပါတယ်။ အဓိကယှဉ်ပြိုင်တာစီနီယာတန်းဖြစ်ပါတယ်။ ထိုင်းက လက်ရွေးစင်များပါသလို ကျန်တဲ့ အာဆီယံနိုင်ငံတွေက လက်ရွေးစင် နည်းပါတယ်။ ဆီးဂိမ်းပြိုင်ပွဲမှာလည်း အခု သွားပြိုင်တဲ့ ကစားသမားတွေနဲ့ စခန်းသွင်းထားတဲ့ ကစားသမားတွေ ရွေးချယ်ပြီး ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ကျော်မိုးက ပြောသည်။

ယင်းကရာတေးအဖွဲ့သည် အဖွဲ့ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဦးကျော်ကျော်မိုးနှင့် အားကစားသမား အမျိုးသားခြောက်ဦး၊ အမျိုးသမီး ခုနစ်ဦး၊ ES4E မှ ကစားသမားတစ်ဦးသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံကရာတေး အဖွဲ့ချုပ်ဒုတိယ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အမှုဆောင်များ၊ အားကစားနှင့်ကာယ ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အဖွဲ့ချုပ်မှ အားကစားသမားများနှင့် အား/ ကာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသားကျောင်းသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ - အာကာစိုး

❍ *ကျော်ဖုံးမှ*

ရခိုင်အသင်းသည် ရမှတ် ၂၆ မှတ်သာရှိသောကြောင့် ခုနစ်မှတ်ကွာဟနေပြီး ချန်ပီယံမျှော်လင့်ချက်နည်းသွားပြီဖြစ်သည်။ လက်ရှိအနေအထားအရ ယင်းသုံးသင်း၏ ရမှတ်ကွာဟမှုမှာ သုံးမှတ်သာရှိသောကြောင့် လက်ကျန်ပွဲများမှာ ပိုမိုအရေးပါလာမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲအားလုံး အိမ်ကွင်းကစားရမည့် ရှမ်းယူနိုက်တက်အသင်းက ပြိုင်ဘက်အသင်းများထက် အခွင့်အရေးအနည်းငယ်သာနေရာ အသုံးချနိုင်ရန်သာ လိုအပ်နေသည်။ လက်ကျန်ပွဲအနေအထားအရ ရန်ကုန်အသင်းသည် ပွဲစဉ် (၁၇) တွင် ဒဂုံအသင်းနှင့် အိမ်ကွင်း၊ ပွဲစဉ် (၁၈) တွင် စစ်ကိုင်းအသင်းနှင့် အဝေးကွင်း၊ ပွဲစဉ် (၁၉) တွင် Chinland အသင်းနှင့် အဝေးကွင်း၊ ပွဲစဉ် (၂၀) တွင် ရောဝတီအသင်းနှင့် အဝေးကွင်း၊ ပွဲစဉ် (၂၁) တွင် Southern အသင်းနှင့် အဝေးကွင်း၊ ပွဲစဉ် (၂၂) တွင် မကွေးအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းမှာမူ ပွဲစဉ် (၁၇) တွင် ရောဝတီအသင်း၊ ပွဲစဉ် (၁၈) တွင် Southern အသင်း၊ ပွဲစဉ် (၁၉) တွင် ရတနာပုံအသင်း၊ ပွဲစဉ် (၂၀) တွင် ဇွဲကပင်အသင်း၊ ပွဲစဉ် (၂၁) တွင် မကွေးအသင်း၊ ပွဲစဉ် (၂၂) တွင် ရခိုင်အသင်းနှင့် ပွဲအားလုံးအိမ်ကွင်း ကစားရမည်ဖြစ်သည်။ ရောဝတီအသင်းမှာမူ ပွဲစဉ် (၁၇) တွင် ရှမ်းယူနိုက်တက်နှင့် အဝေးကွင်း၊ ပွဲစဉ် (၁၈) တွင်ဇွဲကပင်အသင်းနှင့် အိမ်ကွင်း၊ ပွဲစဉ် (၁၉) တွင် မကွေးအသင်းနှင့် အိမ်ကွင်း၊ ပွဲစဉ် (၂၀) တွင် ရန်ကုန်အသင်းနှင့် အိမ်ကွင်း၊ ပွဲစဉ် (၂၁) တွင် ဟံသာဝတီအသင်းနှင့် အဝေးကွင်း၊ ပွဲစဉ် (၂၂) တွင် စစ်ကိုင်းအသင်းနှင့် အိမ်ကွင်း ကစားရမည်ဖြစ်သည်။ လက်ကျန်ပွဲအနေအထားအရ ယင်းသုံးသင်း ထိပ်တိုက်တွေ့ဆုံမည့်ပွဲ ပါဝင်နေပြီး ယင်းပွဲရလဒ်များမှာ ချန်ပီယံဆုအတွက် အတိုင်းအတာတစ်ခုထိ အရေးပါလာနိုင်သည်။ ရန်ကုန်အသင်းသည် ပွဲစဉ် (၁၈) မှ (၂၁) အထိ အဝေးကွင်းလေးပွဲဆက်တိုက် ကစားရမည်ဖြစ်ပြီး ယင်းပွဲများမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်လာနိုင်သလို အိမ်ကွင်းပွဲအားလုံး ကစားရမည့် ရှမ်းယူနိုက်တက်အသင်းအတွက်မူ ရောဝတီ၊ ရတနာပုံတို့နှင့် ကစားရမည့်ပွဲများမှာ အရေးပါလာနိုင်သလို ယခုတစ်ပတ်ကစားရမည့် ရောဝတီနှင့်ပွဲမှာ လွန်စွာအရေးပါနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ရှုံးပွဲမရှိသေးသော တစ်သင်းတည်းသောအသင်းအဖြစ် ရပ်တည်နေပြီး ဇူလိုင် ၁၄ ရက်က ကစားသည့် ပွဲစဉ် (၁၆) တွင် ဟံသာဝတီကို နှစ်ဂိုးအရှုံးမှ သုံးဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရောဝတီအသင်းမှာမူ ကျန်နှစ်သင်းထက် ပွဲပိုကျပ်နေပြီး ရှမ်း၊ ရန်ကုန်တို့နှင့် ကစားရန်ကျန်သေးသလို ဟံသာဝတီနှင့် အဝေးကွင်းပွဲကလည်း အရေးပါနေသည်။

တန်းဆင်းဇုန်နှစ်နေရာအတွက်မူ အသင်းငါးသင်း အပြိုင်ဖြစ်နေပြီး ၁၅ မှတ်စီရထားသည့် မကွေး၊ ဇွဲကပင်နှင့် Southern အသင်း၊ ၁၃ မှတ်ရထားသည့် ဒဂုံနှင့် ၁၂ မှတ်ရထားသည့် Chinland အသင်းတို့ အပြိုင်လုရမည်ဖြစ်သည်။ ယခုရာသီတွင် ချန်ပီယံတိုက်ပွဲအပြင် တန်းဆင်းဇုန်တိုက်ပွဲမှာလည်း ပြင်းထန်နေပြီး နောက်ဆုံးအချိန်ထိ အပြိုင်လုရဖွယ်ရှိနေသည်။

ညီမြတ်သော်တာ

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

မက်ဂွိုင်ရီအား ခေါ်ယူရန် မန်ယူအသင်း သဘောတူညီမှုရရှိ

မန်ယူအသင်းသည် လက်စတာစီးတီးနောက်ခံကစားသမား မက်ဂွိုင်ရီ (၂၆နှစ်) အား ပေါင်သန်း ၈၀ ဖြင့် ခေါ်ယူရန် လက်စတာစီးတီးအသင်းနှင့် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထိုအပြောင်းအရွှေ့ပြီးမြောက်ပါက မက်ဂွိုင်ရီသည် သမိုင်းတစ်လျှောက်တွင် ဈေးအကြီးဆုံးနောက်ခံကစားသမားဖြစ်လာမည်လည်း ဖြစ်သည်။

ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ ဒီဂျိုကိုဗစ် ဗိုလ်စွဲ

ယမန်နေ့က ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသား တစ်ဦးချင်းဗိုလ်လုပွဲတွင် ဆားဘီးယားတင်းနစ်ကစားသမား ဒီဂျိုကိုဗစ်က ဆွစ်ဇာလန်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရားကို ၇-၆ (၇-၅)၊ ၁-၆၊ ၇-၆ (၇-၄)၊ ၄-၆၊ ၁၃-၁၂ (၇-၃)ဖြင့် အနိုင်ရရှိခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဂျိုကိုဗစ်သည် ဝင်ဘယ်လ်ဒန်ချန်ပီယံဆုကို ငါးကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ထိပ်သီးတင်းနစ်ကစားသမားနှစ်ဦးဖြစ်သော ဂျိုကိုဗစ်နှင့် ဖက်ဒဲရားတို့ယှဉ်ပြိုင်မှုသည် ငါးနာရီနီးပါး ကြာမြင့်ခဲ့ပြီး ဝင်ဘယ်ဒန်သမိုင်းတစ်လျှောက် ၄ နာရီ ၅၇ မိနစ်ဖြင့် ပွဲချိန်အကြာမြင့်ဆုံး စံချိန်ကိုလည်း တင်နိုင်ခဲ့သည်။ **အောင်ဇော်**

ချင်းတွင်းမြစ်အတွင်း ကျောက်မီးသွေးတင်ဆောင်လာသော တွဲသင်္ဘောတစ်စင်း နစ်မြုပ်

ကလေးဝ ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ခုံကြီးကျေးရွာအုပ်စု ရွှေကျင်ကျေးရွာ အနီး ချင်းတွင်းမြစ်အတွင်း ကျောက်မီး သွေးတင်ဆောင်လာသော တွဲသင်္ဘော တစ်စင်း ယနေ့ နံနက် ၇ နာရီက တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရ သည်။

ယင်းသင်္ဘောသည် ကလေးဝမြို့နယ် သစ်ချောက်ကျေးရွာအုပ်စု ထူးဟန်သစ် ကျောက်မီးသွေးကုမ္ပဏီမှ ကျောက်မီး သွေးတန်ချိန် ၁၇၅၁ ဒသမ ၉ တန်ကို တင်ဆောင်ပြီး ရေစကြိုမြို့နေ ရေယာဉ် အုပ် ဦးကိုနိုင်မောင်းနှင်လာသည့် ဇွဲမြင့် ထွန်း(၇) တွဲသင်္ဘောသည် ကိုင်းတော ကျေးရွာအုပ်စု ဇီးဒေါင့်ကျေးရွာအနီး အရောက်တွင် တက်မနှင့်ပန်ကာကြား တွင် သစ်တုံးညှပ်သဖြင့် အရှိန်မထိန်း နိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားကာ ရွှေကျင်ကျေးရွာအနီး သောင်ခုံတွင် မှောက်လျက် တင်ကျန်လျက်ရှိကြောင်း သိရသည်။**(ဓါတ်ပုံ)**

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနမှ မိုးရာသီမြစ်ရေကြီး မြင့်ချိန် ချင်းတွင်းမြစ်ကြောင်း တစ်လျှောက် ရေယာဉ်များဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ရေဝဲသတိပေး ချက်ကို ဇွန်လဒုတိယပတ်အတွင်းက ထုတ်ပြန်ထားကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

ဖားကန့်၌ ကျောက်စိမ်းလုပ်ကွက် ကမ်းပါးယံပြိုကျခဲ့သဖြင့် ပျောက်ဆုံးနေသူ လေးဦးအားသေဆုံးလျက် တွေ့ရှိ

ဖားကန့် ဇူလိုင် ၁၅

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အေးမြသာယာအုပ်စု ဗလခကျေးရွာအနီး ကျောက်မျက်တူးဖော်ရေး ရပ်နားထားသည့်လုပ်ကွက်တွင် ဇူလိုင် ၁၃ ရက်က မြေကမ်းပါးယံပြိုကျခဲ့သဖြင့် ပျောက်ဆုံးနေသည့် ရေမဆေးကျောက်ရှာဖွေသူ လေးဦးကို ယနေ့နံနက်ပိုင်းက သေဆုံးလျက် ရှာဖွေတွေ့ရှိခဲ့ကြောင်း ဖားကန့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၃ ရက်က ကျောက်မျက်လုပ်ကွက်ဟောင်း၏ ကမ်းပါးယံ ပြိုကျပြီး ရေလှိုင်းပုတ်ခတ်ကာ ရေမဆေးကျောက်ရှာဖွေသူငါးဦး ရေကန်အတွင်း ပြုတ်ကျခဲ့ပြီး တစ်ဦးကို ကယ်တင်နိုင်ခဲ့ကာ လေးဦးပျောက်ဆုံးနေ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၆ နာရီခန့်တွင် ပျောက်ဆုံးနေသူ လေးဦးအား သေဆုံးလျက်ရှာဖွေတွေ့ရှိခဲ့သည်။

သေဆုံးသူများမှာ ဖားကန့်မြို့နယ် အေးမြသာယာအုပ်စု တောင်ပြိုကျေးရွာ နေသူများဖြစ်ကြသည့် တန်ဂွမ်း(၂၅ နှစ်)၊ တန်ဂွမ်း(၂၄ နှစ်)၊ ဆဗန်တန်ဂွမ်း(၃၀ နှစ်)နှင့် တူးရိန်(၂၈ နှစ်)တို့ဖြစ်ပြီး ပါရမီလူမှုကူညီရေးအသင်းမော်တော်ယာဉ် ဖြင့် ဖားကန့်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ ဖားကန့်မြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

မြန်မာ့ရုပ်မြင်သံကြား

၁၆-၇-၂၀၁၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၆း၀၀	-	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၅	-	"စုဒ္ဒသမတိပိဋကရေ တိပိဋက ကောဝိဒ တိပိဋက ကမ္ဘောဇ ဆရာတော်ဘဒ္ဒန္တဝီရိယနန္ဒ၏ ထေရုပတ္တိမှတ်တမ်း" (အပိုင်း-၁)
၇း၀၀	-	Breakfast News
၈း၃၀	-	**လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၁)**
၉း၄၀	-	ရာဇဝင်ထဲကသမိုင်းအနုပညာ "ရတနာပုံနန်းမြို့မတည်မီက တည်းကတည်ရှိခဲ့သောဘုရား များ"(ရှင်ဘို့မယ်ဘုရား)
၁၀း၃၅	-	ဥပဒေရေးရာအဖြာဖြာ "အများပိုင်"
၁၁း၀၀	-	မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၀	-	**လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၂)**
၁၂း၄၀	-	သာသနဓဇဓမ္မာစရိယ ဓမ္မကထိကဗဟုဇနဟိတရေ မဟာသဒ္ဓမ္မဇောတိကဓဇ ရွှေပါရမီတောရဆရာတော် ဟောကြားတော်မူအပ်သော "မေတ္တာလွှမ်းမှ ငြိမ်းချမ်းမယ် " တရားတော်
၁၅း၃၀	-	ရာသီတုပ်ကွေးရောဂါသံသယ လက္ခဏာများ

ညပိုင်း

၁၆း၂၅	-	**လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၃)**
၁၆း၃၀	-	ခြေလျင်အသုံးပြုသူများ
၁၇း၃၀	-	မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း
၁၇း၅၅	-	မုန်တိုင်းကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်
၁၉း၁၅	-	**လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၄)**
၁၉း၂၀	-	"သီတဂူဆရာတော်ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၏ ဓမ္မစကြာ တရားတော်"
၂၀း၀၀	-	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၀	-	**လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၁)**
၂၀း၃၅	-	"ခါတစ်လှည့် လာခဲ့ပါ အကောက်တောင်"
	-	"မြတ်ဗုဒ္ဓမဇ္ဈိမ၏ အနှိုင်းမဲ့ရတနာ"

မူဆယ်မြို့နယ် နမ့်ပေါ်တံတားအနီးတွင် ၂၂ ဘီးယာဉ်တစ်စီး လမ်း၏တောင်နံရံအား ဝင်တိုက်မိ၍ နှစ်ဦးဒဏ်ရာရရှိ

မူဆယ် ဇူလိုင် ၁၅

မူဆယ်မြို့နယ် နမ့်ပေါ်တံတားအနီး ကုန်းအဆင်းတွင် ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က ၂၂ ဘီးယာဉ်တစ်စီးလမ်း၏တောင်နံရံ အား ဝင်တိုက်မိ၍ ယာဉ်မောင်းနှင့် ယာဉ်ပေါ်လိုက်ပါစီးနင်းသူ တစ်ဦးဒဏ်ရာရရှိခဲ့ပြီး ခေတ္တလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်- လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ် တွင် မူဆယ်ဘက်မှ လားရှိုးဘက်သို့ ဘရိတ်လိုင်နာကုန်ကြမ်း မှုန့်များ တင်ဆောင်လာသည့် တောင်သာမြို့ အိုင်မဒေါင့်ကျေးရွာ နေသူ ယာဉ်မောင်းပေါက်ပေါက်(၂၃ နှစ်) မောင်းနှင်လာသော MDY-3D/----၂၂ ဘီးယာဉ်သည် နမ့်ပေါ်တံတားအနီး ကုန်းအဆင်းအရောက်တွင် ဘရိတ်ပေါက်၍ လမ်း၏တောင်နံရံ အား ဝင်တိုက်မိသဖြင့် မူဆယ်မြို့မှ မန္တလေးမြို့သို့ လမ်းကြုံ စီးနင်းလိုက်ပါလာသည့် ဦးဝင်းမြင့်(၄၇ နှစ်)နှင့် ယာဉ်မောင်း ပေါက်ပေါက်တို့တွင် (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

လမ်း၏တောင်နံရံအား ဝင်တိုက်မှုကြောင့် ယာဉ်ခေါင်းပိုင်း ပြုတ်ထွက်ကာ ယာဉ်နောက်တွဲသည် ကားလမ်းမပေါ်၌ ကန့်လန့် အနေအထားဖြင့် ကျန်ရှိနေပြီး လမ်းခေတ္တပိတ်ဆို့မှု ဖြစ်ပွားခဲ့ ကြောင်း သိရသည်။

အဆိုပါ လမ်းပိတ်ဆို့မှုအား ယာဉ်ထိန်း ရဲတပ်ဖွဲ့စု(၁၂၃) မှ ဒုရဲအုပ် ဇော်မျိုးအောင် ဦးဆောင်သည့်အဖွဲ့နှင့် ရဲအုပ်ဆန်းဝင်း နှင့်အဖွဲ့တို့က ကရိန်းဖြင့် ဖယ်ရှားရှင်းလင်းခဲ့ရာ ညနေ ၇ နာရီခန့် တွင် လမ်းကြောင်းပွင့်၍ ယာဉ်များပုံမှန်သွားလာနိုင်ပြီဖြစ် ကြောင်း သိရသည်။

ယာဉ်မတော်တဆဖြစ်မှုကြောင့် ဒဏ်ရာရရှိသည့် ယာဉ်မောင်းနှင့် ခရီးသည်တို့ကို (၁၀၅)မိုင် ပါရမီလူမှုကူညီရေး အသင်းယာဉ်ဖြင့် မူဆယ် ပြည်သူ့ဆေးရုံသို့ ကုသရန်ပို့ဆောင် ပေးခဲ့ကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၅

ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက် ည ၈ နာရီ ၄၅ မိနစ်က ပင်လည်ဘူး မြို့နယ် သင်္ဘောတာကျေးရွာအနီးလမ်း တွင် သာဌေးနှင့် မြင့်ရွှေတို့ မောင်းနှင် လာသည့် ဆိုင်ကယ်နှစ်စီးကို ရပ်တန့် ရှာဖွေရာ သာဌေးမောင်းနှင်လာသည့် ဆိုင်ကယ်ရှေ့ခွကြားရှိ ကျောပိုးအိတ် အတွင်းမှ ဘိန်းစိမ်း ၈ ဒသမ ၁၅ ကီလို ကိုလည်းကောင်း။**(ယာပုံ)**

အလားတူ ဇူလိုင် ၁၃ ရက် ညပိုင်းက စဉ့်ကိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင် သော ပူးပေါင်းအဖွဲ့သည် စဉ့်ကိုင်မြို့နယ် စော်ရဲကျေးရွာနေ ဦးမြင့်စိုး၏ နေအိမ် အားဝင်ရောက်ရှာဖွေရာ ခင်မောင်ဦးနှင့် ဇင်မျိုးဦး(ခ) ဘပုတို့အားတွေ့ရှိပြီး ၎င်းတို့ နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၀ ကိုလည်းကောင်း။

ထို့အတူ ဇူလိုင် ၁၄ ရက် မွန်းလွဲ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံ မြို့နယ် အမရဌာနီ(အရှေ့) ရပ်ကွက် အမှတ်(၁၂)လမ်းရှိ ဘီယာဆိုင်တွင် တွေ့ရှိသူ ဉာဏ်လင်းထွဋ်(ခ)စည်သူ၊ ဝင်းမင်းလတ်(ခ)ဂွန်းတန်နှင့် ကောင်း ဉာဏ်ထက်တို့အား ရှာဖွေရာ ဉာဏ်လင်း ထွဋ်(ခ)စည်သူထံမှ စိတ်ကြွရူးသွပ် ဆေးပြား ၁၁၀၊ လက်ကိုင်ဖုန်း သုံးလုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ၎င်းတို့တည်းခိုနေထိုင် သည့် အောင်မြေသာစံမြို့နယ် ၈၄ လမ်း၊ ၂၂ × ၂၃ လမ်းကြားရှိ တည်းခိုခန်း အခန်း အမှတ် ၂၀၀ ကိုရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၅၃၁၆ ပြားထပ်မံသိမ်းဆည်း ရမိသည်။

အလားတူ ယင်းနေ့ ည ၈ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော- သာစည်သွား ကားလမ်းတွင် နန္ဒကျော်မောင်းနှင်ပြီး ထက်ကိုငြိမ်း လိုက်ပါလာသည့် Toyota Hiace အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့် ရှာဖွေရာ ထက်ကိုငြိမ်းထံမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၁ ပြားနှင့် ယာဉ်၏ ဝဲဘက်ရှိ နောက်တံခါးခြေနင်းခုံထောင့် တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၁၆၀၀ တို့ကို လည်းကောင်း။

ဇူလိုင် ၁၄ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ် မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း ရပ်ကွက် (ခ)မှ ဝမ်မိုင်ကျေးရွာသို့သွား သည့် လမ်းမပေါ်တွင် လီချေနှင့်အားဆော် တို့အတူ မောင်းနှင်လာသည့် ဆိုင်ကယ် နှစ်စီးကို ရပ်တန့်ရှာဖွေရာ လီချေ၏ ဆိုင်ကယ်ခွကြားတွင် တင်လာသည့် ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၁၀၀၀၀၀နှင့် လက်ကိုင်ဖုန်း လေးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရ သည်။

ရဲပြန်ကြား

စတိုးဆိုင်အတွင်း ငွေနှင့် ပစ္စည်းများ ဝင်ရောက်ခိုးယူသူအား ဖမ်းဆီးရမိ

သာစည် ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် စတိုးဆိုင်အတွင်း ငွေနှင့် ပစ္စည်းများ ဝင်ရောက်ခိုးယူသူအား ဇူလိုင် ၁၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သာစည်မြို့မ ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ သာစည်မြို့ အမှတ်(၁)ရပ်ကွက်နေ ဦးတင်မောင်ထွေးသည် နေအိမ်၌ ရှိနေစဉ် သာစည်မြို့ အမှတ်(၄)ရပ်ကွက်ရှိ " အာရောဂျ"စတိုးဆိုင်အတွင်း မီးရောင် မြင်ကြောင်း မီးသတ်စခန်းမှူး ဦးဝင်းကျော်က ဖုန်းဖြင့်အကြောင်းကြားသည်။ ထို့နောက် ဦးတင်မောင်ထွေးက လုံခြုံကင်းရဲအဖွဲ့ထံ ဖုန်းဖြင့်အကြောင်းကြားသဖြင့် ဆိုင်အတွင်း ဝင်ရောက်စစ်ဆေးရာ မခိုင်ခိုင်ဆိုသူအား ငွေသားအပါအဝင် ကာလတန်ဖိုး ငွေကျပ် ၂၁၇၈၀၀ ခန့်ရှိ ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** ဖြစ်စဉ်နှင့် ပတ်သက်၍ မခိုင်ခိုင်အား သာစည်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဘိုဘို(မလှိုင်)

ယာဉ်ငယ်တစ်စီးအရှိန်လွန်ကာ ရေမြောင်းတစ်ဖက်သို့ရောက်ရှိ

ရေတာရှည် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ညောင်ပင်ကိုင်းကျေးရွာနှင့် သပြေတန်း ကျေးရွာအကြား ရန်ကုန်-မန္တလေးကားလမ်း၌ ယနေ့နံနက် ၃ နာရီခန့်က ယာဉ်ငယ် တစ်စီးအရှိန်လွန်ပြီး ကားလမ်းအနောက်ဘက်ရှိ ရေမြောင်းကိုကျော်ကာ တစ်ဖက် တာပေါင်ပေါ်တွင် ရပ်တန့်သွားခဲ့ပြီး ယာဉ်မောင်းနှင်သူမှာ ထွက်ပြေးတိမ်းရှောင်သွား ကြောင်း သိရသည်။

ဖြစ်စဉ်ကို ရေတာရှည်မြို့မ ရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် သီတာစိန်နှင့်အဖွဲ့က မော်တော်ယာဉ်အား လာရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့်စာရွက် စာတမ်းတစ်စုံတစ်ရာမှတွေ့ရှိရခြင်းမရှိကြောင်း သိရသည်။

အဆိုပါ YGN-6H/---- ယာဉ်မတော်တဆမှုနှင့် ပတ်သက်၍ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင်သူကို ရဲတပ်ဖွဲ့က ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **သန်းလွင်**

တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပြည်သူပူးပေါင်း ပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် နယ်မြေတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် နန့်မဲကြိုးဝိုင်းအကွက် (၁) ၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၀၀၄ တန်နှင့် တနင်္သာရီတိုင်းဒေသကြီး ရေဖြူ မြို့နယ် ရေး-ထားဝယ်ကားလမ်း သက္ကယ်ကွက်ကျေးရွာအနီးမိုင်တိုင် (၂၄/၁)နှင့် (၂၇/၇)တို့၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၂၀ ဒသမ ၉၉၉၈ တန် တို့ကို ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူ နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မောင်မျိုး**

လကမ္ဘာသို့ အာကာသယာဉ် လွှတ်တင်မည့်အစီအစဉ် နာရီပိုင်းအလိုတွင် အိန္ဒိယရွှေ့ဆိုင်း

နယူးဒေလီ ဇူလိုင် ၁၅

လကမ္ဘာသို့ အာကာသယာဉ်လွှတ်တင်မည့်အစီအစဉ်ကို နာရီပိုင်းအလိုတွင် နည်းပညာပိုင်းဆိုင်ရာ ပြဿနာကြောင့် အိန္ဒိယနိုင်ငံက ရွှေ့ဆိုင်းလိုက်ရကြောင်း သိရသည်။

ယင်းသို့ရွှေ့ဆိုင်းလိုက်ရသည့်အတွက် လကမ္ဘာပေါ်တွင် ခြေချနိုင်မည့်စတုတ္ထနိုင်ငံအဖြစ်မှ နှောင့်နှေးသွားခဲ့ရသည်။ ချန်ဒရာယန် ၂ ဟု အမည်ပေးထားသည့် အာကာသယာဉ်သည် အိန္ဒိယနိုင်ငံက မျှော်လင့်ချက်ကြီးကြီးထားသည့် အာကာသအစီအစဉ်တစ်ခုဖြစ်သည်။

အမေရိကန်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့သည် လမျက်နှာပြင်ပေါ်တွင် အာကာသယာဉ် ဆင်းသက်ခဲ့ဖူးရာ အိန္ဒိယကသာ အာကာသယာဉ်လွှတ်တင်မည့်အစီအစဉ် အောင်မြင်ခဲ့လျှင် လကမ္ဘာပေါ် အာကာသယာဉ်ဆင်းသက်ဖူးသည့် စတုတ္ထမြောက်နိုင်ငံဖြစ်လာမည်ဖြစ်သည်။ အာကာသယာဉ် လွှတ်တင်မည့်ဆဲဆဲအချိန်ရေတွက်မှု ၅၆ မိနစ် ၂၄ စက္ကန့် အရောက်တွင် ရေတွက်မှုရပ်တန့်သွားခဲ့သည်။

မူလသတ်မှတ်ထားသည့်အချိန်မှာ ၂ နာရီ ၅၁ မိနစ်တွင် လွှတ်တင်သွားရန်ဖြစ်သည်။ အာကာသယာဉ်လွှတ်တင်သည့် စနစ်တွင် နည်းပညာပိုင်းဆိုင်ရာချွတ်ယွင်းချက် ပေါ်ပေါက်ခဲ့သည်ဟု အိန္ဒိယအာကာသသုတေသနအဖွဲ့အစည်း အိုင်အက်စ်အာအိုက ပြောသည်။ နောက်တစ်ကြိမ် ပြန်လည်လွှတ်တင်မည့် အစီအစဉ်ကို နောက်ပိုင်းတွင် အသိပေးကြေညာသွားမည်ဟု သိရသည်။

နည်းပညာပိုင်းဆိုင်ရာချွတ်ယွင်းမှုနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များ ပြောပြခြင်းမရှိသကဲ့သို့ မည်သည့်အချိန်တွင်နောက်တစ်ကြိမ် ကြိုးစားမည်ဖြစ်ကြောင်းကိုလည်း အေဂျင်စီက ပြောမပြခဲ့ပေ။ အိန္ဒိယနိုင်ငံသည် ချန်ဒရာယန် ၂ အာကာသယာဉ်အတွက် အမေရိကန်ဒေါ်လာသန်း ၁၄၀ ခန့် အသုံးပြုထားသည်။

အေအက်ဖ်ပီ



အိန္ဒိယအာကာသသုတေသနအဖွဲ့အစည်း၌ သိပ္ပံပညာရှင်များ အလုပ်လုပ်ကိုင်နေကြသည်ကို ဇွန် ၁၂ ရက်က တွေ့ရစဉ်။

အမေရိကန်အမျိုးသမီးလွှတ်တော်အမတ်များကို လူမျိုးရေးတိုက်ခိုက်မှုအတွက် ထရမ့် ဝေဖန်ခံနေရ

ဝါရှင်တန် ဇူလိုင် ၁၅

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဒီမိုကရက်တစ် လွှတ်တော်အမတ်များကို မိမိလာရာတိုင်းပြည်သို့ပြန်ရန် တနင်္လာနေ့က ပြောကြားခဲ့ပြီးနောက် ထရမ့်၏ လူမျိုးရေးအမြင်နှင့် လူဝင်မှုကြီးကြပ်ရေးအပေါ် အမြင်များနှင့်ပတ်သက်ပြီး ဝေဖန်မှုများ ပွက်လောညံနေခဲ့သည်။

မင်နီဆိုးတားပြည်နယ်မှ အီဟင်အိုမာ(ယာ)နှင့် နယူးယောက်ပြည်နယ်မှ အလက်ဇန်းဒရီယာတို့ကိုအတူ တွေ့ရစဉ်။

လွန်ခဲ့သည့်နှစ်ကလည်း ထရမ့်သည် ရွှေ့ပြောင်းနေထိုင်သူများ၏ ကျူးကျော်မှုဟု ဝေဖန်ပြောဆိုခဲ့သည့်အတွက် ဒီမိုကရက်တစ်ကိုယ်စားလှယ်လောင်းများနှင့် ဥပဒေပြုလွှတ်တော်အမတ်များက ထရမ့်ကို သူစိမ်းကြောက်သူ၊ လူမျိုးရေးခွဲခြားဆက်ဆံသူဟု သမုတ်ခဲ့ကြသည်။

ထရမ့်က အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားသည် အမေရိကန်မြေပေါ်တွင် မွေးဖွားခဲ့သူမဟုတ်သည့်အတွက် တရားဝင်သမ္မတ မဖြစ်နိုင်ဟု ပြောကြားခဲ့ဖူးသည်။

ထရမ့် နှိမ့်ချပြောဆိုခြင်းကို ခံရသည့် အမျိုးသမီးအမတ်များမှာ နယူးယောက်ပြည်နယ်မှ အလက်ဇန်းဒရီယာ၊ မင်နီဆိုးတားပြည်နယ်မှ အီဟင်အိုမာ၊ မီချီဂန်ပြည်နယ်မှ ရာရှီဒါတလစ်ဗ်နှင့် မန်ဆာချူးဆက်ပြည်နယ်မှ အယာနာပရက်စလေတို့ဖြစ်ကြသည်။ ၎င်းတို့လေးဦးထဲတွင် အီဟင်အိုမာတစ်ဦးသာ ဆိုမာလီဒုက္ခသည်ဖြစ်ပြီး ကျန်သုံးဦးမှာ အမေရိကန်ဖွားများ ဖြစ်ကြသည်။

အေအက်ဖ်ပီ

ဟွာဝေးကုမ္ပဏီက အမေရိကန်၌ လုပ်ငန်းလျှော့ချရန် ပြင်ဆင်

ပေကျင်း ဇူလိုင် ၁၅

အမေရိကန်၏ပစ်မှတ်ထား အရေးယူပိတ်ဆို့ခြင်းခံရသည့် ဟွာဝေးတရုတ်နည်းပညာကုမ္ပဏီသည် အမေရိကန်၌ အကြီးစားလုပ်ငန်းဆောင်ရွက်မှုများကို လျှော့ချသွားမည်ဖြစ်ကြောင်း ဝေါစထရိဂျာနယ်က ဖော်ပြခဲ့သည်။

အမေရိကန်၌ အခြေစိုက်ထားသည့် ဟွာဝေးကုမ္ပဏီ၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လက်တံတစ်ခုဖြစ်သည့် Futurewei Technologies ၌ လုပ်ငန်းများလျှော့ချမှုလုပ်ဆောင်သွားမည်ဟု ခန့်မှန်းရကြောင်း ယင်းကိစ္စများနှင့် ရင်းနှီးကျွမ်းဝင်သူများက အမည်ဖော်ပြခြင်းမရှိဘဲ ပြောကြားခဲ့မှုကို ကိုးကားလျက် ဝေါစထရိဂျာနယ်က ဖော်ပြခဲ့သည်။

လက်ရှိတွင် အမေရိကန်ရှိ ဓာတ်ခွဲခန်းအချို့တို့၌ အလုပ်ခန့်ထားသူ ၈၅၀ ရှိပြီး ၎င်းတို့ထဲမှ လူရာနှင့်ချီ၍ လျှော့ချမှုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ဟွာဝေးကုမ္ပဏီမှ တရုတ်အလုပ်သမားအချို့ကိုမူ လုပ်ငန်းခွင်ထဲတွင် ယခင်အတိုင်း ဆက်လက်လုပ်ကိုင်ခွင့်ပေးထားသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဟွာဝေးကုမ္ပဏီကို သီးခြားစာရင်း (entity list) ၌ ထည့်သွင်းခဲ့ပြီး ယင်းအဓိပ္ပာယ်မှာ အမေရိကန်ကုမ္ပဏီများအနေဖြင့် တရုတ်ကုမ္ပဏီသို့ အမေရိကန်နည်းပညာများ ရောင်းချရန် လိုင်စင်ခွင့်ပြုချက်တစ်ခု လိုအပ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဖိုက်ဂျီ မျိုးဆက်သစ်ကြိုးမဲ့နည်းပညာကို ဦးဆောင်နေသည့် ဟွာဝေးကုမ္ပဏီသည် အမေရိကန်ပြည်ထောင်စု၌ ဖိုက်ဂျီကွန်ရက်အဆင့်မြှင့်တင်ခြင်းမှ ပိတ်ပင်ခံထားရဆဲဖြစ်ပြီး ထရမ့်အစိုးရအဖွဲ့က ၎င်း၏မဟာမိတ်များကိုပါ အလားတူလုပ်ဆောင်ကြရေး လက်ခံလာအောင် ကြိုးစားလျက်ရှိသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်က မိုနာကိုသည် ဟွာဝေးနည်းပညာကို အခြေခံသည့် ဖိုက်ဂျီကွန်ရက်ကို တရားဝင်ဈေးကွက်တင်သည့် ပထမဆုံးသော ဥရောပနိုင်ငံတစ်ခုဖြစ်လာခဲ့သည်။

ဝါရှင်တန်ကမူ ဟွာဝေးကုမ္ပဏီကို တရုတ်အစိုးရနှင့် တိုက်ရိုက်လုပ်ငန်းဆောင်ရွက်နေသည်ဟု စွပ်စွဲထားပြီး ဟွာဝေးကုမ္ပဏီက ယင်းစွပ်စွဲချက်ကို ငြင်းဆန်ထားသည်။

အေအက်ဖ်ပီ

ကူဝိတ်နိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရန် ဥရောပသမဂ္ဂမစ်ရှင်ရုံး ဖွင့်လှစ်

ကူဝိတ်စီးတီး ဇူလိုင် ၁၅

ဥရောပသမဂ္ဂအဖွဲ့ကြီး၏ မစ်ရှင်အဖွဲ့ရုံးချုပ်ကို ဇူလိုင် ၁၄ ရက်တွင် ကူဝိတ်နိုင်ငံ၌ ဖွင့်လှစ်လိုက်ကြောင်း သိရသည်။ ဖွင့်ပွဲအခမ်းအနားတွင် ကူဝိတ်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ရှိတ်ဆာဘာခါလက်အယ်လ်ဟာမက် အယ်လ်ဆာဘာက ကူဝိတ်နိုင်ငံအတွင်း ဥရောပသမဂ္ဂ၏ ကိုယ်စားလှယ်အဖွဲ့ထားရှိမှုသည် အီးယူနှင့် ကူဝိတ်တို့အကြား အောင်မြင်သည့် ပူးပေါင်းဆောင်ရွက်မှုတစ်ခုကို ဖော်ပြလိုက်သည့် အထိမ်းအမှတ်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂ သံတမန်ရေးရာအကြီးအကဲ ဖက်ဒရီကာမိုဟီရီနီ

ဥရောပသမဂ္ဂသည် ကူဝိတ်နိုင်ငံအတွက် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍများတွင် အဓိကမိတ်ဖက်ဖြစ်သည်ဟု ၎င်းက ပြောသည်။ အတူပူးပေါင်းဆောင်ရွက်ရာတွင် ကူဝိတ်နိုင်ငံက စိတ်အားထက်သန်မှုရှိကြောင်း ၎င်းက အလေးအနက်ဖော်ပြခဲ့ပြီး ကူဝိတ်နိုင်ငံအတွင်း၌ ဥရောပသမဂ္ဂ၏ တည်ရှိမှုသည် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကို ပိုမိုကျယ်ပြန့်လာစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ပရေးရာနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ ဥရောပအထူးကိုယ်စားလှယ် ဖက်ဒရီကာမိုဟီရီနီက ကူဝိတ်နိုင်ငံ၌ ဥရောပသမဂ္ဂကိုယ်စားလှယ်ရုံး ဖွင့်လှစ်မှုသည် ကူဝိတ်နိုင်ငံနှင့် ဆက်ဆံရေးခိုင်မာလိုသည့် ဥရောပသမဂ္ဂ၏ဆန္ဒကို ဖော်ပြခြင်းဖြစ်ကြောင်း၊ ယခုအခါ ကူဝိတ်နိုင်ငံ၌ သံတမန်ရေးအရ အပြည့်အဝတည်ရှိသည့်အနေဖြင့် မိတ်ဖက်ဆက်ဆံရေး စာမျက်နှာသစ်တစ်ခုကို ဥရောပသမဂ္ဂက ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ဆင်ဟွာ

ဖိလစ်ပိုင်၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို နိုင်ငံတော်အဆင့် သတိပေးထုတ်ပြန်

မနီလာ ဇူလိုင် ၁၅

ဖိလစ်ပိုင်နိုင်ငံရှိ ဒေသအများအပြားတွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုများ ဆက်တိုက်ဖြစ်ပွားနေသည့်အတွက် အဆိုပါဒေသများတွင် နိုင်ငံတော်အဆင့် သွေးလွန်တုပ်ကွေးသတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

၂၀၁၉ ခုနှစ်၏ ဇန်နဝါရီ ၁ ရက်မှ ဇွန် ၂၉ ရက်အထိ နိုင်ငံအတွင်းသွေးလွန်တုပ်ကွေးကူးစက်ဖြစ်ပွားမှု ၁၀၆၆၃၀ ရှိခဲ့ပြီး ယခင်နှစ်အလားတူအချိန်ကထက် ၈၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။ ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၄၅၀ ထက်မနည်း ရှိခဲ့သည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အနိမ့်ဆုံးသတ်မှတ်ထားသည့် ကန့်သတ်ချက်ကို ကျော်လွန်လာသည့် ဒေသများတွင် မီမာရိုပါ၊ ဗီဆာယက်စ် အနောက်ပိုင်း၊ ဗီဆာယက်စ် အလယ်ပိုင်းနှင့် မင်ဒါနာအိုမြောက်ပိုင်းတို့ပါဝင်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

ရောဂါကူးစက်ဖြစ်ပွားမှုကို နိုင်ငံတော်အဆင့် သတိပေးချက်ထုတ်ပြန်ခြင်းမှာ ယခုပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ပြည်သူလူထုများအကြား ပိုမိုနိုးနိုးကြားကြားရှိစေရန်ဖြစ်ကြောင်း၊ လူထုအဖွဲ့အစည်းများအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု စောစီးစွာမြင့်တက်လာသည့် လက္ခဏာများ သိသာထင်ရှားသည့်အတွက် ပြည်သူတစ်ရပ်လုံးသတိထားရန်လိုကြောင်း ကျန်းမာရေးဝန်ကြီး ဖရန်စီစကိုဂျူဒ်က ပြောကြားခဲ့သည်။

ဆင်ဟွာ

အထောက်အထားမဲ့ ရွှေ့ပြောင်းသွားလာသူတွေ ရင်ထိတ်ရတဲ့ နေ့တစ်နေ့

ကလျာမိုးမြင့်

အခုရက်ပိုင်းအတွင်း အမေရိကန်ကိုဝင်ရောက်လာတဲ့ အထောက်အထားမဲ့ရွှေ့ပြောင်းသွားလာသူတွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖမ်းဆီးနှင်ထုတ်တာတွေ အကြီးအကျယ်ပြုလုပ်သွားမယ်လို့ သမ္မတထရမ့်က ပြောထားတဲ့အတွက် အထောက်အထားမဲ့ ရွှေ့ပြောင်းသွားလာသူတွေဟာ ဇူလိုင် ၁၄ ရက်မှာ မသေချာမရေရာမှုတွေနဲ့ အထိတ်တလန့်နေထိုင်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း တကယ်တမ်းကျတော့ ရွှေ့ပြောင်းသွားလာသူတွေကို ရှောင်တခင်ဝင်ရောက်ဖမ်းဆီးတဲ့ စစ်ဆင်ရေးအကြီးအကျယ်လုပ်ဆောင်ခဲ့တဲ့လက္ခဏာမျိုး မတွေ့ခဲ့ရပါဘူး။

ဝင်ရောက်စီးနင်းမယ်

မကြာသေးခင်ကမှ အမေရိကန်ကို ဝင်ရောက်လာကြတဲ့ အထောက်အထားမဲ့ရွှေ့ပြောင်းသွားလာသူတွေကို ဖမ်းဆီးဖို့အတွက် ဖက်ဒရယ်လူဝင်မှုကြီးကြပ်ရေးနဲ့ အကောက်ခွန်စည်းကမ်းထိန်းသိမ်းရေး (ICE) အေးဂျင့်တွေဟာ ဇူလိုင် ၁၄ ရက်မှာ မြို့ကြီး ၁၀ မြို့ထက်မနည်းကို ရုတ်တရက်ဝင်ရောက်စီးနင်းမှုတွေ လုပ်ဆောင်မယ်လို့ ခန့်မှန်းထားခဲ့တာပါ။ ကြည့်ရတာတော့ ICE က လုပ်ဆောင်ခဲ့တဲ့ ဖမ်းဆီးမှုဟာ ပြီးခဲ့တဲ့လတုန်းက သမ္မတထရမ့်ပြောထားသလို သန်းနဲ့ချီတဲ့ အထောက်အထားမဲ့သူတွေကို ဖမ်းဆီးထိန်းသိမ်းပြီး နှင်ထုတ်မယ်ဆိုတာမျိုးလောက်မဟုတ်ခဲ့ဘဲ တော်သင့်ရုံလောက်သာ ဖမ်းဆီးမှုတွေလုပ်ခဲ့ပုံပါပဲ။

အတိအကျလိုက်နာ

ICE ရဲ့လက်ရှိ ဒါရိုက်တာ မက်သူးအယ်လ်ဘန့်စ်ကတော့ ဇူလိုင် ၁၄ ရက်မှာ လုပ်ဆောင်ခဲ့တဲ့ ဖမ်းဆီးမှုတစ်ခုခုနဲ့ပတ်သက်ပြီး အသေးစိတ်အချက်အလက်တစ်ခုခုကို အတည်ပြုခဲ့တာမရှိပေမယ့် စီးနင်းမှုတွေလုပ်ဖို့ လိုအပ်တဲ့အကြောင်းကိုတော့ ချေပပြောဆိုထားပါတယ်။ ကျွန်ုပ်တို့အနေနဲ့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တရားရုံးမှာ စစ်ဆေးခံနေရတဲ့ တစ်ဦးချင်းစီကို စည်းကမ်းအတိုင်းဆောင်ရွက်ဖို့ ဦးတည်ခဲ့တာဖြစ်ပြီး ၎င်းတို့တွေကို လူဝင်မှုကြီးကြပ်ရေး တရားသူကြီးက ဖယ်ရှားပစ်ဖို့ ညွှန်ကြားထားပြီဖြစ်ပါတယ်။ အဲဒီတရားသူကြီးရဲ့အမိန့်အတိုင်း ကျွန်ုပ်တို့လုံးဝ အတိအကျလိုက်နာဆောင်ရွက်နေတယ်လို့ ဖောက်စ်နယူးဆန်းဒေးသတင်းသို့ ပြောကြားခဲ့ပါတယ်။

တက်ကြွလှုပ်ရှားတဲ့ အဖွဲ့တွေကတော့ ဘယ်သူတွေ ဖမ်းဆီးခံရတယ်ဆိုတာကို စာရင်းကောက်ဖို့နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူတွေကို လိုအပ်တဲ့အကူအညီတွေပေးဖို့ မြို့ကြီးအချို့ရဲ့လမ်းတွေပေါ်မှာ ကင်းလှည့်နေပါတယ်။

ကျယ်ကျယ်ပြန့်ပြန့် ဖမ်းဆီးမှုမရှိခဲ့

ဒါပေမယ့်လည်း ICE က ဖမ်းဆီးမှုတွေလုပ်ဆောင်နေတယ်ဆိုပြီး သတင်းတွေပြန့်နေတာတွေရှိပေမယ့် အကြီးအကျယ်ဖမ်းဆီးရှင်းလင်းမှုလုပ်တယ်ဆိုတဲ့ သတင်းမျိုးတော့ ထွက်ပေါ်လာတာ မရှိခဲ့ပါဘူး။ ဇူလိုင် ၁၃ ရက်မှာ ICE က ရုတ်တရက်ဝင်ရောက်ဖမ်းဆီးမှု သုံးခုလုပ်ဆောင်ခဲ့တယ်ဆိုတာကို ကြားခဲ့ရကြောင်း နယူးယောက်မြို့တော်ဝန် ဘီလ်ဒီဘလာစီယိုက ဆိုပါတယ်။ ဖလော်ရီဒါပြည်နယ်မှာဆိုရင် ICE အေးဂျင့်တွေက မိုင်ယာမီ နိုင်ငံတကာလေဆိပ်အနီးမှာရှိတဲ့ အိမ်တွေနဲ့ အနီးအနားက ရွှေ့ပြောင်းသွားလာသူတွေနေထိုင်ရာ စခန်းတွေကို တံခါးခေါက်နေတာ တွေ့ခဲ့ရတယ်လို့ လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာက ဖော်ပြထားပါတယ်။ ဒါပေမယ့် ဘယ်သူမှ ဖမ်းဆီးခံလိုက်ရတယ်လို့တော့ မကြားရသေးပါဘူး။

မသေချာမှုတွေနဲ့အသက်ဆက်

ဝါရှင်တန်ပို့စ်နဲ့ ဘယ်လ်တီမိုးဆန်း သတင်းစာတွေမှာ ICE အဖွဲ့ရဲ့ အကြီးအကျယ်ဖမ်းဆီးတဲ့ စစ်ဆင်ရေးနဲ့ပတ်သက်တဲ့ အထောက်အထားဖော်ပြမှု မရှိသလောက်ဖြစ်ပြီး သည်ဆန်း သတင်းစာမှာတော့ ဇူလိုင် ၁၄ ရက်က ရွှေ့ပြောင်းသွားလာသူ အနည်းအကျဉ်းကို ဘယ်လ်တီမိုးအနီးတစ်ဝိုက်မှာ တွေ့ရတယ်လို့ ဖော်ပြထားပါတယ်။ ဖမ်းဆီးမှုရှိခဲ့သည်ဖြစ်စေ၊ မရှိခဲ့သည်ဖြစ်စေ၊ တချို့တစ်ဝက် ဖမ်းဆီးခံရသည်ဖြစ်စေ ဖမ်းဆီးမယ်လို့ပစ်မှတ်ထားခံရတဲ့ သူတွေကတော့ မသေချာမရေရာမှုတွေနဲ့ အသက်ဆက်နေခဲ့ရတာ အမှန်ပါပဲ။

လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်စည်းကမ်း ထိန်းသိမ်းရေးရုံးများဆီသို့ စုဝေးချီတက်နေကြသည့် ဆန္ဒပြပြည်သူများ။

နောက်ကျောမလုံ

နဂိုကမှ စိုးရိမ်ထိတ်လန့်နေရတဲ့အထဲမှာ ICE အေးဂျင့်တွေက ဖယ်ရှားရှင်းလင်းဖို့ အမိန့်ချထားတဲ့ သူတွေကိုသာမက နိုင်ငံအတွင်းမှာ နှစ်ပေါင်းများစွာရှိနေခဲ့ကြတဲ့ တရားမဝင်ရွှေ့ပြောင်းသွားလာသူတွေအပါအဝင် တခြားသောအထောက်အထားမဲ့သူတွေကိုပါ ဖမ်းဆီးရှင်းလင်းဖို့ ပြင်ဆင်နေတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်လာမှုက နောက်ကျောမလုံတဲ့ ရွှေ့ပြောင်းသွားလာသူတွေကို ပိုပြီးစိတ်သောက ဖိစီးလာစေခဲ့ပါတယ်။

အထောက်အထားမဲ့ရွှေ့ပြောင်းသွားလာသူတွေနဲ့ ပတ်သက်ပြီး သမ္မတထရမ့်က ဘယ်လိုပြောခဲ့သလဲဆိုတော့ တချို့ဟာဆိုရင် နယ်စပ်ကိုအလွယ်တကူပဲ ဖြတ်ကျော်လာကြပြီး အမေရိကန်နိုင်ငံသားဘဝနဲ့ အခွင့်ထူးခံနေကြတဲ့အချိန်မှာ နိုင်ငံအတွင်းကို တရားဝင် ဝင်ရောက်ဖို့ကြိုးပမ်းနေကြတဲ့သူတွေအတွက် မတရားရာကျနေတယ်လို့ ဆိုပါတယ်။

နှိုင်းယှဉ်ထောက်ပြ

ဒီကိစ္စနဲ့ပတ်သက်ပြီး ကွန်ဆာဗေးတစ်အဖွဲ့ဝင်တွေက သမ္မတထရမ့်အနေနဲ့ ပိုမိုတင်းကျပ်တဲ့အရေးယူဆောင်ရွက်မှုတွေလုပ်ဖို့ အလေးအနက်တင်ပြနေကြပြီး သမ္မတဟောင်း ဘားရက်အိုဘားမားရဲ့ ဒီမိုကရက်တစ်အစိုးရအဖွဲ့ဟာ ၂၀၁၂ ခုနှစ်မှာ ရွှေ့ပြောင်းသွားလာသူ ၄၀၉၈၄၉ ဦး နှင်ထုတ်ခဲ့တာကို ထောက်ပြခဲ့ပြီး သမ္မတထရမ့်လက်ထက် ပြီးခဲ့တဲ့နှစ်မှာ နှင်ထုတ်ခဲ့တဲ့အရေအတွက် ၂၅၆၀၈၅ နဲ့ နှိုင်းယှဉ်ပြခဲ့ပါတယ်။

အမေရိကန်နိုင်ငံသားဖြစ်မှုနဲ့ လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုဆိုင်ရာ လက်ရှိဒါရိုက်တာ ကင်ကူစီနီလီက အထောက်အထားမဲ့ရွှေ့ပြောင်းသွားလာသူတွေကို ရှောင်တခင်ဝင်ရောက်ဖမ်းဆီးမှုနဲ့ပတ်သက်ပြီး ကာကွယ်ပြောဆိုထားတယ်။ အကယ်၍ကျွန်ုပ်တို့ဟာ တရားမဝင် ဝင်ရောက်လာတဲ့ရွှေ့ပြောင်းသွားလာသူတွေကို ပြည်တွင်းမှာ စည်းကမ်းကြပ်မတ်မှုတွေ မလုပ်နိုင်ဘူးဆိုရင် ၎င်းတို့ကို ဟန့်တားနိုင်မှာမဟုတ်ဘူးလို့ အေဘီစီသတင်းသို့ ပြောကြားခဲ့ပါတယ်။

နိုင်ငံရေးအတွက် အသုံးချနေသလား

ဒေသဆိုင်ရာနဲ့ ပြည်နယ်အာဏာပိုင်တွေက ဖက်ဒရယ်အစိုးရကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ဖို့တောင်းဆိုနေချိန် တချို့က သမ္မတထရမ့်ဟာ အထောက်အထားမဲ့ရွှေ့ပြောင်းသွားလာသူတွေကို ရုတ်တရက်ဖမ်းဆီးတဲ့ စစ်ဆင်ရေးကို အသုံးချပြီး အကျိုးအမြတ်ရအောင်လုပ်နေတာလို့ စွပ်စွဲသူတွေလည်းရှိပါတယ်။ ဒီမသေချာမရေရာမှုနဲ့ အကြောက်တရားက အကြီးအကျယ်ပျက်စီးခြင်းဆိုက်လာစေတယ်။ ဒါဟာ လူတွေကို ဒုက္ခပေးနေတာဖြစ်တယ်လို့ ချီကာဂိုမြို့တော်ဝန် လိုရီလိုက်ဖွတ်က ဆိုပါတယ်။

ဖက်ဒရယ်ထိန်းသိမ်းရေးစခန်းတွေမှာ ဆိုးဆိုးရွားရွားပြွတ်သိပ်ကျပ်ညပ်စွာနေကြရတဲ့ ရွှေ့ပြောင်းသွားလာသူတွေရင်ဆိုင်နေရတဲ့အခြေအနေတွေနဲ့ပတ်သက်ပြီး နိုင်ငံရေးပါတီတွေဟာလည်း အငြင်းအခုံဖြစ်နေကြပါတယ်။ ဒုက္ခသည်ထိန်းသိမ်းရေးစခန်းတွေမှာ လူတွေဟာ ကွန်ကရစ်ကြမ်းခင်းတွေမှာ အိပ်စက်နေကြရပါတယ်။ ထိန်းသိမ်းရေးစခန်းတွေမှာ လူတွေပြည့်ကျပ်နေတာကို အမေရိကန်အာဏာပိုင်တွေက လက်ခံပေမယ့် အခြေအနေအရပ်ရပ်အတွက် ၎င်းတို့ဘက်က ဖြည့်ဆည်းပေးဖို့ အတတ်နိုင်ဆုံးကြိုးစားနေတယ်လို့ ပြောခဲ့ပါတယ်။

လျော့ကျ

အမေရိကန်ပြည်ထောင်စုဟာ တောင်ပိုင်းနယ်စပ်မှာ ရွှေ့ပြောင်းသွားလာသူအရေးကို ဖြေရှင်းဖို့ခက်ခက်ခဲခဲကြိုးစားနေရပြီး ပြီးခဲ့တဲ့လကဆိုရင် အထောက်အထားမဲ့ရွှေ့ပြောင်းသွားလာသူ တစ်သိန်းလောက် နိုင်ငံအတွင်းကို ရောက်ရှိလာခဲ့ပါတယ်။ ဒီအရေအတွက်က ပြီးခဲ့တဲ့မေလနဲ့စာရင် လျော့နည်းသွားတာဖြစ်ပေမယ့် အရေးပေါ်အခြေအနေတစ်ခုဖြစ်နေဆဲပဲလို့ အမိမြေလုံခြုံရေးဌာနရဲ့ ဖော်ပြချက်အရ သိရပါတယ်။

ကိုးကား- အေအက်ဖ်ပီ

နိုင်ငံတကာသတင်းတိုထွာ

လက်ဘနွန်နိုင်ငံအတွင်း ခိုးဝင်သည့် ဆီးရီးယား ၄၃ ဦးအဖမ်းခံရ

ဘေရွတ် ဇူလိုင် ၁၅

လက်ဘနွန် အမျိုးသားလုံခြုံရေးအဖွဲ့ဝင်များသည် တနင်္လာနေ့က လက်ဘနွန်နိုင်ငံအတွင်း တရားမဝင်ခိုးဝင်လာသည့် ဆီးရီးယား ၄၃ ဦးကို ဖမ်းဆီးခဲ့သည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။ ဆိုဝေရီ၊ ဘီကာတို့တွင် ဖမ်းဆီးခံခဲ့ရသည့် ဆီးရီးယားနိုင်ငံသားများမှာ စုံစမ်းစစ်ဆေးခံရမည်ဖြစ်ပြီး တခြားသော တရားဝင်လုပ်ငန်းစဉ်များကိုလည်း လုပ်ဆောင်သွားမည်ဖြစ်သည်ဟု အွန်လိုင်းသတင်းစာဖြစ်သည့် လွတ်လပ်ရေးသတင်းစာတွင် ဖော်ပြထားသည်။ လက်ဘနွန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆီးရီးယားနယ်စပ်တွင် တရားမဝင်လူမှောင်ခိုကူးမှုများကို နှိမ်နင်းလျက်ရှိသည်။ ဆီးရီးယားဒုက္ခသည်များ ဝင်ရောက်လာခြင်းအပေါ် လက်ဘနွန်အစိုးရက ကန့်သတ်မှုများ ပြုလုပ်ထားသည်။ အာမခံပေးသူ၊ အလုပ်သမားဗီဇာ သို့မဟုတ် အကူးအပြောင်းဗီဇာတို့မရှိဘဲ ဆီးရီးယားနိုင်ငံသားများ ဝင်ရောက်လာခြင်းကို ကန့်သတ်ထားသည်။

ဆင်ဟွာ

အမေရိကန်ဘက်မှ ပိတ်ဆို့မှုများ ဖယ်ရှားပေးလျှင် ညှိနှိုင်းရန်အသင့်ဟု အီရန်ပြော

တီဟီရန် ဇူလိုင် ၁၅

အမေရိကန်သည် အီရန်အပေါ် ပိတ်ဆို့ထားမှုများကိုသာ ဖယ်ရှားပေးပါက အမေရိကန်နှင့် ဆွေးနွေးညှိနှိုင်းရန်အသင့်ဟု အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ဇူလိုင် ၁၄ ရက်က ပြောကြားခဲ့သည်။ “ဆွေးနွေးညှိနှိုင်းဖို့ ကျွန်တော်တို့က အဆင်သင့်ပါပဲ။ ပိတ်ဆို့မှုတွေ၊ အနိုင်ကျင့်မှုတွေ ရပ်သိမ်းပြီး အသိဉာဏ်ရှိရှိနဲ့ ယုတ္တိရှိရှိ လုပ်ဆောင်မယ်ဆိုရင် ဆွေးနွေးညှိနှိုင်းဖို့အဆင်သင့်ပါပဲ”ဟု အီရန်သမ္မတ၏ပြောကြားချက်ကို အီရန်မီဟာသတင်းအေဂျင်စီက ပြောသည်။

အီရန်နျူကလီးယားစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော နိုင်ငံများဖြစ်သည့် ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်တို့သည် ပင်လယ်ကွေ့ဒေသအခြေအနေများ တင်းမာလာမှုကိုစိုးရိမ်မိသည်ဟု ဇူလိုင် ၁၄ ရက်က ပြောကြားခဲ့သည်။ လွန်ခဲ့သည့်နှစ် မေလအတွင်းတွင် အီရန်နျူကလီးယားစာချုပ်ကို အမေရိကန်စွန့်လွှတ်ခဲ့ပြီး ပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်ခဲ့သည်။ ယခုနှစ် ဇူလိုင် ၇ ရက်က အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက အီရန်သည် ယူရေနီယံသန့်စင်မှုကို တိုးမြှင့်လုပ်ဆောင်မည်ဟု သတိပေးခဲ့သည်။ ဇူလိုင် ၈ ရက်တွင် ယူရေနီယံသန့်စင်မှုကို ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ သန့်စင်ခဲ့သည်ဟု ကြေညာခဲ့သည်။

ဆင်ဟွာ

မြိုင်မြို့နယ် သောက်သုံးရေရရှိရေး ဆောင်ရွက်နေမှု မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

မြိုင် ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာတန်းရှည်ကျေးရွာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့်သောက်သုံးရေ ရရှိရေး စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများနှင့် ဆက်စပ် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ယမန်နေ့က ကြည့်ရှုစစ်ဆေးခဲ့သည်။

စစ်ဆေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းထွန်းက လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ရွာတန်းရှည်ကျေးရွာ သောက်သုံးရေရရှိရေး အတွက် တွင်းအကျယ် လေးလက်မ၊ အနက်ပေ ၉၀၀ ခန့်ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၂၄ ဒသမ ၁သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သောက်သုံးရေရရှိရေး စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၀၀၊ လူဦးရေ ၁၀၅၆ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ၏ သောက်သုံးရေအခက်အခဲများ အဆင်ပြေသွားမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သန်းလွင်(မကွေး)

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို စက်ရေတွင်းတူးဖော်မှု ကြည့်ရှုစစ်ဆေးစဉ်။

မသန်စွမ်းသူများအတွက် ခြေတုပေးအပ်ပွဲ အခမ်းအနား ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

လွိုင်ကော် ဇူလိုင် ၁၅

ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ) နှင့် LDSC (Letter Day Saint Charities) တို့ပူးပေါင်း၍ ကယားပြည်နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ခြေထောက်ဆုံးရှုံးခဲ့ရသည့် မသန်စွမ်းသူများအတွက် ခြေတုများ တပ်ဆင် အသုံးပြုနိုင်ရန် ရည်ရွယ်၍ အခမဲ့ခြေတုများပေးအပ်ပွဲကို ယနေ့နံနက်က လွိုင်ကော်မြို့ နောင်ယား (ခ) ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိက “ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအရွေ့ကို ဖော်ဆောင်ရာမှာ မသန်စွမ်းပုဂ္ဂိုလ်တွေ အားလုံးအနေနဲ့လည်း ယနေ့ထိတိုင် ပူးပေါင်းဆောင်ရွက်နေတာကို သိရှိရတယ်။ ဒီအတွက် ကြောင့် မသန်စွမ်းသူတွေကို အထူး ကျေးဇူးတင်ရှိပြီး အနာဂတ်မှာ အားလုံးမျှော်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကဏ္ဍမှာ အခုလို ပူးပေါင်းကြဖို့ တိုက်တွန်းလိုပါတယ်။ ရွှေမင်းသား ဖောင်ဒေးရှင်းအနေနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မသန်စွမ်းသူတွေအတွက် လိုအပ်တဲ့ ကဏ္ဍတွေမှာ အဆင်ပြေစေရေးအတွက် အဘက်ဘက်က ထောက်ပံ့နေတာကို သိရလို့ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ မှတ်တမ်းတင်ဂုဏ်ပြုကြောင်း ပြောကြားလိုပါတယ်။ မသန်စွမ်းသူတွေအတွက် ရုံးဆောက်လုပ်နိုင်ရေး မြေနေရာကိုလည်း ချထားဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ NGO၊ INGO အဖွဲ့တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်တတ်စေလိုတယ်။ ရည်မှန်းချက်၊ ရည်ရွယ်ချက်တွေပြည့်စုံဖို့ ပေါင်းစပ်ညှိနှိုင်း ချိတ်ဆက်ပြီး လုပ်ဆောင်မှုတွေဟာ အရေးကြီးတယ်။ မသန်စွမ်းသူတွေနဲ့ ပတ်သက်ပြီး ပြည်နယ်အတွင်း ထပ်မံဖော်ဆောင်ရမယ့် ကဏ္ဍများစွာရှိတယ်။ MasterPlan တွေနဲ့ ဆောင်ရွက်ဖို့ရှိပြီး သက်ဆိုင်တဲ့အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ကြစေလိုတယ်။ နောင်တွင် အဆောက်အအုံ တွေ ဆောက်လုပ်ရာမှာ မသန်စွမ်းသူတွေ ဝင်/ထွက်သွားလာရေး အဆင်ပြေစေရေးအတွက် စီမံဆောင်ရွက်နိုင်ရေး ရန်ပုံငွေတွေ ထည့်သွင်းလျာထားမှာ ဖြစ်ပါတယ်”ဟု ပြောသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ မသန်စွမ်းပြည်သူတစ်ဦးကို ခြေတုကူညီတပ်ဆင်ပေးစဉ်။

မသန်စွမ်းသူ ၇၅ ဦးတွင် ဒူးခေါင်းအထက် ၁၀ ဦး၊ ဒူးခေါင်းအောက် ၆၅ ဦး တို့အတွက် ခြေတု ၇၅ ခုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိတို့က မသန်စွမ်းသူများအား ကိုယ်တိုင်တပ်ဆင်ပေးခဲ့သည်။ ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ) နှင့် LDSC တို့ပူးပေါင်းပြီး ခြေတုတပ်ဆင်ပေးခြင်းကို မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ မွန်၊ ကရင်နှင့် ရခိုင်ပြည်နယ်များတွင် (၈) ကြိမ်တိတိ ဆောင်ရွက်ခဲ့ပြီး ခြေတု ၈၅၄ ချောင်း ပေးအပ်တပ်ဆင်နိုင်ခဲ့ကြောင်း သိရသည်။

ကိုစိုင်း (လွိုင်ကော်)

လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ ကျင်းပစဉ်။

လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ ညောင်လေးပင်၌ ပြုလုပ်

ညောင်လေးပင် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ပထမ ခြောက်လပတ် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲကို ယနေ့နံနက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ပြုလုပ်ခဲ့သည်။

လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာထွန်းဝင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးက လုပ်ငန်းဆောင်ရွက်မှုအကြောင်းများ ဆွေးနွေးသည်။ ထို့နောက် မြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနများမှ အုပ်စုအလိုက် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ဆွေးနွေးပွဲ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးဌေးဝင်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလင်းခိုင်ဖြိုး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်းသိရသည်။

နေလင်း (ညောင်လေးပင်)

စမ်းသပ်ကွက်၊ စံပြကွက်များနှင့် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာအား ဓာတ်မြေဩဇာပေးအပ်

ကဝ ဇူလိုင် ၁၅

၂၀၁၉ ခုနှစ် မိုးစပါးရာသီတွင် ဆောင်ရွက်စမ်းသပ်ကွက် စံပြကွက်များ၊ ဘက်စုံအဆင့်မြင့်တောင်သူများနှင့် မျိုးစေ့ထုတ်တောင်သူများအား ဓာတ်မြေဩဇာပေးအပ်ပွဲကို ဇူလိုင် ၁၂ ရက် က ပဲခူးခရိုင် ကဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းအောင်၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် စမ်းသပ်ကွက်၊ စံပြကွက်စိုက်ပျိုးသည့် တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းက အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်းက မျိုးစေ့ထုတ်လုပ်မှု အဆင့်ဆင့် နည်းပညာများကို ပြောကြားကာ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ဘက်စုံစံပြကျေးရွာဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ် များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော တောင်သူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဓာတ်မြေဩဇာများ ပေးအပ်ခဲ့သည်။

ကဝနွယ်

တပ်ကုန်းမြို့နယ်၌ ငမြောင်တောင်ပိုးကာကွယ်နှိမ်နင်းရေးနည်းပညာပေးဆွေးနွေး

တပ်ကုန်း ဇူလိုင် ၁၅

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် လက်ပံတောကျေးရွာရှိ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းစိုက်ပျိုးကြသည့် တောင်သူများအား ပြောင်းသီးနှံတွင်ကျရောက်သည့် ငမြောင်တောင်ဖျက်ပိုးကာကွယ်နှိမ်နင်းရေးနည်းပညာပေးပွဲနှင့် ပိုးသတ်ဆေး နမူနာ ပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက်က လက်ပံတောကျေးရွာ၌ ကျင်းပသည်။

အဆိုပါနည်းပညာပေးဆွေးနွေးပွဲတွင် နေပြည်တော်တိုင်း သီးနှံကာကွယ်ရေး တာဝန်ခံ ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မြမြလွင်နှင့် ဥတ္တရခရိုင်ဦးစီးမှူး၊ ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ တပ်ကုန်းမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နည်းပညာ ပေးဆွေးနွေးကြပြီး တောင်သူများအားပိုးသတ်ဆေးများ ပေးအပ်ခဲ့သည်။

မောင်ကျော်ကြီး

ဆွာချောင်းရေလှောင်တမံ ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းနှင့် ရေပိုလွှဲအသစ်တည်ဆောက်ခြင်းအတွက် ဆွေးနွေး

ရေတာရှည် ဇူလိုင် ၁၅

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု စီမံကိန်းအရ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စု ဥယျာဉ်မှူးကျေးရွာ အနောက်ဘက်ရှိ ဆွာချောင်းရေလှောင်တမံကို ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းနှင့် ပင်မရေပိုလွှဲ အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ ထိုလုပ်ငန်းများနှင့် ပတ်သက်၍ ဒေသခံများနှင့်ဆွေးနွေးပွဲကို ဇူလိုင်လဒုတိယပတ်က ရေတာရှည်မြို့ တော်ဝင်နေလခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆွာချောင်းရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က ဆွာချောင်းတမံမှ ယခင်နှစ် နွေစပါးစိုက်ပျိုးရာသီက ဧက ၅၀၀၀ ခန့်ကို ရေပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အမှန်တကယ် စိုက်ပျိုးရာတွင် ဧက ၇၀၀၀ နီးပါး စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ လာမည့်နွေစပါးရာသီတွင် ယခင်နှစ်က စိုက်ပျိုးနိုင်ခြင်းမရှိခဲ့သည့် DY-2 လက်တံမြောင်းကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်၍ စိုက်ပျိုးဧကပေါင်း ၁၀၀၀၀ ကျော်အထိ ရေပေးနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ADSP မှ စီမံကိန်းမန်နေဂျာ ဦးမင်းဇော်ဦးက စိုက်ပျိုးမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ သက်ဆိုင်သည့်ဌာနများနှင့် ချိတ်ဆက်၍ရေပေးဝေမှုစနစ် အဆင့်မြှင့်တင်ခြင်း၊ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ခြင်း၊ မြေဆီအာဟာရဆိုင်ရာ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း၊ ဘက်စုံ သီးနှံကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် နည်းပညာဆိုင်ရာများ ပံ့ပိုးပေးခြင်း၊ တောင်သူများ မျိုးကောင်းမျိုးသန့် စပါးမျိုးများရရှိရေး စသည်တို့ကို ကဏ္ဍအလိုက် ရှင်းလင်းခဲ့သည်။

ဆက်လက်၍ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလင်းက DY-2 လက်တံမြောင်းကို မြေသားပေါင်တင်ခြင်း၊ ကျောက်ကြီးလိုင်နင်စီခြင်းလုပ်ငန်းများဆောင်ရွက်မှုနှင့် လက်ရှိပြီးစီးသည့် အခြေအနေများ၊ လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆွာချောင်းဆည်တမံ ပင်မရေပိုလွှဲ အသစ်တည်ဆောက်မှု ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီးနောက် ဒေသခံပြည်သူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

သန်းလွင်

ဘိုကလေး၌ မျက်စိရောဂါ အခမဲ့ကွင်းဆင်း ကုသမည်

ဘိုကလေး ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့် အဖွဲ့က ဘိုကလေးမြို့နယ်ရှိ မျက်စိရောဂါဝေဒနာရှင်များအား လစဉ်အခမဲ့ ကွင်းဆင်းကုသပေးလျက်ရှိရာ ဩဂုတ် ၂ ရက်တွင် ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံ(ယခင် ဆေးရုံဟောင်း)၌ အခမဲ့ ကွင်းဆင်းကုသပေးမည်ဖြစ်သည်။

အဆိုပါ အဖွဲ့အနေဖြင့် ယခုနှစ်အတွင်း ဘိုကလေးမြို့နယ်တွင် မျက်စိရောဂါဝေဒနာရှင်များအား လစဉ်အခမဲ့ ကွင်းဆင်းကုသပေးလျက်ရှိသည်မှာ ခုနစ်ကြိမ်ရှိပြီဖြစ်ကြောင်း၊ မျက်စိရောဂါဝေဒနာသည်များသည် သတ်မှတ်ရက်တွင် မည်သူမဆို အခမဲ့ လာရောက် ကုသနိုင်ကြောင်း၊ ဆက်လက်၍ မျက်စိအထူးကုဆရာဝန်ကြီးများအနေဖြင့် လစဉ်ကွင်းဆင်းကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

မျက်စိဝေဒနာရှင်များအား အခမဲ့ကုသမှုပေးမည့် ဘိုကလေးပြည်သူ့ဆေးရုံ။

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကြောင့် ပျက်စီးသည့် သီးနှံများအတွက် တောင်သူများအား လျော်ကြေးငွေပေး

နောင်ချို ဇူလိုင် ၁၅

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုတွင် ထိခိုက်ပျက်စီးသွားသည့် သီးနှံများအတွက် တောင်သူများအား လျော်ကြေးငွေပေးအပ်ပွဲကို ဇူလိုင်လဒုတိယပတ်က နောင်ချိုမြို့ အထွေထွေအုပ်ချုပ်ရေးရုံးခန်း၌ ကျင်းပသည်။

ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစစ်အောင်လတ်က အမှာစကားပြောကြားပြီး အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်သင်းက ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် သီးနှံများထိခိုက်ပျက်စီးသွားရသည့် တောင်သူများအတွက် လျော်ကြေးငွေပေးအပ်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စီမံကိန်းကြောင့် သီးနှံထိခိုက်ပျက်စီးသွားသော တောင်သူ ၃၃ ဦးအတွက် လျော်ကြေးငွေများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

ပေါင်းတည်မြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ပေါင်းတည် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ရှင်းလင်းသရုပ်ပြပွဲနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ပြီး သရုပ်ပြလေ့ကျင့်မှုအား အုပ်ဖို(၂)ရပ်ကွက် ရွှေတည်စျေးသစ်နောက်ရှိ လေ့ကျင့်ရေးကွင်းအတွင်း၌ လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သဘာဝဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ပေါင်းတည်မြို့၌ သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ကြစဉ်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူဝင်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လက်တွေ့သင်ကြားမှုဘာသာရပ်မှ ရေဘေးအန္တရာယ်ကာကွယ်ရေးနှင့် ငလျင်ဘေးကျရောက်ပါက ဆောင်ရွက် ကယ်ဆယ်ရေးလုပ်ငန်း အဆင့်ဆင့်တို့ကို မြို့နယ်သန္တေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့တပ်ရင်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့တပ်ရင်းမှူးနှင့်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်း ကူညီမှုအသင်းနှင့် ကုသိုလ်ဖြစ်ဆေးရုံမှ တာဝန်ရှိသူများ၊ ဈေးသူဈေးသားများနှင့် လာရောက်လေ့လာကြည့်ရှုကြသူများက အဆိုပါလေ့ကျင့်ရေးကွင်းအတွင်း ကြိုတင်ကာကွယ်ရေးအတွက် ပူးပေါင်းပါဝင်ကြပြီး သရုပ်ပြ လေ့ကျင့်သင်ကြားခဲ့ကြောင်း သိရသည်။

တင်ဝင်းဇော်(မင်းသားကြီး)

ယနေ့ စျေးကွက်ပေါက်စျေးများ

၁၅-၇-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၃၆၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၉၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၃၆၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၉၆၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၈၉၀/၉၃၀ ကျပ်	၉၄၀/၉၅၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၀၀/၉၄၀ ကျပ်	၉၅၅/၉၇၀ ကျပ်
အောက်တိန်း ၉၂	၇၈၀/၈၂၀ ကျပ်	၈၅၀/၈၇၀ ကျပ်
အောက်တိန်း ၉၅	၈၆၀/၉၁၀ ကျပ်	၉၆၀/၉၇၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၁၀ ・ ၅
ဥရောပ	တစ်ယူရို	ကျပ် ၁၇၀၂ ・ ၅
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၁၃ ・ ၅
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၈၉၅ ・ ၅
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၀၀・ ၀
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၆၁ ・ ၆
တရုတ်	တစ်ယွမ်	ကျပ် ၂၁၉ ・ ၇၀
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၂ ・ ၀၂၉
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၈ ・ ၀
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၇ ・ ၄၇
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ ・ ၉၃၉

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ပျူ သင်္ဂြိုဟ်မှု ကျောက်အရိုးအိုးများ

မောင်သာ(ရှေးဟောင်းသုတေသန)

လွန်ခဲ့သော နှစ် ၂၀၀၀ ဝန်းကျင်က မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့ကြသည့် ပျူလူမျိုးများ၏ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုများကို ပညာရှင်များနှင့် သုတေသီများက ခေတ်အဆက်ဆက် ထုတ်ဖော်နိုင်ခဲ့သဖြင့် ပျူအထောက်ထားများစွာကို တွေ့ရှိခဲ့ကြသည်။ ထို့ကြောင့် ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့ကို ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို)က ကမ္ဘာ့အမွေအနှစ်(World Heritage)အဖြစ် ၂၀၁၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် အသိအမှတ်ပြုခဲ့သည်။ ထို့အတူ ယူနက်စ်ကိုအဖွဲ့သည် မြန်မာ့ယဉ်ကျေးမှုနယ်မြေ ပုဂံကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်က မြန်မာနိုင်ငံ၏ ဒုတိယမြောက် ကမ္ဘာ့အမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့သည်။

နေရာဒေသတစ်ခု၊ လူမျိုးတစ်ခု၏ အတိတ်သမိုင်းကို ဖော်ထုတ်ရာတွင် သမိုင်းပညာက စာပေမှတ်တမ်းများကို အထောက်အထားပြုကြသကဲ့သို့ ရှေးဟောင်းသုတေသနပညာကမူ တူးဖော်တွေ့ရှိမှုများကို သက်သေထူလေ့ရှိသည်။

ရှေးဟောင်းသုတေသနပညာသည် တူးဖော်ရေးလုပ်ငန်းကို အဓိက ဆောင်ရွက်ကာ ရှာဖွေတွေ့ရှိရသည့် ရုပ်ဝတ္ထုပစ္စည်းများကို မှတ်တမ်းတင်ခြင်း၊ သက်တမ်းတွက်ချက်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် တွေ့ရှိချက်များကို စာတမ်းများ၊ စာအုပ်များအဖြစ် ပုံနှိပ်ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်သည်။ မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသန တူးဖော်မှုလုပ်ငန်းများကို ဗြိတိသျှတို့ အုပ်စိုးခဲ့ချိန်မှစ၍ ယနေ့တိုင် ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြသည်။ ယင်းတူးဖော်မှုများတွင် တစ်ချိန်က လူသားများ ပြုလုပ်သုံးစွဲခဲ့သည့် အိုးများနှင့် အိုးအပိုင်းအစများကို မကြာခဏ တွေ့ရှိခဲ့ကြပြီး မြေအိုးများသာမက ကျောက်ထွင်းအိုးများပါ တွေ့ရှိခဲ့သည်။

ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုများပြုလုပ်သည့် နေရာများတွင် ရှေးလူသားတို့ သုံးစွဲခဲ့သည့် အိုးနှင့် မီးသွေးစများကို တွေ့ရှိကြရမြဲဖြစ်သည်။ မီးသွေးစများကို ကာဗွန် ၁၄ ဓာတ်ခွဲနည်းဖြင့် စစ်ဆေးတွက်ချက်ကာ သက်တမ်းကို ဖော်ထုတ်နိုင်သလို အိုး၊ အုတ်၊ ကြွေထည်စသော မြေ၊ ရွှံ့တို့ဖြင့် ပြုလုပ်ထားသည့် ရှေးဟောင်းပစ္စည်းများကို(Thermoluminesence Dating) နည်းစနစ်ဖြင့် သက်တမ်းတွက်ချက်နိုင်သည်။ ဤသို့ဖြင့် ရှေးဟောင်းနယ်မြေ ဒေသများတွင် လူတို့ နေထိုင်ခဲ့ကြသည့် သက်တမ်းများကို ဖော်ထုတ်တွက်ချက်နိုင်ပေသည်။

သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက လွန်ခဲ့သည့် နှစ် ၈၀၀၀ က လူသားများသည် အိုးကို အစောဆုံး သုံးစွဲခဲ့ဖွယ်ရှိကြောင်းနှင့် ဗိဿနိုး ပျူမြို့ဟောင်း တူးဖော်မှုမှ သင်္ချိုင်းအိုး၊ သိုလှောင်အိုး၊ ချက်ပြုတ်အိုး၊ စားခွက်၊ သောက်ခွက်များကို တွေ့ရှိခဲ့ရကြောင်း ရေးသားခဲ့သည်။

ပျူအိုးများ

မြန်မာနိုင်ငံအတွင်း ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည့် နေရာဒေသများကို တူးဖော်မှုများဆောင်ရွက်ခဲ့ရာ မြို့ရိုးဟောင်းများ၊ အဆောက်အအုံပန္နက်များ၊ စေတီပုထိုးများ၊ လက်မှုအနုပညာများ၊ ဆင်းတုတော်များ၊ ရုပ်ကြွများ စသည်ဖြင့် ပျူလူမျိုးများ၏ ယဉ်ကျေးမှုပစ္စည်းများကို တွေ့ရှိခဲ့သည်။ ထို့အတူ ပျူလူမျိုးများ၏ သင်္ဂြိုဟ်မြှုပ်နှံမှုတွင် အသုံးပြုခဲ့ကြသည့် မြေအိုးများနှင့် ကြေးအိုးများကို တွေ့ရှိခဲ့သည်။

ပျူလူမျိုးများသည် လူတစ်ဦး ကွယ်လွန်ချိန်တွင် ကြွင်းကျန်သောရုပ်အလောင်းကို မီးရှို့ကာ အရိုးပြာနှင့် ကွယ်လွန်သူသုံးစွဲခဲ့သည့် အသုံးအဆောင်အချို့ကို အိုးများအတွင်း ထည့်သွင်းမြှုပ်နှံလေ့ရှိခဲ့သည်။ ပညာရှင်များက တူးဖော်မှုများတွင်တွေ့ရှိသည့်အိုးများကို လေ့လာစိစစ်ပြီးနောက် သာမန်ပြည်သူများသည် မြေအိုးများကို အသုံးပြုကြပြီး မင်းစိုးရာဇာများက ကျောက်အိုးများ၊ မင်းဆွေမင်းမျိုးနှင့် ချမ်းသာကြွယ်ဝသူများက ကြေးအိုးများကို သုံးစွဲခဲ့ကြကြောင်း ယူဆခဲ့ကြသည်။

ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည့် မြို့ဟောင်းများအနက် အကြီးဆုံးဖြစ်သည့် သရေခေတ္တရာတွင် ကျောက်ဖြင့်တည်ဆောက်ထားသည့် အဆောက်အအုံများကို မတွေ့ရှိရသော်လည်း သဲကျောက်ဖြင့်ပြုလုပ်ထားသော အရိုးအိုးများ အပါအဝင် ကျောက်ရုပ်ကြွများ၊ ကျောက်ဆစ်ရုပ်ပွားတော်များ၊ ဌာပနာတိုက်ဖုံး ကျောက်ချပ်များကို တွေ့ရှိခဲ့သည်။ ယင်းတို့အနက် မှတ်တမ်းကမ္ပည်းစာများ ရေးထိုးထားသည့် ကျောက်အိုးငါးလုံးသည် ပျူမင်းဆက်ဘုရင်များ၏ အရိုးအိုးများဖြစ်ကာ ယင်းအိုးများကို အများပြည်သူလေ့လာနိုင်ရန် သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တွင် သုံးလုံး၊ အမျိုးသားပြတိုက်(ရန်ကုန်)နှင့် အမျိုးသားပြတိုက်(နေပြည်တော်)တို့တွင် တစ်လုံးစီ ပြသထားသည်။

ဘုရားကြီးတောင်ဘက်မှ ကျောက်အရိုးအိုး လေးလုံးနှင့်အတူ ကမ္ပည်းစာမပါသည့် ကျောက်အိုးငယ်တစ်လုံးကို ရရှိခဲ့ကာ ယင်းအိုးကို သရေခေတ္တရာပြတိုက်တွင် လေ့လာနိုင်ကြသည်။

သူရိယဝိကြမမင်း အရိုးအိုး

ကျောက်စာဝန် မစ္စတာတော်စိန်ခိုသည် သရေခေတ္တရာမြို့ဟောင်း ဘုရားကြီးတောင်ဘက် ကိုက် ၂၀၀ အကွာမှ ကျောက်အရိုးအိုး လေးလုံးကို ၁၉၁၁ ခုနှစ်က တွေ့ရှိခဲ့သည်။ ယင်းတို့အနက် ယခုအခါ သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တွင် ပြသထားသည့် အညိုရောင် သီရိဝိကြမ ကျောက်အရိုးအိုးသည် အမြင့် ၁၀၀ စင်တီမီတာ၊ လုံးပတ် ၂၃၀ စင်တီမီတာနှင့် အထူ ၁၈ စင်တီမီတာ ရှိသည်။ အရိုးအိုးသည် ထုလုံးရှည်(ဆလင်ဒါ)ပုံစံရှိ၍ အပေါ်တွင် လည်တိုင်ရှိသဖြင့် မူလက အဖုံးရှိခဲ့ဟန်တူကာ အဖုံးကို မတွေ့ရှိခဲ့ချေ။ သူရိယဝိကြမမင်း အရိုးအိုးကို ပျူခေတ်အတွင်း အေဒီ ၆၈၈ ခုနှစ် ဝန်းကျင်က ပြုလုပ်ခဲ့ဟန်ရှိကြောင်း ပညာရှင်များက ခန့်မှန်းခဲ့ကြသည်။

ကျောက်အရိုးအိုးပေါ်တွင် ပျူစာတစ်ကြောင်း ရေးထိုးထားရာ ‘သက္ကရာဇ် ၅၀ နှစ်၊ ၅လ၊ သူရိယဝိကြမ၊ အသက် ၆၄ နှစ်တွင် ကွယ်လွန်သည်’ ဟု ပညာရှင်များက အဓိပ္ပာယ်ပြန်ဆိုခဲ့သည်။ ကျောက်စာတွင် ရေးထိုးထားသည့် သက္ကရာဇ်ကို ခရစ်နှစ် ၆၈၈ ခုနှစ်ဟု သက္ကရာဇ် ဖလှယ်ခဲ့သည်။ သူရိယဝိကြမမင်း အရိုးအိုး၏ အောက်ခြေ(အိုးဖင်)တွင် စာကြောင်း ၁၁ ကြောင်း ပါရှိပြီး မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း မရှိသေးချေ။

ဟရိဝိကြမမင်း အရိုးအိုး

သရေခေတ္တရာမြို့ဟောင်း ဘုရားကြီးတောင်ဘက်မှ ရရှိခဲ့သော ကျောက်အရိုးအိုး လေးလုံးအနက် တစ်လုံးဖြစ်သည့် ဟရိဝိကြမမင်း ကျောက်အရိုးအိုးသည် အမြင့် ၉၂ စင်တီမီတာ၊ လုံးပတ် ၂၁၀ စင်တီမီတာ၊ အထူ ၃၄ စင်တီမီတာရှိသည်။ ယင်း အညိုရောင် ကျောက်အရိုးအိုးသည်လည်း ထုလုံးရှည်ပုံသဏ္ဌာန်ရှိကာ အဖုံး ပါရှိသည်။ ပညာရှင်များက ယင်းကျောက်အိုးကို အေဒီ ၇ ရာစု နှင့် ၈ ရာစုအတွင်း ပြုလုပ်ခဲ့ကြောင်း ခန့်မှန်းခဲ့ပြီး ကျောက်အရိုးအိုးပေါ်တွင် ရေးထွင်းထားသည့် ပျူစာကြောင်းတစ်ကြောင်းကို ‘သက္ကရာဇ် ၅၇ နှစ်၊ ၂ လ၊ ၂၄ ရက်၊ ဟရိဝိကြမ၊ အသက် ၄၁ နှစ်၊ ၇ လ၊ ၉ ရက်တွင် ကွယ်လွန်သည်’ ဟု အဓိပ္ပာယ်ပြန်ဆိုခဲ့သည်။ ကျောက်အိုးပေါ်မှ သက္ကရာဇ်ကို ခရစ်နှစ် ၆၉၅ ခုနှစ်ဟု ပြန်ဆိုခဲ့သည်။ ဟရိဝိကြမ ကျောက်အရိုးအိုးကိုလည်း သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တွင် ပြသထားသည်။

သီဟဝိကြမမင်း အရိုးအိုး

သီဟဝိကြမမင်း ကျောက်အရိုးအိုးကို ဘုရားကြီးတောင်ဘက်မှပင် ရရှိခဲ့သည်။ အမြင့် ၆၂ စင်တီမီတာနှင့် လုံးပတ် ၁၅၀ စင်တီမီတာရှိသည့် ယင်းအရိုးအိုးတွင် မူလကျောက်အဖုံး ပါရှိသည်။ အေဒီ ၇ ရာစုနှင့် ၈ ရာစု အတွင်း ပြုလုပ်ခဲ့ကြောင်း ခန့်မှန်းသည့် ယင်းကျောက်အိုးပေါ်တွင် ရေးထွင်းထားသည့် စာကြောင်းကို ပညာရှင်များက ‘သက္ကရာဇ် ၄၄ နှစ်၊ ၉ လ၊ ၂၀ ရက်၊ သီဟဝိကြမ၊ အသက် ၈၀ နှစ်တွင် ကွယ်လွန်သည်’ ဟု အဓိပ္ပာယ်ပြန်ဆိုသည်။ ကမ္ပည်းစာပါ ခုနှစ်ကို ခရစ်နှစ် ၇၁၈ ခုနှစ်ဟု သက္ကရာဇ် ဖလှယ်သည်။ ယခုအခါတွင် သီဟဝိကြမ ကျောက်အရိုးအိုးကို အမျိုးသားပြတိုက် (နေပြည်တော်)၌ ပြသထားသည်။



အမျိုးသားပြတိုက်(နေပြည်တော်)တွင် ပြသထားသည့် သီဟဝိကြမမင်း အရိုးအိုး

သူရိယဝိကြမမင်း ဆွေမျိုးတော် အရိုးအိုး

သီရိခေတ္တရာ ရှေးဟောင်းသုတေသနပြတိုက်၌ ပြသထားသည့် သူရိယဝိကြမမင်း ဆွေမျိုးတော် အရိုးအိုးသည် အမြင့် ၁၀၀ စင်တီမီတာ၊ လုံးပတ် ၂၃၀ စင်တီမီတာနှင့် အထူ ၁၈ စင်တီမီတာ ရှိသည်။ ကျောက်အိုးပေါ်မှ စာသားများသည် အနည်းငယ် မှိန်နေသော်လည်း ပညာရှင်များက ဖတ်ရှုနိုင်ခဲ့ကြကာ ‘သက္ကရာဇ် ၃၀ နှစ်၊ သူရိယဝိကြမမင်း ဆွေမျိုးတော်များ ကွယ်လွန်သည်’ ဟု အဓိပ္ပာယ်ပြန်ဆို၍ ခရစ်နှစ် ၆၆၈ ခုနှစ်ဟု သက္ကရာဇ် ဖလှယ်သည်။ ယင်းကျောက်အိုး၏ အောက်တွင် စာကြောင်း ၁၁ ကြောင်း ပါရှိသော်လည်း အလွန်မှေးမှိန်နေသဖြင့် ဖတ်ရှုပြန်ဆိုမှု မပြုလုပ်နိုင်ခဲ့ပါချေ။

ဘုရားထောင် အရိုးအိုး

ဘုရားကြီးအနီးမှ ကျောက်အရိုးအိုး လေးလုံးကို တွေ့ရှိခဲ့ပြီး နှစ်ပေါင်း ၈၀ ကျော်အကြာ ၁၉၉၃ ခုနှစ် မတ်လ ၁၈ ရက်တွင် သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ ဘုရားထောင်အနီးမှ ကျောက်အိုးတစ်လုံးကို ထပ်မံရရှိခဲ့သည်။ ရှေးဟောင်းသုတေသန ဦးစီးဌာနက သရေခေတ္တရာ တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်စဉ် တူးဖော်မှုကုန်းအမှတ်(HMA 31)မှ အရိုးအိုးဟု ယူဆရသည့် ယင်းကျောက်အိုးကို ရရှိခဲ့သည်။ ကျောက်အိုးသည် အမြင့် ၁၅၀ စင်တီမီတာနှင့် လုံးပတ် ၂၆၀ စင်တီမီတာရှိကာ ဘုရားထောင်အရိုးအိုးဟု ထင်ရှားခဲ့သည်။ ဘုရားထောင် ကျောက်အိုးပေါ်၌ ပါရှိသည့် ပျူစာကြောင်း ငါးကြောင်းတွင် စာလုံးရေ ၁၁၂၇ လုံး ပါရှိပြီး ၇၇ လုံးကို ဖတ်၍ မရဘဲ စာလုံး ၁၀၅၀ ကိုမူ ပညာရှင်များက ဖတ်ရှုနိုင်ခဲ့သည်။

ဘုရားထောင် အရိုးအိုးသည် ယခင်ရရှိထားသော ကျောက်အိုး လေးလုံးကဲ့သို့ပင် ထုလုံးရှည်ပုံသဏ္ဌာန်ဖြစ်ပြီး ယင်းအိုးကို ရရှိခဲ့ချိန်တွင် အိုးအတွင်း၌ ဆင်းတုတော် အကျိုးအပဲ့များကိုပါ တွေ့ရှိခဲ့သည်။

သရေခေတ္တရာ ကျောက်အိုးများတွင် ရေးထွင်းထားသည့် ပျူစာများအရ ထိုအိုးများသည် သူရိယဝိကြမ၊ ဟရိဝိကြမ၊ သီဟဝိကြမမင်းတို့၏ အရိုးအိုးများဖြစ်ကြောင်းနှင့် ကျန်တစ်အိုးမှာ မင်းဆွေမျိုးတစ်ဦးဦး သို့မဟုတ် မင်းမိဖုရားတစ်ဦးဦး၏ အရိုးအိုး ဖြစ်နိုင်ကြောင်း ပညာရှင်များက ကောက်ချက်ချခဲ့ကြသည်။

ဘုရားထောင်အရိုးအိုးကို တွေ့ခဲ့ပြီးနောက် ယခင်တွေ့ရှိခဲ့သည့် ဘုရားကြီး အရိုးအိုးလေးလုံးနှင့် ဆက်စပ်ကာ သရေခေတ္တရာတွင် အုပ်စိုးခဲ့သည့် ပျူမင်းဆက်အချို့ကို ဖော်ထုတ်နိုင်ခဲ့သည်။ အိုးပေါ်မှ စာကြောင်းများကို ဖတ်ရှုပြီး ပညာရှင်များက **သြိဒေ့ဝ မိတြဖံး၊ သြိဟရိဝိ (ကြမဖံး)၊ သြိသိဟ ဝိကြမဖံး၊ သြိသူရိယဝိ ကြမဖံး၊ သြိဖြိထူဝိ ကြမဖံး၊ သြိဇတြတ ဝိကြမဖံး၊ သြိ (အာ)ဒိတျ ဝိကြမဖံး** ဟူသည့် အမည် ခုနစ်ခုကို ဖော်ထုတ်နိုင်ခဲ့သည်။ အမည်များအားလုံးသည် ‘သြိ’နှင့်စကာ ‘ဖံး’နှင့်ဆုံးပြီး စာကြောင်းရေ(၁)မှ သြိဒေ့ဝမိတြဖံးနှင့် စာကြောင်းရေ(၆)မှ သြိဇတြတ ဝိကြမဖံးတို့မှလွဲ၍ ကျန်အမည်များသည် သရေခေတ္တရာကို အုပ်စိုးခဲ့သော ပျူဘုရင်များ၏ အမည်များဖြစ်ကာ သရေခေတ္တရာ၌ ဝိကြမမင်းဆက် အုပ်စိုးခဲ့ကြောင်း ဖော်ထုတ်ခဲ့ကြသည်။

သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းက ထိုဘုရင်များ၏ အမည်များအား ဒေ့ဝမိတြကို ‘နတ်ချစ်သူ’၊ ဟရိဝိကြမကို ‘ဗိဿနိုးနတ်မင်း၏လက်ရုံး’၊ သီဟဝိကြမကို ‘ခြင်္သေ့ကဲ့သို့ရဲရင့်သူ’၊ သူရိယဝိကြမကို ‘နေကဲ့သို့တောက်ပသူ’၊ ဗြိထူဝိကြမကို ‘အမိနတ်မင်း စောင်မသူ’၊ ဇတြတဝိကြမကို ‘အမျိုးတကာ ထိတ်လန့်သူ’ နှင့် အာဒိတျ ဝိကြမကို ‘နေမျိုးအသရေ’ ဟု အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။

ဘုရားကြီးမှတွေ့ရှိခဲ့သော ကျောက်အိုးများတွင် ရေးထွင်းထားသော စာများနှင့် ဘုရားထောင်ကျောက်အိုးပေါ်မှ စာများသည် အက္ခရာပုံစံ တူညီကြသည်။ ဘုရားကြီးအနီးမှ ရရှိခဲ့သော ကျောက်အိုးတစ်လုံးစီပေါ်တွင် ဘုရင်တစ်ပါးစီ၏ အမည်ကိုသာ ရေးထွင်းထားသဖြင့် သရေခေတ္တရာမင်းဆက် ဘုရင်အမည်များကို ရှေ့နောက်စဉ်ရန် ခက်ခဲခဲ့သော်လည်း ဘုရားထောင်ကျောက်အိုးပေါ်တွင် ဘုရင်အမည်များကို သက္ကရာဇ်နှင့်အတူ ရေးထွင်းထားသဖြင့် သရေခေတ္တရာတွင် အုပ်စိုးခဲ့သော ဝိကြမမင်းဆက်ကို ခုနှစ်အလိုက် ခန့်မှန်းနိုင်ခဲ့သည်။ ဘုရားထောင်အရိုးအိုးပါ ပျူစာများကို သမိုင်းပညာရှင်များဖြစ်ကြသည့် ဆရာကြီး ဒေါက်တာသန်းထွန်း၊ ဦးငြိမ်းမောင်နှင့် ဦးစံဝင်းတို့က ဖတ်ခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်းရှိ ပျူမြို့ဟောင်းများအနက် သရေခေတ္တရာ တစ်နေရာတည်းတွင်သာ တွေ့ရှိခဲ့ရသည့် ကျောက်ထွင်းအိုးများသည် သရေခေတ္တရာတွင် နေထိုင်ခဲ့ကြသော ပျူလူမျိုးများ၏ သင်္ဂြိုဟ်မြှုပ်နှံမှုဓလေ့၊ ပျူအက္ခရာအချို့နှင့် သရေခေတ္တရာ မင်းဆက်အချို့ကို ဖော်ထုတ်နိုင်သည့် ခိုင်မာသော အထောက်အထားများ ဖြစ်လာခဲ့သည်။ ယင်းကျောက်ထွင်းအိုးများအနက် ဘုရားကြီးမှရခဲ့သည့် ကျောက်အိုး လေးလုံးကို အရိုးအိုးများဟု ယေဘုယျအားဖြင့် လက်ခံထားကြသော်လည်း ဘုရားထောင်ကျောက်အိုးသည် အရိုးအိုးဟုတ်မဟုတ် ပညာရှင်များအကြား ယူဆချက်များ ကွဲပြားခဲ့သည်။ အချို့က အရိုးအိုးဟု ယူဆသကဲ့သို့ အချို့က အရိုးအိုးမဟုတ်ဟု ယူဆမှုများရှိခဲ့သည်။

ရွှေ့ပြောင်းမရသည့် ကျောက်အိုးများ

သရေခေတ္တရာ မြို့ဟောင်းဝန်းကျင်တွင် ပျူတိုက်ဟု ခေါ်ဆိုသည့် လေးထောင့်စပ်စပ် ကုန်းဟောင်းများကို တွေ့ရှိကြရသည်။ ယင်းတို့အနက် မြို့ဟောင်း၏ တောင်ဘက်ရှိ ပျူတိုက်များ၏ မြောက်ဘက်တွင် လေးထောင့်ပုံအကွက်တစ်ခု ရှိသည်။ ထိုနေရာကို ဗိဿနိုးမိဖုရားနှင့် ဆွေတော်မျိုးတော်များသင်္ချိုင်းဟု အစဉ်အဆက် ခေါ်ဆိုခဲ့ကြသည်။ ၁၉၆၈ ခုနှစ်တွင် ဗိဿနိုးမိဖုရားနှင့် ဆွေတော်မျိုးတော်များ သင်္ချိုင်းတော်နေရာမှ ကြီးမားသော ကျောက်အိုးကြီးခြောက်လုံးကို တွေ့ရှိခဲ့ကြသည်။ ထိုကျောက်အိုးများသည် ပျမ်းမျှ ပတ်လည် ၂ ဒသမ ၄ မီတာ(၇ ဒသမ ၈၇ ပေ)နှင့် အမြင့် ၁ ဒသမ ၈၄ မီတာ(၆ ဒသမ ၀၃ ပေ)ရှိပြီး အိုးခြောက်လုံးကို သုံးလုံး နှစ်တန်း တွေ့ရှိခဲ့ကာ အရိုးအိုးများဟု ယူဆခဲ့ကြသည်။ ယင်းကျောက်အိုးကြီးများကို ထုတ်ယူသယ်ဆောင်ရန် မလွယ်ကူသဖြင့် တွေ့ရှိခဲ့သောနေရာမှာပင် ထိန်းသိမ်းထားသည်။ အိုးများ၏ပတ်လည်တွင် စာသားများရေးထိုးထားခြင်း မရှိချေ။

ပညာရှင်များက ဘုရားထောင်ကျောက်အိုးနှင့် မော်ဇာ၊ ဝက်ခေါင်းကန်ကုန်းမှ ၁၉၂၈ ခုနှစ်က ရရှိခဲ့သည့် ပျူနှင့် သက္ကတ နှစ်ဘာသာ ရောစပ်ရေးထိုးထားသော ကျောက်စာတို့ကို နှိုင်းယှဉ်ဆက်စပ်ကာ ဘုရင် ဟရိဝိကြမသည် သရေခေတ္တရာကို လေးရာစု အလယ်ဝန်းကျင်က တည်ထောင်ခဲ့ကြောင်း မှန်းဆခဲ့သည်။

သရေခေတ္တရာ တစ်နေရာတည်းတွင်သာ တွေ့ရှိခဲ့ရသည့် ကျောက်ထွင်းအိုးများသည် ပျူလူမျိုးများ၏ အတိတ်ပုံရိပ်များကို တစ်စိတ်တစ်ပိုင်း ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ဘုရားကြီး အရိုးအိုးလေးလုံးကို ကျောက်စာဝန်များဖြစ်ကြသည့် မစ္စတာ တော်စိန်ခို၊ ဦးလူဖေဝင်း၊ မွန်စီယာ ဒူရွိုင်ဇယ်တို့က ရှေးဟောင်းအရိုးအိုးများနှင့် ပတ်သက်၍လည်းကောင်း၊ မစ္စတာ ဘလက်ဒင်က အရိုးအိုး ကျောက်စာများနှင့် ပတ်သက်၍လည်းကောင်း၊ ဆရာကြီးဦးသာမြတ်က ပျူအက္ခရာများနှင့်ပတ်သက်၍ လည်းကောင်း လေ့လာခဲ့ကြပြီး ခေတ်အဆက်ဆက် ရှာဖွေတူးဖော်မှုများနှင့်အတူ သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

ဘုရားထောင်အိုး အပါအဝင် ကျောက်ထွင်းအိုးများကို အိုးပေါ်တွင် ရေးထိုးထားသည့် ဘုရင်များ၏အမည်များနှင့် ကွယ်လွန်ခဲ့သည့် နှစ်များကြောင့် အရိုးအိုးများဟု သတ်မှတ်ခဲ့ကြသော်လည်း ယင်းကျောက်အိုးများကို တွေ့ရှိခဲ့ချိန်တွင် ကျောက်အိုးများအတွင်း အရိုးစများ၊ အရိုးပြာများကို မတွေ့ရှိရဘဲ မြေကြီးများကိုသာ တွေ့ရှိခဲ့ရကြောင်း သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်က ရေးသားခဲ့သည်။ ထိုမြေကြီးများသည်ပင် ကွယ်လွန်သူများ၏ အရိုးပြာများလည်း ဖြစ်နိုင်ဖွယ်ရှိပေသည်။

၁၉၉၃ ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ ဘုရားထောင်စေတီ၏ အနောက်မြောက်ဘက်ရှိ ကိုးပေမြင့်သောကုန်းကို တူးဖော်ခဲ့ချိန်တွင် မြေကြီးအတွင်းမှရရှိခဲ့သည့် ဘုရားထောင် ကျောက်အိုးအတွင်းမှ ဆင်းတုတော်အကျိုးများကို တွေ့ရှိခဲ့သကဲ့သို့ အရိုးအိုးတွေ့ရှိခဲ့သည့် အနီးဝန်းကျင်နေရာများမှလည်း ဆင်းတုတော်နှင့် မြေမီးဖုတ်ဆင်းတု အကျိုးအပဲ့များကို တွေ့ရှိခဲ့သည်။ ဘုရားထောင်အရိုးအိုးတွင် အရိုးစ သို့မဟုတ် အရိုးပြာများကို မတွေ့ရှိခဲ့သဖြင့် ယင်းအိုးကို အခြားရည်ရွယ်ချက်တစ်ခုခုအတွက် အသုံးပြုခဲ့ခြင်းရှိမရှိလည်း စဉ်းစားဖွယ်ဖြစ်ခဲ့သည်။

သရေခေတ္တရာတွင် တွေ့ခဲ့ရသည့် ကျောက်အိုးများကို စေတီများ၏ အနီးဝန်းကျင်နေရာများမှသာ တွေ့ရှိခဲ့ခြင်းကြောင့် ကျန်ရစ်သူများက ကွယ်လွန်သူ ဘုရင်များ၏ အမည်များကို ကမ္ပည်းထိုးကာ ဘာသာရေးဆိုင်ရာဝတ္ထုတစ်ခုခု ထည့်သွင်းပြီး စေတီပုထိုးများထံ လှူဒါန်းခဲ့သည့် အလှူမှတ်တမ်းဟု ယူဆမှုများလည်း ရှိခဲ့သည်။

ပျူလူမျိုးများ၏ သင်္ဂြိုဟ်မှုဓလေ့တွင် လူသေလျှင် မီးရှို့၍ အရိုးပြာများနှင့် အသုံးအဆောင်များကို မြေအိုးတွင်ထည့်သွင်းပြီး မြှုပ်နှံခဲ့သည့် အထောက်အထားများကို သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းနှင့် မိုင်းမော ပျူမြို့ဟောင်းများမှ တွေ့ရှိခဲ့ရသည်။ သို့သော် ကျောက်အရိုးအိုးများနှင့် ကြေးအရိုးအိုးများကိုမူ သရေခေတ္တရာတွင်သာ တွေ့ရှိခဲ့ကြရသဖြင့် သုတေသီများအတွက် များစွာ စိတ်ဝင်စားဖွယ်ကောင်းသော လေ့လာစရာကိစ္စတစ်ခု ဖြစ်နေခဲ့ပေသည်။ ။

ကိုးကား

(၁) ထွေထွေရာရာ မြန်မာသမိုင်း (ဒေါက်တာသန်းထွန်း)
(၂) အိုးသမိုင်း(ဒေါက်တာသန်းထွန်း)
(၃) Dating the Hpayahtaung Pyu Stone Urn Inscription (San Win)

အုန်းသီးခြောက်မှ လူသုံးပစ္စည်းများထုတ်လုပ်မှု ပိုမိုအဆင့်မြှင့်တင်နိုင်ရန် မျှော်လင့်နေ

မကွေး ဇူလိုင် ၁၅

အုန်းသီးခြောက်မှ လူသုံးပစ္စည်းများထုတ်လုပ်သည့် လက်မှုလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မကွေးတိုင်းဒေသကြီး ကိုယ်စားပြု အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ပြိုင်ပွဲတွင် ၂၀၁၈ ခုနှစ်အတွက် တတိယဆုရရှိထားသည့် 'ရွှေလက်ရာ' အုန်းသီးခြောက် လက်မှုလုပ်ငန်းနည်းပညာမြှင့်တင်ခြင်း၊ အရေအတွက် ပိုမိုထုတ်လုပ်ခြင်းများ ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ရွှေလက်ရာ အုန်းသီးခြောက်လက်မှုလုပ်ငန်းပိုင်ရှင် ဦးဌေးအောင်က "ကျွန်တော့်တို့ကို အသေးစားနဲ့အလတ်စား စက်မှုလက်မှုလုပ်ငန်းတွေကို ချေးငွေပေးမယ်ဆိုရင် လုပ်သားအင်အားတိုးချဲ့မယ်။ လိုအပ်တဲ့ စက်ကိရိယာတွေ တပ်ဆင်ပါမယ်။ ဒါဆိုရင် အရေအတွက် များများထုတ်လုပ်နိုင်မယ်။ ခရီးသွားအများစုဝင်ရောက်လည်ပတ်တဲ့ ပုဂံ၊ ညောင်ဦး၊ ပြင်ဦးလွင်စတဲ့ နေရာတွေမှာ ပြသရောင်းချမယ်။ ထုတ်ကုန်ကိုလည်း ပိုကောင်းအောင် အဆင့်မြှင့်ထုတ်လုပ်မယ်လို့ ရည်ရွယ်ထားပါတယ်"ဟု ပြောသည်။

ဦးဌေးအောင်သည် အုန်းသီးခြစ်လုပ်ငန်းကို လုပ်ကိုင်သူတစ်ဦးဖြစ်ပြီး ဝါသနာအရ အုန်းသီးခြောက်များနှင့် အုန်းသီးခွံများဖြင့် လက်မှုပစ္စည်းများကို ၂၀၁၁ ခုနှစ်မှစတင်ကာ တီထွင်ထုတ်လုပ်ခဲ့သည်။ ၂၀၁၇ ခုနှစ် မတ်လက ကျင်းပသည့် အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းပြိုင်ပွဲ၌ မကွေးတိုင်းဒေသကြီး ကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာနမှ တာဝန်ရှိသူများ၏ အားပေးကူညီမှုကို ရရှိခဲ့ကြောင်း သိရသည်။

"အုန်းသီးခြောက် လက်မှုပစ္စည်းတွေကို ကျွန်တော် ထင်တာက အုန်းသီးပေါပေါများများထွက်တဲ့ တနင်္သာရီတို့၊ ရခိုင်တို့မှာ ပိုပြီးလုပ်ကိုင်ကြမယ်လို့ ထင်ထားတာ။ ပြိုင်ပွဲမှာတော့ အုန်းသီးကနေ လက်မှုပစ္စည်းထုတ်တာ ကျွန်တော်တစ်ဦးတည်းပါဝင်ခဲ့တယ်။ အရေအတွက် များများကို အရည်အသွေးပြည့်မီစွာနဲ့ ထုတ်လုပ်နိုင်ဖို့ ကျွန်တော်ကြိုးစားနေပါတယ်"ဟု ၎င်းက ပြောသည်။ ပြိုင်ပွဲတွင် အုန်းသီးခြောက်ဖြင့် ဆင်ရုပ်တုလုပ်ထားမှုကို ပြသယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲဝင် ၁၂၂ ဦးအနက် တတိယဆုကိုရရှိခဲ့ပြီးနောက် ဝါသနာအရထုတ်လုပ်သည့်အဆင့်မှ စနစ်တကျ ထုတ်လုပ်ရောင်းချသည့်အဆင့်ကို ရောက်ရှိရန် ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အုန်းသီးခြောက်မှ ထုတ်လုပ်ထားသည့် လူသုံးပစ္စည်းများကို တွေ့ရစဉ်။

"အုန်းသီးအတွင်းခွံအမာကို အသုံးပြုပြီး ရေနွေးအိုး၊ လက်ဖက်အုပ်၊ ပန်းအိုး၊ ပန်းကန်၊ ဆွမ်းအုပ်၊ သော့ချိတ်၊ ဘီး၊ ကြယ်သီး၊ ကလစ်စတဲ့ လက်မှုပစ္စည်းတွေကို တစ်မျိုးပြီးတစ်မျိုး တိုးပြီး ထုတ်လုပ်ခဲ့ပါတယ်။ အုန်းသီးခြောက်ကို အသုံးပြုပြီး ဇီးကွက်ရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်၊ မျောက်ရုပ်၊ ငှက်ရုပ်နှင့် နဂါးရုပ်များကို ထုတ်လုပ်ပါတယ်။ နောက်ပိုင်းမှာ လက်ကိုင်အိတ်၊ ဘောပင်ထည့်တဲ့ခွက်တွေနဲ့ အသုံးအဆောင်တွေလည်း ထပ်မံထုတ်လုပ်နေပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

စားသောက်ရာတွင်အသုံးပြုမည့် ထုတ်ကုန်များကို ထုတ်လုပ်သည့်အခါ ဓာတုဗေဒဆိုးကျိုးများ မဖြစ်စေရန် ကျန်းမာရေးနှင့်ညီညွတ်သည့် ကုန်ကြမ်းများဖြင့်သာ ထုတ်လုပ်ထားကြောင်း၊ ထုတ်ကုန်အမျိုးမျိုးအတွက် ဈေးနှုန်းများမှာ ပစ္စည်းအမျိုးအစားအလိုက် ငွေကျပ် ၁၀၀၀ မှ ၁၀၀၀၀ အထိရှိကြောင်း သိရသည်။

"တရုတ်ပြည်သူ့သမ္မတနိုင်ငံကို လာမယ့် သြဂုတ်လ မှာ သွားရောက်ပြသနိုင်ဖို့ဆိုပြီး သက်ဆိုင်ရာဌာနတွေက ပြောပါတယ်။ ကျွန်တော်ကတော့ လိုက်သွားဖို့ မသေချာသေးပါဘူး။ စရိတ်စက ကြီးမားတဲ့အတွက်ဖြစ်ပါတယ်။ လက်ရှိမှာတော့ မန်းရွှေစက်တော်ဘုရားပွဲ၊ မြသလွန်ဘုရားပွဲနဲ့ အမှာရှိရင်ရှိသလို နယ်ပယ်ဒေသအသီးသီးကို တင်ပို့ရောင်းချပေးနေပါတယ်။ ချေးငွေတွေသာ ရရှိလာမယ်ဆိုရင်တော့ ကျွန်တော့်စိတ်ကူးတွေ အကောင်အထည်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်"ဟုလည်း ၎င်း က ဆက်လက်ပြောပြသည်။

အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများသည် အရင်းအနှီး၊ နည်းပညာလိုအပ်ချက်နှင့် အခြေခံအဆောက်အအုံ အားနည်းမှုများကြောင့် ရှင်သန်ရန်အတွက် ဌာနဆိုင်ရာအသီးသီးက အားပေးနေကြရသည်။ အဖွဲ့အစည်းများကလည်း နည်းပညာများ၊ အကြံဉာဏ်များနှင့် ရင်းနှီးမြှုပ်နှံမှုများရရှိစေရန် ကြိုးပမ်းပေးနေကြကြောင်း သိရသည်။

မကွေးပြန်/ဆက် သတင်းအဖွဲ့(၁)

ညောင်ဦးမြို့နယ်တွင် ပလတ်စတစ်အမှိုက်လျှော့ချရေး အသိပညာပေး

ညောင်ဦး ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ညောင်လု(တ)ရွာ အမကကျောင်းတွင် ပညာဒါန ပညာရေးဖောင်ဒေးရှင်းနှင့် Clean Future အဖွဲ့တို့ပူးပေါင်း၍ ပလတ်စတစ်အမှိုက်လျှော့ချရေး အသိပညာပေးပွဲနှင့် စာရေးကိရိယာများ လှူဒါန်းပွဲကို ယနေ့နံနက်က ကျင်းပသည်။

အသိပညာပေးဆောင်ရွက်မှုတွင် အမက ညောင်လု(တ)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၇၀ တို့အား ပလတ်စတစ်အမှိုက်လျှော့ချရေး တေးသီချင်းများ၊ အကများ၊ ပညာပေးဗီဒီယိုများ၊ ပိုစတာနှင့် လက်ကမ်းစာစောင်များဖြင့် အသိပညာပေးမှုများဆောင်ရွက်ခဲ့ပြီး အာဟာရဒါနများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ကတော့ အမှိုက်နဲ့ပတ်သက်တဲ့ သီချင်း၊ ကဗျာနဲ့ အကလေးတွေကို ကလေးတွေစိတ်ဝင်စားနိုင်မယ့် ဗီဒီယိုလေးတွေ၊ လက်ကမ်းစာစောင်လေးတွေနဲ့ ကလေးတွေ သဘောပေါက်နားလည်နိုင်အောင် ပြောပြတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း စနေနေ့တိုင်း ပုဂံပလတ်စတစ်ကမ်ပိန်းအဖွဲ့နဲ့ ပူးပေါင်းပြီး အမှိုက်ကောက်တယ်။ တခြားတစ်ဖက်ကလည်း အမှိုက်နဲ့ပတ်သက်တဲ့ အသိပညာပေးမှုတွေကိုလည်းလုပ်တယ်။ တကယ်တမ်း ကျွန်တော်တို့ လုပ်ချင်တာကတော့ ပုဂံ-ညောင်ဦးမှာ ဘယ်လိုပွဲမျိုးပဲလုပ်လုပ် ကိုယ်ပစ်တဲ့အမှိုက် ကိုယ်တာဝန်ယူဖို့ဆိုတဲ့ အသိပညာလေးကို Video Clip လေးတွေနဲ့ ထိုးစေချင်ပါတယ်"ဟု Clean Future အဖွဲ့မှ ဦးဇော်ဇော်က ပြောကြားသည်။

အသိပညာပေးပွဲသို့ Clean Future အဖွဲ့သားများ၊ ပညာရေးနှင့် ပြန်/ဆက်ဌာနမှ ဝန်ထမ်းများ၊ အ.မ.က ညောင်လု(တ)မှ ကျောင်းသား ကျောင်းသူများ၊ ရွာသူရွာသားများ ပါဝင်ခဲ့ကြောင်း သိရသည်။

ဖေလိန်း(ပုဂံ)

မော်ဟန်-လွယ်ခမ်းတောင် အန္တရာယ်ကွေ့ ကွန်ကရစ်လမ်းခင်းမည်

မိုးညှင်း ဇူလိုင် ၁၅

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်-လွယ်ခမ်းတောင် အန္တရာယ်ကွေ့တွင် ကွန်ကရစ်လမ်းခင်းကျင်းဆောင်ရွက်နိုင်ရေးအတွက် လမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါလမ်းပိုင်းသည် ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် ၂၉၀ ဒသမ ၈ ကီလိုမီတာနှင့် ၂၉၁ ဒသမ ၈ ကီလိုမီတာအတွင်းရှိ မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာနှင့် ၁ မိုင်ခန့်အကွာတွင် တည်ရှိသည်။ အရှည် မီတာ ၄၆၀ /၁၅၀၉ ပေရှိသည့် လွယ်ခမ်းတောင် အန္တရာယ်ကွေ့ဖြစ်သည်။ ယင်းလမ်းပိုင်းကို ၂၀၁၉ခုနှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေကျပ် ၃၂၃ ဒသမ ၂၆ သန်းဖြင့် ဇွန် ၂၆ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာလတွင် ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါလမ်းပိုင်း၏ မီတာ ၃၂၀ ကို မြေသားလမ်းချဲ့ခြင်း၊ မီတာ ၄၆၀ ကို ကျောက်စီရေမြောင်းလုပ်ဆောင်ခြင်း၊ မီတာ ၄၀၀ ကို Guard rail တပ်ဆင်ခြင်း၊ မီတာ ၂၀၀ ကို ကွန်ကရစ်ခင်းခြင်းနှင့် မီတာ ၂၆၀ တို့ကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်း တို့ကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးအရာရှိ ဦးမောင်မောင်လွင်က ပြောကြားသည်။

မော်ဟန်-လွယ်ခမ်းတောင် အန္တရာယ်ကွေ့ ကွန်ကရစ်လမ်းခင်းမည့်နေရာကို တွေ့ရစဉ်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး၊ မြို့နယ်လမ်းဦးစီးအရာရှိ ဦးမောင်မောင်လွင်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းစိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

နီတိုး

သတင်းတိုများ

သက်ငယ်မုဒိမ်းမှု လျော့နည်းပပျောက်ရေး အသိပညာပေး

မိုင်းပန် ဇူလိုင် ၁၅

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုင်းပန်မြို့နယ် ဝိုးလိုင်းကျေးရွာအုပ်စု တာဆန်းကျေးရွာ ငွေသောင်ယံဦးခန်းမ၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ သက်ငယ်မုဒိမ်းမှု ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းစံခမ်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အိရွှေစင်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းဦးရှိန်၊ လက်ထောက်ဆရာဝန် ဒေါက်တာစောထူးအောင်တို့က ပညာပေးဟောပြောရာ တာဆန်းကျေးရွာအနီးရှိ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်မိသားစုများ၊ တာဆန်းကျေးရွာနှင့်အနီးရှိကျေးရွာများမှ အမျိုးသမီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုဆန်း (မိုင်းပန်)**

ရာသီတုပ်ကွေးရောဂါမဖြစ်ပွားစေရေး အသိပညာပေး

ရန်ကုန် ဇူလိုင် ၁၅

မိုးရာသီတွင် အဖြစ်များလေ့ရှိသော သွေးလွန်တုပ်ကွေးနှင့် ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ကျင်းပရာ ကောလင်းဓမ္မစကူးမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာဝေက ခြင်မှတစ်ဆင့်ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ ခြင်ကိုက်မခံရရန် နေ့ခင်းပိုင်းအချိန်များတွင် ပြတင်းပေါက်များကို ဖွင့်၍ အလင်းရောင်ရရှိသော နေရာများတွင် နေထိုင်ရန်၊ ခြင်ထောင်များကို အသုံးပြု၍အိပ်စက်ကြရန်၊ မိမိတို့ ပတ်ဝန်းကျင်တွင် ခြင်များခိုအောင်းနိုင်သော နေရာများတွင် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ကြရန်နှင့် ရာသီတုပ်ကွေး၏ ရောဂါလက္ခဏာများ၊ ကုသနည်း၊ ကာကွယ်နည်းများနှင့် လူထူထပ်သောနေရာများသို့ သွားရောက်ရာတွင် နှာခေါင်းစည်း စနစ်တကျ အသုံးပြုပုံ၊ လက်ကိုစနစ်တကျ ဆေးကြောပုံတို့ကို အသိပညာပေးဟောပြော၍ ရာသီတုပ်ကွေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုအကြောင်း ဟောပြော

နတ်တလင်း ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့အထက်တန်းကျောင်း ရွှေရတုခန်းမဆောင်၌ ယနေ့နံနက်က မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုအကြောင်း သိကောင်းစရာ ဟောပြောပွဲအခမ်းအနား ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က အမှာစကားပြောကြားပြီး နယ်မြေစခန်းမှူးရဲအုပ်အောင်ဇော်မိုးက ယာဉ်စည်းကမ်းလမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးနှင့် သက်ငယ်မုဒိမ်းမှုဖြစ်ပေါ်မှုအကြောင်းနှင့် ပတ်သက်၍ ရှောင်ကြဉ်ရမည့်အချက်များ၊ လိုက်နာလုပ်ဆောင်ရမည့်အချက်များ၊ ခရိုင်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုတပ်စိတ်(၂)မှ ဒုရဲအုပ်ထွန်းညွန့်က လူကုန်ကူးမှုတားဆီးနှိမ်နင်းနိုင်ရေးအတွက် ကလေးသူငယ်များနှင့် မိဘပြည်သူများ သိသင့်သိထိုက်သော အချက်အလက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများအား မူခင်းကျဆင်းရေးအသိပညာပေးလက်ကမ်း စာစောင်များဖြန့်ဝေပေးကြကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**

မူခင်းကျဆင်းရေးအတွက် မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေး

ကျောင်းကုန်း ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် မူခင်းကျဆင်းရေးအတွက် မြို့မိမြို့ဖများနှင့်တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အေးကျော်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ်တွင် သက်ငယ်မုဒိမ်း ၂၄၃ မှု၊ သက်ကြီးမုဒိမ်း ၁၆၁ မှုနှင့် ၂၀၁၈ ခုနှစ်တွင် သက်ငယ်မုဒိမ်း ၂၃၁ မှု၊ သက်ကြီးမုဒိမ်း အမှု ၁၃၀ ဖြစ်ပွားခဲ့ကြောင်း ပြောကြားခဲ့သည်။

တစ်နိုင်ငံလုံး၌ ၂၀၁၇ ခုနှစ်တွင် သက်ငယ်မုဒိမ်း ၈၉၇ မှု၊ သက်ကြီးမုဒိမ်း အမှု ၅၀၀ နှင့် ၂၀၁၈ ခုနှစ်တွင် သက်ငယ်မုဒိမ်း ၅၅၅ မှု၊ သက်ကြီးမုဒိမ်း ၁၀၂၈ မှုဖြစ်ပွားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးသည် မုဒိမ်းမှုအများဆုံးဖြစ်ပွားခဲ့ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် မြို့မိမြို့ဖများက ကျောင်းကုန်းမြို့နယ်အတွင်း ဆိုင်ကယ်များခိုးယူခံရမှုနှင့် မော်တော်ယာဉ်များမှ ဘက်ထရီအိုးများအခိုးခံရမှုများပြားလာနေကြောင်း၊ သက်ငယ်မုဒိမ်းမှုများလည်း တစ်ခါတစ်ရံဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများက စိုးရိမ်နေကြကြောင်းပြောကြားရာ မြို့မရဲစခန်းမှူး ဒုရဲမှူးမောင်မောင်သန်းက ရဲတပ်ဖွဲ့အင်အား နည်းပါးသဖြင့် ပြည်သူများပူးပေါင်းပါဝင်၍ မသင်္ကာစရာတွေ့လျှင် ဖုန်းဆက်အကြောင်းကြားရန် ပြောကြားခဲ့ပြီး ယခုလို မြို့နယ်အတွင်း မူခင်းကျဆင်းရေးအတွက် မြို့မိမြို့ဖများနှင့် တွေ့ဆုံမှုကို တစ်လတစ်ကြိမ်တွေ့ဆုံ ဆွေးနွေးသွားရန်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

လျှောက်လှမ်းရမည့်လမ်းကြောင်း

အောင်ဘ(OKPO)

ဗုဒ္ဓဘုရားရှင်ဟာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့ ညမှာ သမ္မာ သမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။ အဲဒီနောက် ဗာရာဏသီပြည် မိဂဒါဝုန်တောအရပ်မှာ သီတင်းသုံးနေတော်မူစဉ် ဝါဆိုလပြည့်နေ့ ညနေချမ်း ညဦးယံအချိန်မှာ ပဥ္စဝဂ္ဂီရဟန်းတော် ငါးပါးကို ဓမ္မစကြာသုတ် တရားတော် ဟောကြားတော်မူခဲ့ပါတယ်။ ယနေ့မှစ၍ ပြန်ရေတွက်ကြည့်သော် နှစ်ပေါင်း ၂၆၀၈ နှစ် ရှိခဲ့ပါပြီ။

ဘုရားရှင်က ဓမ္မစကြာဟောတဲ့နေရာမှာ မလုပ်ရတာနှစ်ခုကို အရင်ပြောပါတယ်။ ပြီးတော့မှ လျှောက်လှမ်းရမယ့်လမ်းကြောင်းကို တတိယ ပြောပါတယ်။

ကာမသုခလ္လိကာနုယောဂလမ်း

မလုပ်ရတဲ့ ပထမလမ်းကြောင်းက ကာမသုခလ္လိကာနုယောဂ လို့ခေါ်တဲ့ ဇိမ်ခံတဲ့လမ်းကြောင်း။ ကာမဂုဏ်ချမ်းသာတွေ ခံစားပြီးတော့ နှစ်မျောနေတဲ့လမ်းစဉ်ကို မလုပ်ပါနဲ့တဲ့။ ဘာကြောင့်လဲဆိုရင် ဘာဉာဏ်မှ ရမှာမဟုတ်ဘူး။ ပျော်တော့ ပျော်ရမှာပဲ။ လူတွေဟာ ဘာလုပ်လုပ် ပျော်နေကြတာ။ မျက်စိက နှစ်သက်စရာ အာရုံတွေ့မြင်ပြီး စိတ်ထဲမှာ ချမ်းသာသုခရကြတယ်။ နားကလည်းပဲ နားထောင်ချင်တဲ့ သီချင်းလေး နားထောင်ပြီးတော့ ချမ်းသာသုခရကြတယ်။ နှာခေါင်းကလည်း မွှေးကြိုင်တဲ့အနံ့ကလေး၊ လျှာကလည်း အရသာရှိတာလေး စား၊ ခန္ဓာကိုယ်ကလည်း အထိအတွေ့ အိအိညက်ညက်နဲ့ သာယာနေ၊ ဒီလို ကာမဂုဏ်အာရုံတွေထဲမှာ ခံစားပြီးတော့ ဇိမ်ခံပြီးနေရင် ဘာအသိဉာဏ်မှ ရလာမှာမဟုတ်ဘူး။ အသိဉာဏ် ရချင်လို့ ကြိုးစားအားထုတ်မယ်ဆိုရင် အဲဒီလမ်းကို မလျှောက်နဲ့တဲ့။

ကာမသုခလ္လိကာနုယောဂဆိုတာ ကာမဂုဏ်အာရုံတွေထဲမှာ ချမ်းသာသုခ ခံစားခြင်းဖြစ်ပြီး အဲဒီလမ်းကြောင်းပေါ် ရောက်နေသမျှ ကာလပတ်လုံး အသိဉာဏ်ဟာ ဘယ်တော့မှ မပေါ်ပေါက်နိုင်ဘူး။ ကာမစ္ဆန္ဒဆိုတာကို ဘုရားက နီဝရဏလို့ ဟောထားပါတယ်။ ကာမဂုဏ်တွေပေါ်မှာ တပ်မက်နေတဲ့ တဏှာဆန္ဒ ရှိနေသေးသမျှ ကာလပတ်လုံး **ပညာယဒုဗ္ဗလီကရဏော**-အသိပညာတွေ အားပျော့သွားတယ်။ **အစက္ခုကရဏ**- ဉာဏ်မျက်စိ ဘယ်တော့မှ မပေါ်ဘူး။ **အဉာဏကရဏံ**- ဉာဏ်ကို မဖြစ်စေနိုင်ဘူး။ **ကာမေသုကာမသုခလ္လိကာနုယောဂေါ**- ကာမဂုဏ်အာရုံတွေနဲ့ ပတ်သက်ပြီးတော့ ချမ်းသာသုခ ခံစားနေမယ်ဆိုရင် ဘယ်လိုမှ အသိဉာဏ် ဖြစ်လာမှာမဟုတ်ဘူး ဆိုပြီး အပြစ်ငါးမျိုးကို ထောက်ပြထားပါတယ်။

မြတ်စွာဘုရားရှင်က **ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော**လို့လည်း ဆက်ဟောပါတယ်၊ ဟီနော - ကာမဂုဏ်အာရုံဟာ တိရစ္ဆာန်တွေလည်းပဲ ခံစားကြတာပဲ၊ အဆင့်မြင့်ပုဂ္ဂိုလ်မှ မဟုတ်ဘူး။ ကျန်တဲ့ပုဂ္ဂိုလ်တွေလည်း သူ့အတိုင်းအတာနဲ့သူ အကုန်လုံး ခံစားကြတာပဲ။ ဂမ္မော-အပေါင်းအသင်းနဲ့ အိမ်နဲ့ယာနဲ့နေတဲ့ ပုဂ္ဂိုလ်တွေရဲ့ အမူအကျင့်ပါ။ အရပ်ထဲကလူတွေဆိုတာ ပျော်သလိုနေကြတာ။ တီးလို့မှုတ်လို့ ကခုန်လို့၊ သားသမီးနဲ့ ပျော်လို့ပါးလို့၊ ဒီလိုနေကြတာ။ ဂမ္မောပေါထုဇ္ဇနိကော- အများစုကြိုက်တဲ့ ကိစ္စပါ။ ဘောလုံးပွဲကြည့်ပြီးပျော်တဲ့သူ၊ ဝေရတ်တောင်တက်ပြီး ပျော်တဲ့သူ၊ ခုခေတ်ကြီးမှာ ကေတီဗွီ၊ မာဆတ်သွား ပျော်တဲ့သူ။ ပေါထုဇ္ဇနိကော အနရိယော၊ အရိယာဖြစ်အောင် ဘယ်လိုမှ မစွမ်းဆောင်နိုင်ဘူး။ အနတ္ထ သံဟိတော- အသိဉာဏ်ထူးကိုရခြင်းဆိုတာနဲ့ ဘာမှမပတ်သက်ဘူး။ လောကီအသိဉာဏ်ကို ပြောတာမဟုတ်၊ ဓမ္မအသိဉာဏ်ကို ရမှာမဟုတ်ဘူးလို့ ပြောတာ။ ဒါကြောင့်မို့လို့ ဒီအကျင့်ကို မကျင့်နဲ့လို့ ဟောကြားခဲ့ပါတယ်။

အတ္တကိလမထာနုယောဂလမ်း

မလုပ်ရမယ့် ဒုတိယလမ်းကြောင်းက အတ္တကိလမထာနုယောဂ လမ်းကြောင်းပါ။ အတ္တကိလမထ- ခန္ဓာကိုယ်ကို ပင်ပန်းအောင်လုပ်တယ်။ လူတွေဟာ အလွန်ပင်ပန်းလာပြီဆိုရင် ပျော်ချင်ပါးချင်တဲ့စိတ်က ကုန်သွားတယ်။ အဲဒီလို အပင်ပန်းခံလိုက်လို့ ဒီစိတ်တွေ ကုန်သွားတာကိုပဲ သူက ကိလေသာကုန်တယ်လို့ ထင်နေတာ။ ထင်နေသည့်အတွက်ကြောင့် ခန္ဓာကိုယ်ကို ပင်ပန်းအောင် အမျိုးမျိုး ကျင့်ကြံကြိုးစား အားထုတ်တယ်။ အဲဒီလို နှိပ်စက်ခြင်းဖြင့်လည်း အသိဉာဏ်ထူး ရလာမှာမဟုတ်ဘူးတဲ့။ မလိုအပ်ဘဲနဲ့ အပင်ပန်းခံစရာမလိုဘူးလို့ ဘုရားက ဟောပြောခဲ့တာ။

ဒုက္ခော - တကယ့်ကို ဒုက္ခဖြစ်တဲ့ အလုပ်ကြီး။ **အနရိယော** - အရိယာအဖြစ်ကိုလည်း မပေးနိုင်ဘူး။ **အနတ္တသံဟိတော** - ထူးခြားတဲ့အသိဉာဏ် ဆိုတဲ့ အကျိုးကျေးဇူးနဲ့လည်း ဘာမှမပတ်သက်ဘူး။ မရနိုင်ဘူး။ ထူးခြားတဲ့အသိဉာဏ်ကို မပေးနိုင်လို့ ဒီလမ်းကြောင်းနှစ်ကြောင်းကို မလျှောက်နဲ့လို့ ဘုရားက ဟောကြားတော်မူခဲ့ပါတယ်။

ကာမသုခလ္လိကာနုယောဂနဲ့ အတ္တကိလမထာနုယောဂဆိုတဲ့ လမ်းနှစ်သွယ်ကို ဖယ်ရှားပြီးနောက် ကိုယ်တော်တိုင် ရှာဖွေတွေ့ရှိတဲ့ မဇ္ဈိမပဋိပဒါ ဆိုတဲ့ လမ်းကလျှောက်ပါလို့ တရားဦး ဓမ္မစကြာမှာ ရှေးဦးစွာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

လျှောက်လှမ်းရမယ့်လမ်းကြောင်း

တတိယအနေဖြင့် မဇ္ဈိမပဋိပဒါ ဆိုတဲ့ မဂ္ဂင်ရှစ်ပါး လမ်းကြောင်းကနေ လျှောက်လိုက်လို့ရှိရင် **စက္ခုကရဏီ**- အသိအမြင်ထူးတွေ ဖြစ်ပေါ်လာမယ်။ **ဉာဏကရဏီ**- အသိဉာဏ်ထူးတွေ ဖြစ်ပေါ်လာမယ်။ **ဥပသမ**-စိတ်တွေငြိမ်းအေးလာမယ်။ အဘိညာ- ထူးသောဉာဏ်ဖြင့် သိလာမယ်။ **သမ္ဗောဓ**-မှန်မှန်ကန်ကန် သိလာမယ်။ **နိဗ္ဗာန**- နိဗ္ဗာန်ကို မျက်မှောက်ပြုလာနိုင်မယ်ဆိုတဲ့ အကျိုးကျေးဇူးတွေကို ရရှိသွားနိုင်တယ်လို့ ဟောကြားပါတယ်။

ကတမာ စ သာဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ - အဲဒီလို အကျိုးကျေးဇူးတွေနဲ့ ပြည့်စုံတဲ့ မဇ္ဈိမပဋိပဒါဆိုတဲ့ ဒီအကျင့်ဟာ ဘာလဲ။ မြတ်စွာဘုရားရှင်က အယမေဝအရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ လို့ဟောပါတယ်။ သဘာဝတရားရှစ်မျိုးနဲ့ ဖွဲ့စည်းထားတဲ့ အင်မတန်မှမြင့်မြတ်တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားပဲ။ မဂ္ဂင်ရှစ်ပါးဆိုတာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိတို့ ဖြစ်ပါတယ်။

အဲဒီ ရှစ်ခုရဲ့ အဓိပ္ပာယ်တွေက

သမ္မာဒိဋ္ဌိ - မှန်မှန်ကန်ကန်မြင်ရမယ်။ ဒါ ဝိပဿနာကျင့်စဉ်တစ်ရပ်ကို မြတ်စွာဘုရားက ဖော်ထုတ်ပေးတာ။ အကျဉ်းချုပ်အားဖြင့် ရုပ်နာမ် ဓမ္မ သင်္ခါရတွေကို ရုပ်တရားကို ရုပ်တရားလို့ မြင်တယ်။ နာမ်တရားတွေကို နာမ်တရားလို့ မြင်တယ်။ သဘာဝလက္ခဏာရှုထောင့်ကနေ ကြည့်ပြီး မြင်တဲ့အတွက် ခါတိုင်းမြင်နေတဲ့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ မရှိတော့ဘဲ တကယ့် ရုပ်နဲ့ နာမ် နှစ်မျိုးသာလို့ဆိုတဲ့ အစစ်အမှန်ကို စပြီးမြင်တာ။ ဒါ သမ္မာဒိဋ္ဌိ။

သမ္မာသင်္ကပ္ပေါ - အဲဒီလို မှန်မှန်ကန်ကန်မြင်ဖို့အတွက် မှန်မှန်ကန်ကန်တွေးတောမှု (သမ္မာသင်္ကပ္ပ)က အထောက်အကူပြုတယ်။ အဲဒီ နှစ်ခု ဦးဆောင်ပြီးတော့ သွားမှာဖြစ်တဲ့အတွက် သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပကို မဇ္ဈိမပဋိပဒါမှာ ဦးဆောင်အင်္ဂါရပ်အဖြစ် မြတ်စွာဘုရားက ရှေးဦးစွာ ဟောကြားတာဖြစ်ပါတယ်။

မဂ္ဂင်ရှစ်ပါးကို ဟောတာဟာ ကျင့်စဉ်တစ်ခုကိုဟောတာ ဖြစ်ပါတယ်။ အမြင်မှန်နေပြီ၊ အတွေးမှန်နေပြီဆိုရင် ဘာဆက်လုပ်ရမလဲဆိုတာကို သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ လို့ ဆက်ဟောပါတယ်။ **သမ္မာဝါစာ**- နှုတ်ကို စောင့်စည်းတယ်၊ ကောင်းမွန်စွာ ပြောတယ်။ **သမ္မာကမ္မန္တ**- ကိုယ်ကိုစောင့်စည်းတယ်၊ ကောင်းမွန်တဲ့ အလုပ်တွေကိုပဲ လုပ်တယ်၊ **သမ္မာအာဇီဝ**-မှန်ကန်တဲ့ အသက်မွေးမှုနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုတယ်။ ကိုယ်ကျင့်သီလမှန်ကန်ဖို့ ဟောတယ်။

ကိုယ်ကျင့်သီလအပေါ် မရပ်တည်ဘဲနဲ့ အသိဉာဏ် မရနိုင်ဘူး။ ကိုယ်ကျင့်သီလဟာ အင်မတန်မှ အရေးကြီးတယ်။ ကိုယ်ကျင့်တရားကောင်းမှုကိုကြည့်ရင် ဝမ်းသာစရာတွေချည်းပဲ။ အဲဒီဝမ်းသာမှုကို အကြောင်းပြုပြီး ဝမ်းမြောက်ခြင်းဆိုတဲ့ ပါမောဇ္ဇဖြစ်လာတယ်။ ဝမ်းမြောက်မှုကို အကြောင်းပြုပြီးတဲ့အခါ ပီတိဆိုတဲ့ စိတ်ထဲမှာ ကျေနပ်မှု ဖြစ်လာတယ်။ ပီတိဖြစ်လာလို့ရှိရင် ခန္ဓာကိုယ်ရော စိတ်ရော ငြိမ်းချမ်းလာတဲ့ ပဿဒ္ဓိ ဖြစ်လာတယ်။ ခန္ဓာကိုယ်ရော စိတ်ရော ငြိမ်းချမ်းလာပြီဆိုရင် သုခ- ချမ်းသာတယ်ဆိုတာ ဝင်လာတယ်။ ချမ်းသာမှုရလာတာနဲ့ တစ်ပြိုင်နက် သမာဓိ စိတ်ကလေးဟာ ငြိမ်လာတယ်။ **သမ္မာသမာဓိ** ဖြစ်လာတယ်။ သီလက ဒီလိုအကျိုးပြုတာ။

ဒါကြောင့် မဂ္ဂင်ရှစ်ပါးဟာ အမှန်မြင် အမှန်တွေးမှုအပေါ်မှာ အခြေခံပြီးတော့ ဆက်လုပ်ရမှာက ကိုယ်ကျင့်သီလအပိုင်းပါပဲ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒီလို အခြေခံပြီးတဲ့အခါ ကြိုးပမ်းအားထုတ်ပါ။ ကြိုးပမ်းအားထုတ်မှုကို **သမ္မာဝါယမ**လို့ ဟောတယ်။ ကြိုးပမ်းအားထုတ်တဲ့အခါမှာ လုပ်တိုင်းလုပ်တိုင်း သတိထားတာကို **သမ္မာသတိ**လို့ ဟောတယ်။ သတိထားပြီးတော့ စိတ်ကလေးငြိမ်အောင် ဖြစ်စေတာက **သမ္မာသမာဓိ**။

အဲဒီလို မဂ္ဂင်ရှစ်ပါးကို အားလုံးပေါင်းစည်းပြီးတော့ အလုပ်လုပ်ဖို့ရန်အတွက် မြတ်စွာဘုရားက မဇ္ဈိမပဋိပဒါကို အင်္ဂါရှစ်ရပ်နဲ့ ဖွဲ့စည်းပြီးတော့ ပေးထားတာဖြစ်ပါတယ်။ မဇ္ဈိမပဋိပဒါ ဆိုတာ သမထကျင့်စဉ်နဲ့ ဝိပဿနာကျင့်စဉ်ကို အကျဉ်းချုပ် ဟောလိုက်တာပါ။

သစ္စာလေးပါး

မဂ္ဂင်ရှစ်ပါးလမ်းကြောင်းက သွားရင် ရုပ်နဲ့ နာမ်တွေဟာ ဒုက္ခပဲလို့ သိလာတယ်၊ ဒုက္ခကိုမြင်လာရင် ဒုက္ခသမုဒယကိုလည်း မြင်လာတယ်။ အဲဒီ ဒုက္ခသမုဒယ ဖြစ်လာပြီးတော့ **ဒုက္ခနိရောဓ**-ဒုက္ခရဲ့ချုပ်ငြိမ်းရာနဲ့ နောက်ဆုံး **ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ**- ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကို သိလာတယ်။ အကျဉ်းချုပ်ပြောရမယ်ဆိုရင် ဝိပဿနာကျင့်စဉ်တစ်ခုကို သစ္စာလေးပါးက ဖော်ညွှန်းပေးထားတာ။

ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ- ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဆိုတာကို အတိုချုပ်ပြောမယ်ဆိုရင် မဂ္ဂသစ္စာပေါ့။ မဂ္ဂသစ္စာဆိုတာ အထက်မှာပြောခဲ့တဲ့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ ဒီရှစ်ခုကို ပေါင်းထားတာ။ အဲဒီ ရှစ်ခုနဲ့ ဘာကိုမြင်အောင် ကြည့်ရတာလဲဆိုတော့ ဒုက္ခကို မြင်အောင်ကြည့်ရတာ။ ဒုက္ခပေါ်မှာ အလုပ်လုပ်ရမယ်လို့ ပြောတာ။ အဲဒီလို ဒုက္ခပေါ်မှာ အလုပ်လုပ်တဲ့အခါမှာ ရတဲ့ အကျိုးတရားကတော့ ဒုက္ခကိုဖြစ်စေတတ်တဲ့ အကြောင်းတရားကို ဖယ်ရှားပြီး ဒုက္ခအဆုံးသတ် ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းပါပဲ။

ဝိပဿနာကျင့်စဉ်တစ်ခု ဘယ်လိုကျင့်ရမှာလဲဆိုတာလည်း ဒီဓမ္မစကြာတရားတော်မှာ ပါလာပါတယ်။ မဂ္ဂသစ္စာကို မိမိသန္တာန်မှာ ထူထောင်၊ ထူထောင်ပြီးတော့ ဒုက္ခသစ္စာပေါ်မှာ အလုပ်လုပ်၊ အလုပ်လုပ်တဲ့အခါမှာ ဒုက္ခသမုဒယဆိုတဲ့ တဏှာကို ဖယ်ရှားပြီး ဒုက္ခနိရောဓဆိုတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုတာပဲ။ အဲဒါဟာ ဗုဒ္ဓမြတ်စွာရဲ့ မဇ္ဈိမပဋိပဒါ လမ်းစဉ်ပါပဲ။ ထူထောင်ရမယ့်ဟာ၊ အလုပ်လုပ်ရမယ့်နေရာ၊ ဖယ်ရှားရမယ့်အရာ၊ ရလာမယ့်အကျိုးကျေးဇူး ဆိုတာကို သစ္စာလေးပါးလို့ ပြောတာပါ။

ခြုံငုံသုံးသပ်ချက်

ဓမ္မစကြာတရားတော်ကို ခြုံငုံသုံးသပ်ကြည့်ရင် နံပါတ်(၁)နဲ့ (၂)က မလိုက်ရမယ့် အနုယောဂ(၂)မျိုး။ နံပါတ်(၃)က ချမှတ်ပေးထားတဲ့ မဇ္ဈိမပဋိပဒါလမ်းကြောင်း။ နံပါတ်(၄)က ဘယ်လိုလျှောက်ရမယ်ဆိုတဲ့ လျှောက်လှမ်းပုံ။ နံပါတ်(၅)ကျတော့ အဲဒီအတိုင်း လျှောက်လှမ်းခဲ့လို့ ဘုရားအဖြစ် ရောက်တော်မူခဲ့တယ် ဆိုတာကို ပြောတာဖြစ်ပါတယ်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ သစ္စဒေသနာဟာ နောက်ထပ် ဘယ်နေရာမှာပဲ ဟောဟော ဒီသစ္စာလေးပါးနဲ့ ဒီမဂ္ဂင်ရှစ်ပါးပါပဲ။ မဇ္ဈိမပဋိပဒါနဲ့ မှန်ကန်တဲ့ ကျင့်စဉ်တစ်ခုကို ပဥ္စဝဂ္ဂီငါးပါးတို့ကို ဟောကြားပြသခဲ့သလို နောက်ဆုံး မြတ်စွာဘုရားဟာ ၄၅ ဝါ ဘုရားအဖြစ်နဲ့ လှည့်လည်တရားဟောလို့ သက်တော် ၈၀ ပြည့်တဲ့အချိန် ပရိနိဗ္ဗာန်စံတော်မူမည့်နေ့မှာ သုဘဒ္ဒပရိဗိုဇ်ကြီးကို ရှင်းပြလိုက်တာလည်း ဒီမဂ္ဂင်ရှစ်ပါးပဲ။ မဂ္ဂင်ရှစ်ပါးအကျင့်ကလွဲလို့ တခြားနည်းလမ်း မရှိဘူးဆိုတာကို နောက်ဆုံးအကြိမ်မှာလည်းပဲ အတိအလင်း မိန့်ကြားခဲ့ပါတယ်။

ဒါကြောင့် စာရေးသူအပါအဝင် သူတော်ကောင်းအပေါင်းတို့လည်း ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ တရားဦး ဓမ္မစကြာ သစ္စဒေသနာတော်ကို ဖတ်ရှုလေ့လာပြီး မဂ္ဂင်ရှစ်ပါးလမ်းကြောင်းအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေလို့ နှိုးဆော်အပ်ပါတယ်။ ။

“မလုပ်ရမယ့် ဒုတိယလမ်းကြောင်းက အတ္တကိလမထာနုယောဂ လမ်းကြောင်းပါ။ အတ္တကိလမထ-ခန္ဓာကိုယ်ကို ပင်ပန်းအောင်လုပ်တယ်။ လူတွေဟာ အလွန်ပင်ပန်း လာပြီဆိုရင် ပျော်ချင်ပါးချင်တဲ့စိတ်က ကုန်သွားတယ်။ အဲဒီလို အပင်ပန်းခံလိုက်လို့ ဒီစိတ်တွေ ကုန်သွားတာကိုပဲ သူက ကိလေသာကုန်တယ်လို့ ထင်နေတာ။ ထင်နေသည့် အတွက်ကြောင့် ခန္ဓာကိုယ်ကို ပင်ပန်းအောင် အမျိုးမျိုး ကျင့်ကြံကြိုးစား အားထုတ်တယ်။ အဲဒီလို နှိပ်စက်ခြင်း ဖြင့်လည်း အသိဉာဏ်ထူး ရလာမှာမဟုတ်ဘူးတဲ့။ မလိုအပ်ဘဲနဲ့ အပင်ပန်းခံစရာမလိုဘူးလို့ ဘုရားက ဟောပြောခဲ့တာ။”

ခန္တီးမြို့တွင် ချင်းတွင်းမြစ်ရေစိုးရိမ်ရေမှတ်ကျော်လွန်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ခန္တီး ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ချင်းတွင်းမြစ်ရေစိုးရိမ်ရေမှတ်ကျော်လွန်မှုကြောင့် ယနေ့နံနက်ပိုင်းက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြေနိမ့်ပိုင်းနေရာများဖြစ်သည့် ပေါမိုင်း၊ မြို့မ၊ လယ်ဦးတန်းလမ်း၊ ဇီးဖြူကုန်းနှင့် ပေါမိုင်းရပ်ကွက် သာသနာပြုသီလရှင်ကျောင်းနေရာများတွင် တပ်မတော်သား ၂၂ ဦး၊ မီးသတ်တပ်ဖွဲ့ဝင် ဒုတိယဦးစီးမှူး ဦးပြည့်စုံအောင်ဦးဆောင်လျက် မီးသတ်တပ်ဖွဲ့ဝင် ၂၄ ဦးတို့ပူးပေါင်း၍ ရေဝင်ရောက်နေသည့် အိမ်ထောင်စုများကို ခန္တီးမြို့မြသိန်းတန်စေတီတော်နှင့် ပေါမိုင်းဘုန်းတော်ကြီးကျောင်းများသို့ ရွှေ့ပြောင်းပေးနေကြောင်း မီးသတ်တပ်ဖွဲ့ဝင် ဒုတိယဦးစီးမှူးထံမှ သိရသည်။

စနေမောင် (ခန္တီး)

ရေဘေးသင့်အိမ်ထောင်စုများအား ရွှေ့ပြောင်းပေးနေစဉ်။

မော်လိုက်မြို့နယ်၌ မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်နှစ်လုံးကို ထပ်မံကြိုတင်ရွှေ့ပြောင်း

မော်လိုက်၌ မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်တစ်လုံးကို ရွှေ့ပြောင်းနေစဉ်။

မော်လိုက် ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ညောင်ဝန်းကျေးရွာ၌ ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းပါးများပြိုကျလျက်ရှိရာ ယနေ့ နံနက်က အန္တရာယ်ရှိသည့် နေအိမ်နှစ်လုံးကို ထပ်မံကြိုတင် ရွှေ့ပြောင်းထားရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ ချင်းတွင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ညောင်ဝန်းကျေးရွာတွင် ဇူလိုင် ၉ ရက်က နေအိမ်နှစ်လုံး၊ ဇူလိုင် ၁၁ ရက်က နေအိမ်နှစ်လုံးနှင့် ဇရပ်(ဘုန်းကြီးကျောင်း) တစ်ခု၊ ဇူလိုင်၁၂ ရက်က နေအိမ်နှစ်လုံးနှင့် ယနေ့တွင် နေအိမ်နှစ်လုံးနှင့် ဇရပ်(ဘုန်းကြီးကျောင်း)တစ်ခုတို့ကို ပျက်စီးဆုံးရှုံးမှု မရှိစေရန် ကြိုတင်ရွှေ့ပြောင်းခဲ့သည်။

ဇူလိုင် ၉ ရက်မှ ၁၂ရက်အတွင်း မြစ်ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ရွှေ့ပြောင်းခဲ့ရသည့် နေအိမ်ခြောက်လုံးနှင့် ဇရပ် (ဘုန်းကြီးကျောင်း)တစ်ခုတို့အတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တစ်အိမ်လျှင် ငွေကျပ်တစ်သိန်းနှုန်း၊ ထောက်ပံ့ရေးပစ္စည်း ၁၀ မျိုးပါ ပုံးတစ်ပုံးနှင့် တစ်ပတ်စာ ဆန်ဖိုး တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ တို့ကို ထောက်ပံ့ပေးခဲ့ပြီး ကြိုတင်ရွှေ့ပြောင်းရသည့် နေအိမ်နှစ်လုံးအတွက်ကိုလည်း ဆက်လက်ထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မော်လိုက်သားလေး

ကသာမြို့နယ်အတွင်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ကသာ ဇူလိုင် ၁၅

ကသာမြို့၏ ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်သည် ၁၀၄၀ စင်တီမီတာ ဖြစ်ပြီး ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ၁၀၆၃ စင်တီမီတာ စိုးရိမ်ရေအမှတ်သို့ ကျော်လွန်၍ ရောက်ရှိနေပြီဖြစ်ကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်အတွင်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ကသာမြို့နယ်အတွင်း စိုးရိမ်အမှတ်ကျော်လွန်ပြီး ဧရာဝတီမြစ်ရေတက်မှုကြောင့် ဇူလိုင် ၁၂ ရက်မှ ၁၄ ရက်အထိ အိမ်ထောင်စု ၁၀၄ စု၊ လူဦးရေ ၅၀၃ စုကို ကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာ ချထားပေးခဲ့ပြီး ဇူလိုင် ၁၅ ရက်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရပ်ကွက်(၄) ရေဝင်အိမ်ထောင်စု ၁၀ စု၊ ပုလွေရွှေရေလည်ကျွန်း ရေဝင်အိမ်ထောင်စု နှစ်စု၊ ရပ်ကွက်(၈) ကျေးရွာရေဝင်အိမ်ထောင်စု တစ်စု၊ နွယ်နီကျေးရွာ ရေဝင် အိမ်ထောင်စု ၃၄ စု၊ လက်ပံဇင်ကျေးရွာတွင် ရေမျောပါ အိမ်ထောင်စု သုံးစု၊ ဝေစွယ်ကျေးရွာ ရေဝင်အိမ်ထောင်စု ခြောက် စု၊ အထက်သဖန်းထောင့်ကျေးရွာ ရေဝင်အိမ်ထောင်စု တစ်စုတို့ကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပရဟိတအသင်းအဖွဲ့များက ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာ ချထားပေးကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှ သိရသည်။ **ဟန်မျိုးကျော် (ကသာ)**

ရေတာရှည်မြို့နယ်ရှိ ကျေးရွာအချို့ရေဝင်ရောက်မှုကို တွေ့ရစဉ်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာအတွင်း ရေများဝင်ရောက်

ရေတာရှည် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်းအနီးရှိ သပြေတန်းကျေးရွာသည် ယခုရက်ပိုင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကျေးရွာအတွင်းရေများဝင်ရောက်ခဲ့ရာ ဒေသခံများ အခက်အခဲများစွာဖြင့် ကြုံတွေ့နေရကြောင်း သိရသည်။

“ကျွန်တော်တို့ တစ်သက်နဲ့တစ်ကိုယ် ဒီရွာပေါ်ကို ရေတက်တယ်လို့ ဘယ်တုန်းကမှ မကြားဖူးပါဘူး။ အခုလို ရေတွေလျှံတက်တာကလည်း ကားလမ်းချဲ့လိုက်တဲ့အခါမှ ကားလမ်းနဲ့ ရွာအကြားမှာရှိတဲ့ မြောင်းကကျဉ်းသွားတာ။ အဲဒီကျဉ်းသွားရတဲ့အထဲမှာ လမ်းကို ရေတိုက်စားခံရခြင်းမရှိအောင် တုတ်ရိုက်၊ ကျောက်ကြီးတွေချလိုက်တော့ လမ်းဘက်က အဆင်ပြေသွားတယ်။ ရွာဘက်ကျတော့ ဘာအကာအကွယ်မှမရှိဘူးလေ။ အိမ်ဝိုင်းမြေတွေပဲ့ကျကုန်တယ်။ မြောင်းကအလွန်ကျဉ်းသွားတော့ ဝင်ရေနဲ့ထွက်ရေ မျှတမှုမရှိတော့ အိမ်တွေထဲအထိကို ဝင်ကုန်တာ။ ရွာမြောက်ဘက်မှာရှိတဲ့ လယ်တွေလည်း အကုန်မြုပ်ကုန်တယ်။ စိုက်ပြီးသားရော မစိုက်ရသေးတာပါ မြုပ်ကုန်ပါတယ်”ဟု ဦးမောင်လွင်က ပြောသည်။

သန်းလွင်

ရွှေကျင်၌ သဘာဝဘေးကြောင့် သီးနှံထိခိုက်ပျက်စီးသည့် တောင်သူများအား ဓာတ်မြေဩဇာများထောက်ပံ့

ရွှေကျင် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ၂၀၁၈ ခုနှစ်က ရေကြီးမှုများကြောင့် မိုးစပါးများ ပျက်စီးခဲ့သော တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင်၁၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဓာတ်မြေဩဇာအိတ်များ ပေးအပ်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းက အမှာစကားပြောကြားပြီး ပဲခူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးမင်းထွန်းက ဓာတ်မြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြီးခဲ့သည့်နှစ်က ရေကြီးနစ်မြုပ်၍ သီးနှံများထိခိုက်ပျက်စီးခဲ့သော ကျေးရွာ ၂၅ ရွာမှ တောင်သူ ၂၉၅၃ ဦး၏ ပျက်စီးဧက ၁၄၇၀၆ ဧကအတွက် ဓာတ်မြေဩဇာ ၂၉၄၁ အိတ်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင် စိုက်ပျိုးရေးဦးစီးမှူးတို့က ကျေးရွာအလိုက် တာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့သည်။

ထွန်းထွန်းဇော် (ပြန်/ဆက်)

တနိုင်းမြို့နယ်၌ ရေဘေးကယ်ဆယ်ရေး စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေး

တနိုင်း ဇူလိုင် ၁၅

တနိုင်းမြို့နယ်တွင် ရေဘေးသင့်ပြည်သူများ ယာယီနေထိုင်သည့် ကယ်ဆယ်ရေးစခန်းများ ပုနိုခုန်းရပ်ကွက် အထက-၁ စာသင်ကျောင်းရှိ အိမ်ထောင်စု ၄၇ စု လူဦးရေ ၁၅၁ ဦး၊ မုန်ဒိန်ရပ်ကွက် မြို့မဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၄၄ စု လူဦးရေ ၁၅၈ ဦးနှင့် မုန်ဒိန်ရပ်ကွက် သာယာရွှေပြည်ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ခုနစ်စု လူဦးရေ ၃၂ ဦးတို့ကို ယမန်နေ့က မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်ထွန်းငြိမ်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများသည် ရေဘေးသင့်ပြည်သူများ ယာယီနေထိုင်သည့်နေရာများအရောက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။

ဝေါမြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးလယ်ယာမြေများအတွက် မြေဩဇာထောက်ပံ့

ဝေါ ဇူလိုင် ၁၅

ဝေါမြို့နယ်၏မိုးစပါးတွင် ရေကြီးနစ်မြုပ်မှုကြောင့် တောင်သူများ၏ ပျက်စီးသွားသောလယ်ယာမြေများအတွက် မြေဩဇာထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မိုးယွန်းကြီးခန်းမ၌ ကျင်းပသည်။

မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ပဲခူးခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်းက ရေကြီးနစ်မြုပ်ပျက်စီးသွားသော တောင်သူများအား ဓာတ်မြေဩဇာထောက်ပံ့လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မိုးလွင်က ဓာတ်မြေဩဇာထောက်ပံ့ပေးသော ကျေးရွာအုပ်စုများကို လုပ်ငန်းလုပ်ဆောင်ရန် အချက်များရှင်းလင်းပြောကြားဆွေးနွေးခဲ့သည်။ ၂၀၁၉ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၏ မိုးစပါးတွင် ရေကြီးနစ်မြုပ်မှုကြောင့် တောင်သူများ၏ ပျက်စီးသွားသော ကျေးရွာပေါင်း ၄၄ အုပ်စု မှ လယ်ယာမြေ ၃၁၇၀၆ ဧကအတွက် မြေဩဇာ ၆၁၄၁ အိတ်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြတ်လင်း (ပြန်/ဆက်)

ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမှ လျော့နည်းသက်သာစေရေးအတွက် ဒေသအလိုက်အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်း၍ ဆောင်ရွက်သင့်သည့်နည်းလမ်းများ(အကြံပြုချက်များ)

(၁) ဒေသတွင်းရေကြီး၊ ရေလျှံမှုဖြစ်ရခြင်း၏အကြောင်းရင်းကို လေ့လာရှာဖွေခြင်း၊ သုံးသပ်ခြင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း၊

(၂) လူနေရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊

(၃) မြစ်ကြောင်းများအတွင်း ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသော သဲသောင်ခုံများ တူးဖော်ခြင်း၊

(၄) မြစ်ကမ်းဘေးတစ်လျှောက် ရေထိန်းနံရံများပြုလုပ်ခြင်း၊

(၅) တာတမံများပြုပြင် ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်း၊

(၆) မြစ်ကမ်းပါးများတွင် မြေလွှာထိန်းသစ်ပင်များစိုက်ပျိုးခြင်း၊

(၇) မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်သည့် သစ်ပင်များ၊ သီးနှံပင်များ စိုက်ပျိုးခြင်း၊

(၈) ဆည်၊ တာတမံများ ပြင်ဆင်ခြင်းနှင့် အားဖြည့်ခြင်းအတွက် လိုအပ်သော အရေးပေါ်ပစ္စည်းကိရိယာများ (သဲအိတ်၊ ရေစုပ်စက်၊ ပေါက်တူး၊ ပေါက်ပြား၊ ဝါး အစရှိသည်များ) ကြိုတင်သိုလှောင်စုပုံခြင်း၊

(၉) မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆည်၊ တာတမံကြီးများ ရေလက်ခံနိုင်စွမ်းမရှိပါက ရေလွှတ်ထုတ်ရသည့်အခါ လူနေအိမ်ခြေများ ရေလွှမ်းမိုးနိုင်မှုအတွက် ကြိုတင်သတိပေးစနစ်များ တပ်ဆင်ထားခြင်းနှင့် အချက်ပြစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိခြင်း၊

(၁၀) ဆည်၊ တာတမံများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်လာပါက ဆည်အောက်ဘက်ကနေ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများပြားနိုင်ကြောင်း ပိုမိုသတိပြု၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁၁) နှစ်စဉ်ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိသည့်နေရာများမှ ပြည်သူလူထုကို ဘေးလွတ်ကင်းရာနေရာများတွင် ပြောင်းရွှေ့နေရာချထားပေးနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ခြင်း၊

(၁၂) ရေဘေးဖြစ်ပွားနိုင်သည့်ဒေသတွင် အရေးပေါ်လမ်းပန်းဆက်သွယ်ရေး၊ လမ်းကြောင်းများ ကြိုတင်ရွေးချယ်သတ်မှတ်ထားခြင်း၊

(၁၃) ရေဘေးကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊ ရေဘေးရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများ လုံလောက်စွာ စုစည်းထားရှိခြင်း၊

(၁၄) ဒေသရှိ စက်တပ်ရေယာဉ်များ၊ လှေလှော်လှေများအား ကြိုတင်စုစည်းထားခြင်း၊ ထိုရေယာဉ်များအား နယ်မြေခွဲ၍ တာဝန်ပေးထားခြင်း၊

(၁၅) မြစ်၊ ချောင်းများတစ်လျှောက်နေထိုင်သူများ၊ ရေဘေးအန္တရာယ်ရှိဒေသနေ ပြည်သူများအနေဖြင့် အိမ်တိုင်းတွင် လှေငယ်များ၊ ဖောင်များ၊ အသက်ကယ်ဗောကွင်းများ အဆင့်သင့်ရှိစေခြင်း၊ ဖြစ်နိုင်ပါက အန္တရာယ်ကျရောက်နိုင်ဆုံးသောမိသားစုများအတွက် Life Jacket များဝေငှထားခြင်း၊

(၁၆) ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများတွင် ရေဘေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ခြင်း၊

(၁၇) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက်ကြိုတင်သတိပေးမည့် အစီအစဉ်များဆောင်ရွက်ထားခြင်း၊

(၁၈) အရေးပေါ်ဆက်သွယ်ရမည့်ဖုန်းနံပါတ်များကို ပြည်သူများသိရှိစေရေး ဆောင်ရွက်ထားခြင်း၊

(၁၉) ရေဘေးအန္တရာယ်တုံ့ပြန်ရေး စီမံချက်များရေးဆွဲထားရှိခြင်း၊

(၂၀) ဆည်၊ တာတမံများအနီးရှိ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများအတွက် အရေးပေါ်တုံ့ပြန်ရေး အထူးစီမံချက်များရေးဆွဲထားရှိခြင်း၊

မြို့နယ်အချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းပိတ်မှု၊ မြေကျွံကျမှုနှင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်

ဗန်းမော်

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မန္တလေး-ဗန်းမော် မဟာဗျူဟာလမ်းမပေါ်ရှိ ကောင်းတုံနှင့် မြလယ်ကျေးရွာအနီးတွင် ယနေ့နံနက်ပိုင်းက ကားလမ်းမပေါ်ရေကျော်နေ၍ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက ခရီးသည်များကို မော်တော်ဖြင့် ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဗန်းမော်မြို့နယ် မန္တလေး-ဗန်းမော် မဟာဗျူဟာလမ်းမပေါ်ရှိ ကောင်းတုံနှင့် မြလယ်ကျေးရွာအနီး ကီလိုမီတာ ၂၆၃ နှင့် ၂၆၇ ကြားတွင် ယနေ့နံနက် ၆ နာရီက ကားလမ်းမပေါ် ရေကျော်နေ၍ ခရီးသည်များ သွားလာရေးလွယ်ကူစေရန် စင်းခန်းတံတားလုံခြုံရေးတာဝန်ကျ တပ်မတော်သားများနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက မော်တော်များဖြင့် လူနှင့်ပစ္စည်းများကို ကူညီပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

ဝင်းနိုင်(ကချင်မြေ)

ဂွ

ရခိုင်ပြည်နယ်ဂွမြို့တွင်(ရန်ကုန်-ငါးသိုင်းချောင်း-ဂွ)ကားလမ်း ဒေါင်းချောင်းကျေးရွာအုပ်စု ဗောဓိကျေးရွာအနီး၌ ယနေ့နံနက် ၄ နာရီခွဲခန့်တွင် မိုးရွာသွန်းမှုကြောင့် ကားလမ်းမြေသားနိမ့်ကျအက်ကွဲမှုကြောင့် ကားများပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းမှာကတ္တရာလမ်းဖြစ်ပြီး လမ်းနိမ့်ကျအက်ကွဲမှုမှာအလျားပေ ၁၀၀ ခန့်၊ အကျယ် ၁၅ ပေခန့်ရှိပြီး အောက်သို့ တစ်ပေခွဲခန့် နိမ့်ကျသွားသောကြောင့် ရန်ကုန်မှဂွမြို့သို့ မောင်းနှင်လာသောယာဉ်အမှတ် IP/6------ မျိုးဆက်သစ်ခရီးသည်တင်ယာဉ်မှာ လမ်းဘယ်ဘက်ခြမ်းမှကွေ့၍ ဖြတ်သန်းမောင်းနှင်စဉ်၊ မြေသားလမ်းတွင်ဘီးကျွံသဖြင့်**(အောက်ပုံ)** ရန်ကုန်နှင့်ဂွမြို့ဘက်ခြမ်းမှ အသီးသီးမောင်းနှင်လာသောကားများ ခေတ္တပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စခန်းမှူးတို့မှ ကြီးကြပ်၍ ဒုရဲအုပ်ကိုကိုမောင်နှင့်အဖွဲ့က လမ်းရှင်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မင်းပြား

မင်းပြားမြို့၌ ပြည်တော်သာ ပြည်တော်လှရပ်ကွက်ရှိ ရွှေပြည်တန် အမြန်ရေယာဉ်ဆိပ်ကမ်း၌ ဇူလိုင် ၁၄ ရက် ည ၇ နာရီက မြေပြိုမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင်လဆန်းပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေးမြို့မြစ်ရေကြီးမှုဖြစ်ပွားခဲ့သည်။ အဆိုပါ မြစ်ရေတိုက်စားမှုကြောင့် ဇူလိုင် ၁၄ ရက် ညနေက မင်းပြားမြို့ရှိ ရွှေပြည်တန်အမြန်ရေယာဉ်ဆိပ်ကမ်းရှိ ကမ်းထိန်းနံရံ တစ်လျှောက် မြေကျွံကျမှုအလျားပေ ၆၀၀၊ အနံ ၁၀ ပေ ဖြစ်ပေါ်နေပြီး ၎င်းအနီးရှိ နေအိမ် ၂၈ ဆောင်အား အန္တရာယ်ရှိနိုင်သဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။

အဆိုပါ မြေကျွံကျမှုဖြစ်ပေါ်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းငြိမ်းနိုင်နှင့် တာဝန်ရှိသူများက သွားရောက်ပြီး လိုအပ်သည်များကို ဆောင်ရွက်ထားရှိကာ မြစ်ကမ်းအား အမြဲမပြတ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နန်းယွန်း

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် လွန်းကျေးရွာအုပ်စု လူလွန်းကျေးရွာတွင် ဇူလိုင် ၁၄ ရက် ည ၈ နာရီမှစ၍ တနိုင်းချောင်းရေကြီး ရေလျှံမှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘုန်းကြီးကျောင်းနှင့် အိမ်ခြေ ၅၆ အိမ်တို့ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လူလွန်းကျေးရွာနေ ဒေသခံပြည်သူများသည် အမကကျောင်းတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း ဒေသခံပြည်သူများမှ စိုက်ပျိုးထားသည့် လယ်မြေဧက ၈၀ နှင့် တောင်ယာစပါးခင်း ၃၅ ဧကရေနစ်မြုပ်လျက်ရှိကြောင်း ဒေသခံ ဦးဟန်ကမ်းထံမှ သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းနေမှုနှင့် တနိုင်းချောင်းရေကြီးရေလျှံမှုကြောင့် ဒေသခံပြည်သူများ စားဝတ်နေရေး၊ လမ်းပန်းဆက်သွယ်ရေးအခက်ကြုံနေကြောင်း သိရသည်။ **၁၇၇**

မြစ်ကြီးနား

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့၌ ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ဇူလိုင် ၁၀ ရက်မှ စတင်၍ ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း မြစ်ရေဝင်ရောက်ခဲ့ပြီး ဇူလိုင် ၁၅ ရက်အထိ အခြေခံပညာကျောင်းရှစ်ကျောင်း ပိတ်ထားခဲ့ပြီး အိမ်ထောင်စု ၅၀၀ ကျော် ရေဘေးသင့်လျက်ရှိသည်။

မြစ်ရေကြီးမှုအခြေအနေနှင့်ပတ်သက်၍ မြို့အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းကျော်က “ လောလောဆယ် ကျောင်းရှစ်ကျောင်းတော့ ပိတ်ထားရတယ်။ ရေကထပ်တိုးနေတုန်းပဲ၊ ရေဘေးသင့်အိမ်ခြေ များလာသလို၊ နေ့စဉ် သူတို့နေထိုင်စားသောက်ရေးအတွက် အခက်အခဲတော့ရှိလာတယ်” ဟု ပြောသည်။

မြစ်ရေကြီးမှုကြောင့် အထကဆင်ဘိုအပါအဝင် အမက (ရေနားပင်လုံ)၊ အမက (မြင်သာ)၊ အလက(ခွဲ)(မံဖွား)၊ အမက(တာဟိုးနား)၊ အလကခွဲ(ညောင်ပင်သာ)၊ အမက (မူလွန်) ငှက်ပျောတောနှင့် အမက(ဆွန်ဒူ)ကျောင်းများအား ပိတ်ထားခဲ့ရပြီး ကျောင်းသားဦးရေ စုစုပေါင်း ၁၄၈၃ ဦး ရှိကြောင်း မြို့အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ထို့အပြင် ဇူလိုင် ၁၃ ရက်အထိ ဆင်ဘိုမြို့ အောင်ချမ်းသာ ရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ မြင်သာကျေးရွာအုပ်စု၊ ရေးနားပင်လုံကျေးရွာအုပ်စု၊ မံဖွားကျေးရွာအုပ်စု၊ တာဟိုးနားကျေးရွာအုပ်စုများတွင် အိမ်ထောင်စု ၃၈၃ စု၊ လူဦးရေ ၁၀၈၃ ဦးရေဘေးသင့်ခဲ့ပြီး ဇူလိုင် ၁၄ ရက်တွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် ၃၀၇ စင်တီမီတာ ကျော်လွန်ခဲ့သဖြင့် ဧရာဦးရပ်ကွက်တွင် ၃၃ အိမ်ထောင်စု၊ အောင်ချမ်းသာရပ်ကွက်အတွင်း အိမ်ထောင်စု ၁၀ စု၊ အောင်မင်္ဂလာရပ်ကွက်တွင် အိမ်ထောင် စု ၂၂ စု၊ ရေနားပင်လုံကျေးရွာတွင် အိမ်ထောင်စု ၁၅ စု၊ ညောင်ပင်သာ ကျေးရွာတွင် အိမ်ထောင်စု ၁၇ စု၊ နောင်ပွဲကျေးရွာတွင် အိမ်ထောင်စု ၂၄ စု၊ နယ်ခြားကျေးရွာတွင် အိမ်ထောင်စု ခုနစ်စုနှင့် တာဟိုးနားကျေးရွာတွင် အိမ်ထောင်စု ၃၅ စု၊ စုစုပေါင်းအိမ်ထောင်စု ၂၁၁ စု၊ လူဦးရေ ၇၃၄ ဦး ထပ်မံရေဘေးသင့်ခဲ့သဖြင့် စုစုပေါင်းရေဘေးသင့်အိမ်ထောင်စု ၅၅၆ စု၊ လူဦးရေ ၁၆၇၄ ဦး အထိရှိလာခဲ့ရာ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှ တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံလူမှုရေးအသင်းအဖွဲ့များက အထကကျောင်း၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံများနှင့် ဆွေမျိုးနေအိမ်များအပါအဝင် ရေလွတ်သည့် ကုန်းမြင့်များပေါ်တွင် ယာယီစခန်းများဖွင့်လှစ်၍ ကူညီကယ်ဆယ်ရွှေ့ပြောင်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများအပြင် ရေဘေးသင့်မိသားစုများ စားသောက်ရေးအတွက် ဌာနဆိုင်ရာများ၊ တပ်မတော်နှင့် ဒေသခံလူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ထမင်းထုပ်များနှင့် ရေသန့်ဘူးများကို နေ့စဉ်ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် နယ်မြေခံတပ်မတော်ဆေးကုသရေးအဖွဲ့မှလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း
(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၈၁ ခုနှစ်၊ ရက်
(၂၀၁၉ ခုနှစ်၊ လ ရက်)

နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ(၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက် ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက် ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။
(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက် ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။
(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ အောက်တိုဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ ကာလဖြစ်သည်။
(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။
(င) **ပုံမှန်စျေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။
(စ) **နှစ်အလိုက်စျေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။
(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

အခန်း(၂)
စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်စျေးနှုန်းအရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ-
(၁) လယ်ယာကဏ္ဍတွင် ၂.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၀.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၅.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၉.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၇.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၉.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်း အရ -
(၁) ကချင်ပြည်နယ်တွင် ၈.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၄.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၇.၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၇.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇.၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၂.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆.၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၈.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၆.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၆.၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၅.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၄.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၉.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်စျေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၁.၅ ရာခိုင်နှုန်းမှ ၂၀.၃ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၀ ရာခိုင်နှုန်းမှ ၃၈.၇ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀.၅ ရာခိုင်နှုန်းမှ ၄၁.၀ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန်၊
(င) နှစ်အလိုက်စျေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၈၄၃၄၇.၄ ဘီလီယံ ဖြစ်ပေါ်စေရန်၊
(စ) နှစ်အလိုက်စျေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၇.၀၉ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၂.၉၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊
(ဆ) နှစ်အလိုက်စျေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၅၅၀၀.၀ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၇၅၀၀.၀ သန်း တင်သွင်းရန်၊
(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်စျေးနှုန်းအရ ကျပ် ၁၉၄၉၇၃၀ မှ ကျပ် ၂၁၈၀၇၅၅ သို့ ဖြစ်ပေါ်လာရန်၊

အခန်း(၃)
အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပုဒ်မခွဲ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

မန္တလေးမြို့အခြေခံပညာကျောင်းများတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဝါဆိုပန်းကပ်လှူခြင်းဓလေ့ကို ထိန်းသိမ်းလျက်ရှိ

မန္တလေး ဇူလိုင် ၁၅

မြန်မာလူမျိုးတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဝါဆိုလတွင် ဝါဆိုပန်း ဆက်ကပ်လှူဒါန်းခြင်းဓလေ့ကို မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင် ဖော်ထုတ်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

ဆယ့်နှစ်လရာသီပွဲတော်များတွင် လအလိုက်တည်ရှိနေသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သိရှိတန်ဖိုးထားထိန်းသိမ်းတတ်စေရန်နှင့် မူလတန်းအရွယ်ကတည်းက ယဉ်ကျေးလိမ္မာပြီး ဘာသာရေး အသိဖြင့် လှူဒါန်းလိုစိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ဝါဆိုလတွင် ကုသိုလ်ပြုလှူဒါန်းကြသည့် ဝါဆိုပန်းနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း ဓလေ့ကို ဖော်ထုတ်ပြသပေးခြင်းဖြစ်ကြောင်း အောင်မြေသာစံ မြို့နယ်ရှိ ချမ်းသာကြီးဘုရားသို့ ဝါဆိုပန်းများ ဆက်ကပ်လှူဒါန်းရန် လာရောက်ကြသည့် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးက ပြောကြားသည်။

ထို့ပြင် ချမ်းသာကြီးဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းကလည်း "ဝါဆိုလရောက်ရင် အခြေခံပညာကျောင်းတွေက ကျောင်းသားကျောင်းသူတွေနဲ့ ဆရာ၊ မိဘတွေ ပူးပေါင်းပြီး အခုလို ဝါဆိုပန်း ဆက်ကပ်တဲ့အလှူကို လာရောက်လှူဒါန်းလေ့ရှိပါတယ်။ ဒီလို အစဉ်အလာကောင်းတွေအရ ရှေးစာဆိုတစ်ခုအနေနဲ့ ပြောရရင် အိုးများမှာ ရိုက်နှိပ်ထားတဲ့ တံဆိပ်တွေဟာ အိုးကွဲသွားပေမယ့်လည်း ဒီတံဆိပ်တွေက မပျက်ပြယ်သလို အခုလို နေ့ထူးနေ့မြတ်တွေမှာ လာရောက်ကုသိုလ်ပြုကြတဲ့ဓလေ့ကို ကျောင်းသားကျောင်းသူတွေ အနေနဲ့ အသက်အရွယ်ကြီးရင့်သွားသည့်တိုင်အောင် ဘာသာစိတ်နဲ့ ဘာသာတံဆိပ်တွေကို စွဲမြဲစွာခတ်နှိပ်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်" ဟု ပြောသည်။

အဆိုပါကျောင်းမှ ဝါဆိုပန်းများ ဆက်ကပ်လှူဒါန်းရာတွင် ကျောင်းအနီးရှိ ချမ်းသာကြီးဘုရားသို့ သွားရောက်၍ ဘုရားအား ပန်းမျိုးစုံနှင့်အတူ ဂုဏ်တော်များ ရွတ်ဆို၍ လက်ယာရစ်လှည့်လည် ပူဇော်ကာ **(ယာပုံ)** ဆက်ကပ်လှူဒါန်းကြခြင်းဖြစ်ပြီး အဆိုပါဘုရားမှ ဆရာတော်ကလည်း ကျောင်းသားကျောင်းသူများအား အနုမောဒနာ တရားဟောကြား ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်ရာဇဝိဒယလျ တက္ကသိုလ်ကောင်စီက **ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ (Honorary Doctorate Degree in Public Administration)**ကို ၁၀-၇-၂၀၁၉ရက်တွင် ချီးမြှင့်အပ်နှင်းခဲ့ခြင်းအပေါ် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး အရှည်တည်တံ့သန့်ရှင်း ထွန်းကားပြန့်ပွားစေရန် ကြိုးစားအားထုတ်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့၊ အထက သတ္တမတန်း(A)မှ မနန်းဘုံရှီ၏ ဖခင်အမည်မှန်မှာ ဦးနီတာ ၅/ဆလက(နိုင်)၀၁၂၄၃၄ ဖြစ်ပါကြောင်း။

အမည်မှန်

တမူးမြို့နယ်၊ ဟဲဇင်းကျေးရွာနေ ဦးဇင်ရော်လင်း၏ အမည်မှန်မှာ ဦးဇေယျာလင်း ၅/တမန(နိုင်)၀၆၄၉၁၈ ဖြစ်ပါကြောင်း။

အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ မျှင်ဝါးကျွန်းကျေးရွာနေ ဦးမောင်နေ၏သား တောင်ပေါက်ကျေးရွာ အထက နဝမတန်းမှ မင်းဆန္ဒမွန်၏ အမည်မှန်မှာ မောင်စည်သူလှိုင် ၃/ကဆက(နိုင်)၀၈၃၀၉၆ နှင့် မင်းဆန္ဒနွန်၏ အမည်မှန်မှာ မောင်စည်သူလွင် ၃/ကဆက(နိုင်)၀၈၃၀၉၅ ဖြစ်ပါကြောင်း။

လူပျောက်ကြော်ငြာ

မစောမြတ်နွယ် (၁၉)နှစ်သည် လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရွှေဟင်္သာလမ်းနေအိမ်မှ ၅-၇-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ထွက်ခွာပျောက်ဆုံးလျက်ရှိပါသည်။ တွေ့ရှိက အောက်ပါဖုန်းနံပါတ်များအား အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လက်ခံထားရှိသူအား ဥပဒေနှင့်အညီ အရေးယူပါမည်။

ဒေါ်ခင်ခင်မြ
ဖုန်း-၀၉-၅၀၈၅၅၅၃၊ ၀၁-၅၀၂၉၀၈၊

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ မိုးကြိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၇၇)၊ ဦးပိုင်အမှတ်(၅/ဃ)၊ မြေဧရိယာ(၀ဒသမ ၂၈)ဧကရှိ ယာမြေအား ဒေါ်နေဇာခြည် ၈/ပခက(နိုင်)၁၆၄၆၄၂ မှ လူနေအိမ်ဆောက်လုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ(၃၀)အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါ လယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
ပြင်ဦးလွင်မြို့

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၇-၂၀၁၉ ရက်စွဲပါ ဤသတင်းစာ၏ စာမျက်နှာ (၃၁) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဦးကျင်အောင် အစား ဦးကျင်မောင် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ အထက သတ္တမတန်း (A)မှ မောင်ဟိန်းထက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းမြတ် ၉/သပက(နိုင်)၀၃၅၄၇၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

သံဖြူဇရပ်မြို့နယ်၊ ဝယ်ဝင်ကရာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ (ဘ)ဦးကြည်၏သမီး မနှင်းဆီ၏ဖခင်အမည်မှန်မှာ ဦးမောင်ကြည် ၁၀/သဖရ(နိုင်)၀၃၄၄၃၃ ဖြစ်ပါကြောင်း။

ဦးမောင်ကြည်

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ် အလက (ချမ်းသာကုန်း) အဋ္ဌမတန်းမှ မဖူးပွင့်ဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း ဖြစ်ပါကြောင်း။

ဦးအောင်ထွန်း

ဖခင်အမည်မှန်

ဂန့်ဂေါ၊ အထက တက္ကသိုလ်ဝင်တန်း F မှ မောင်မျိုးမင်းထွန်းနှင့် စိုင်ဒူးအလက(ခွဲ) အဋ္ဌမတန်းမှ မမိုးသူဇာတို့၏ဖခင်အမည်မှန်မှာ ဦးတာတူး ၈/ဂဂန(နိုင်)၀၁၇၀၁၇ ဖြစ်ပါကြောင်း။

စာအုပ်စာပေ လူ့မိတ်ဆွေ

အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အိုင်ဂဒုံအုပ်စု၊ ကညင်တပင်ကျေးရွာနေ ဒေါ်လှသန်း ၇/သဝတ(နိုင်)၀၃၃၉၃၆ အား ဒေါ်လှ ဟု ပြောင်းလဲခေါ်ပါရန်။

ဒေါ်လှ

အမည်ပြောင်း

ဟသ်ာတမြို့၊ အမက(၃၆) အလက ဒုတိယတန်းမှ ဦးရဲလှိုင်ထွေး၏ သမီး မဂျူလိုင်မိုးအား မသိပ်သဒ္ဒါထက်စံဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ရှမ်းရွာကုန်းကျေးရွာနေ စလင်းမြို့ (အထက-၁) တက္ကသိုလ်ဝင်တန်းမှ မဖြိုးရတနာဗိုလ်၏ဖခင်အမည်မှန်မှာ ဦးဘိုဘိုအောင် ၈/စလန(နိုင်)၁၀၉၇၁၂ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(AA/မြနန္ဒာရပ်)၊ ဦးပိုင်အမှတ်(၄၆+၄၇)၊ မြေယာအမှတ်(46+67)၊ မြေဧရိယာ(၀ဒသမ ၁၁၀)ဧကရှိမြေကွက်အား မြေငှားဂရန် (ဂရန်သစ်၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကျော်စွာဝင်း ၅/မရန(နိုင်)၁၂၈၂၈၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၊ (၉) ရပ်ကွက်၊ မင်းတပ်လမ်း ၊ မြေကွက်အမှတ်(၃၆၆)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးစိုင်းရာဇာ(၁၃/မကန(နိုင်)၀၂၅၅၁၃)အမည်ပေါက်နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးစိုင်းရာဇာ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L.,	LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၈၂)

Hein Htet San Law Firm ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊(၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊တိုက်အမှတ်(၂၂၄)၊တွင်ဆောက်လုပ်ထားသည့်ပထမထပ် (ခြေရင်းခန်း)ဟုခေါ်တွင်သောအကျယ်အဝန်း(၁၇ပေ ×၅၁ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဒေါ်သင်းယုဆွေ(၁၀/မလမ(နိုင်)၁၂၂၉၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါကကျွန်ုပ်ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင်
LL.B,
အထက်တန်းရှေ့နေ(စဥ်-၄၃၆၈၈)
Hein Htet San Law Firm - ဖုန်း- ၀၉၄၂၁၇၄၆၉၇၄

ဖခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(A)မှ မဖြိုးသီရိ၏ဖခင်အမည်မှန်မှာ ဦးလှမျိုး ၉/မခန(နိုင်)၂၅၅၆၀၆ ဖြစ်ပါကြောင်း။

ဦးလှမျိုး

ဖခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(င)မှ မခိုင်မျိုးနွယ်၏ ဖခင်အမည်မှန်မှာ ဦးသိန်းကိုကို ၉/မခန(နိုင်)၁၂၅၇၀၂ ဖြစ်ပါကြောင်း။

ဦးသိန်းကိုကို

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၀-B စဥ့်ဂူ၊ မြေကွက်အမှတ် ၁၀၈/A ၏ အစိတ်အပိုင်း၊ ဧရိယာ ၁၀ဒသမ ၆၃၇ဧက၏ အစိတ်အပိုင်း ၀ဒသမ ၀၉၅ဧက၊ မြေကွက်တည်နေရာအမှတ် ၁၀၈/၁၊ ဇမ္ဗူမင်္ဂလာလမ်း၊ စဥ့်ဂူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသောမြေ၊ သီရိမင်္ဂလာ ဂရန်ပေးရေးစီမံချက်အတွင်းမှ မြေ)အား နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် အရပ်ကတိစာချုပ်၊ ရာပြတ်ဌာနပစ္စည်းခွန်ပြေစာ၊ ရေဖိုး ရေခပြေစာ၊ သန်းခေါင်စာရင်း၊ ရပ်ကွက်အတွင်းနေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်တင်ပြပြီး ဒေါ်စုနိုင်ထွေး ၁၄/ဝခမ(နိုင်)၁၄၉၀၀၁မှ နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်၊ စစ်တောင်းလမ်းမှ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးနေမျိုးထွန်း(ဘ)ဦးသော် ၉/တကန(နိုင်)၀၉၈၀၅၇ အမည်ပေါက် မြေကွက်အမှတ်(ပ-၃၀၇၁၇)၏ နှစ် ၃၀ မြေငှားစာချုပ်ကို မြေကွက်အမည်ပေါက် ဦးနေမျိုးထွန်း(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်တင်တင်ဝေ ၉/တကန(နိုင်)၂၁၉၄၅၅ (ဘ)ဦးတင်မြမှ ဦးနေမျိုးထွန်း သေဆုံးမှုလက်မှတ် မိတ္တူ၊ အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန် မိတ္တူ၊ အဆောက်အအုံဆောက်လုပ်ပြီးစီးကြောင်း ထောက်ခံချက်မူရင်း၊ မြေကွက်ရှိ အဆောက်အအုံဓာတ်ပုံများတင်ပြ၍ ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/ခ၊ မြေကွက်အမှတ် ၄/သ-၂၊ မြေကွက်တည်နေရာ ၂၂/ခ၊ ဇဝနလမ်း၊ ဇဝနရပ်ကွက်၊ ဦးညိုခြံ၊ သဃ်န်းကျွန်းမြို့နယ် ဦးမင်းဇော်(ခ)ဦးကျင်သိန်း ၁၂/သဃက(နိုင်)၁၀၃၀၆၅အမည်ပေါက်မြေပိုင်မြေအား ဒေါ်ခင်ဝင်း ၁၂/သဃက(နိုင်)၁၀၂၉၆၁မှ ခင်ပွန်းဖြစ်သူ ဦးမင်းဇော်(ခ)ဦးကျင်သိန်းသည် ၂၂-၆-၂၀၁၇ရက်တွင် ကွယ်လွန်ခဲ့ပြီး တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ၄င်းသာကျန်ရှိခဲ့ကြောင်း၊ အခြားသောဇနီးမယားတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တစ်ဦးတည်းသော ဇနီး ဖြစ်သူသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး ကျမ်းကျိန်အမှတ်စဉ် ၂/၁၁၀၆၊ ၁၅-၂-၂၀၁၉ရက်စွဲပါ ကျမ်းကျိန်လွှာထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အမည်ပေါက်အရောင်းအဝယ်စာချုပ် ၁၈၈၃/၉၉(၁၇-၈-၁၉၉၉)မူရင်း အမှားပြင်စာချုပ် ၂၆၂၇/၁၆(၁-၆-၂၀၁၆)မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် မြေပြင်ကွင်းဆင်းစစ်ဆေးရာ နှစ်ထပ်အုတ်ညှပ်တစ်လုံးတွင်လျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသဖြင့် အဆိုပါလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၁၀၉၅၊ မြေကွက်တည်နေရာအမှတ် (၁၀၉၅)၊ (၄၄)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ငွေစင်လမ်း ဦးငွေထွန်း (N/RGN-၀၀၅၂၅၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးငွေထွန်း (လူပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ကျန်မောင်နှမများဖြစ်ကြသော ဒေါ်ရင်ရင်မြင့် ၁၂/သကတ(နိုင်)၁၄၃၀၀၃၊ ဦးဝင်းမြိုင် ၁၂/ဥကတ(နိုင်)၀၂၉၉၀၃၊ ဒေါ်သန်းသန်းဆွေ ၁၂/သကတ(နိုင်)၀၃၁၆၀၂၊ ဒေါ်ငွေငွေကြည် ၁၂/သကတ(နိုင်)၀၃၁၆၄၄၊ ဒေါ်ခင်ခင်ငွေ ၁၂/သကတ(နိုင်)၁၀၈၄၄၆၊ ဦးမိုးဝင်း ၁၂/သကတ(နိုင်)၁၀၂၀၇၃၊ ဒေါ်နီနီခိုင် ၁၂/သကတ(နိုင်) ၀၃၄၁၉၂၊ ဦးဝင်းမင်းသိန်း ၁၂/ဒဂမ(နိုင်)၀၂၄၃၀၀ တို့မှ ဂရန်မူရင်း၊ နိုင်ကတ်၊ သေစာရင်း၊ မောင်နှမအရင်းများဖြစ်ကြသည်မှာ မှန်ကန်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး ကျမ်းကျိန်ဆိုသူအရာရှိရှေ့တွင် ပြုလုပ်ထားသည့် ၂၁-၁-၂၀၁၉ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ်(၁/၁၅၄၀)၊ သန်းခေါင်စာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့ရာအုတ်ကာသွပ်မိုး (၁)ထပ်အိမ်ရှိပြီး ဒေါ်နီနီခိုင်နှင့် ဦးဝင်းမင်းသိန်းတို့ နေထိုင်ပါသည်။ ကွင်းဆင်းသိရှိကြောင်း ဒေါ်ရင်ရင်မြင့်+၇ မှလက်မှတ်ရေးထိုးထားပါသဖြင့် ဒေါ်ရင်ရင်မြင့်+၇၏ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပန်းရောင်ကတ်ပျောက်ဆုံးကြောင်း ကြေညာခြင်း

Mya Phoo Ngon Agency တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျွန်တော် မျိုးမင်းဦး ၇/ဖမန(နိုင်)၁၅၄၂၇၃သည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော အကောက်ခွန်ရှင်းလင်းရေး လုပ်သားပန်းရောင်ကတ်အမှတ် (MWD-003053) MP2043ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၆၈၈၇၁၃

ဝန်ချတောင်းပန်ခြင်း

ဦးစောခိုင်၏သား မောင်ခိုင်မင်းထွန်း ၁၀/ပမန(နိုင်)၂၂၇၄၇၃ သည် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အမှတ် ဆဆ ၄/၈၉နေ ဦးချစ်တင်၏သမီး ဒေါ်ခင်လှဝင်း ၉/ခမစ(နိုင်)၀၁၇၅၁၃ (ဘွန်တိုရစ္စန် ဆေးဝါးလုပ်ငန်း)အပေါ် ဂုဏ်သိက္ခာကျဆင်းစေရန် Daw Khin Hla Win Facebook Account အား အသုံးပြု၍ ပြုလုပ်ခဲ့ခြင်းအပေါ် ကျွန်တော်မှ အများပြည်သူသိအောင် ဝန်ချတောင်းပန်အပ်ပါသည်။ **မောင်ခိုင်မင်းထွန်း (ဘ)ဦးစောခိုင်**
၁၀/ပမန(နိုင်)၂၂၇၄၇၃

ပျောက်ဆုံးကြောင်း

ကျွန်တော် ထင်ကျော်မိုး ၁၂/တမန(နိုင်) ၀၄၁၁၈၄၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)နှင့် သင်္ဘောသားစာအုပ် (CDC No.၃၃၀၅၆)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၃၉၉၇၆၆၇

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ ဒုတိယထပ်ဆိုင်ခန်းအမှတ် ၇၄၁၊ ဆိုင်ခန်းအငှားချထားခြင်းခံရသူ ဒေါ်ဝင်းမြင့် ၁၂/လမတ(နိုင်)၀၁၂၄၈၁၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ်(၀၁၄၇၉)ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၉-၇၈၅၄၁၄၉၇၂

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ မြေညီထပ်ဆိုင်ခန်းအမှတ် ၄၃၉၊ ဆိုင်ခန်းအငှားချထားခြင်းခံရသူ ဦးရွှေထွန်း ၁၂/မဂတ(နိုင်)၀၅၅၅၅၆၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်မှာ ယနေ့အချိန်ထိ ထုတ်ယူထားရှိခြင်းမရှိသေးပါ။ သို့ဖြစ်ပါ၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်ထုတ်ယူခွင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၉-၇၈၅၄၁၄၉၇၂

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ တတိယထပ်ဆိုင်ခန်းအမှတ် ၂၄၂၊ ဆိုင်ခန်းအငှားချထားခြင်းခံရသူ အမည်အဖြစ်ရှိသော (ဆေးခန်း)အမည်ပေါက် ဆိုင်ခန်းနှင့်ပတ်သက်၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အား ယနေ့အချိန်ထိ ထုတ်ယူထားရှိခြင်းမရှိသေးပါ။ သို့ဖြစ်ပါ၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်ထုတ်ယူခွင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၉-၇၈၅၄၁၄၉၇၂

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ တတိယထပ်ဆိုင်ခန်းအမှတ် ၃၃၁၊ ဆိုင်ခန်းအငှားချထားခြင်းခံရသူ ဦးစိန်လင်း(ORGN-၀၀၆၆၈၅)ထံမှ၂၂-၁၁-၂၀၁၅ရက်စွဲပါ အရောင်း/အဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူ ဒေါ်မြင့်ရီ(ခ)ခွေးမ ၁၂/လသန(နိုင်)၀၀၈၄၃၅မှ အမည်ပြောင်းလျှောက်ထား၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အသစ် ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၉-၇၈၅၄၁၄၉၇၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးတက္ကသိုလ်၊ မကွေး
ဆေးပညာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၀-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်၊ မကွေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆေးပညာဒီပလိုမာ (Dip.Med.Sc)သင်တန်း

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(၁)	ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာ Dip.Med.Sc(Clinical Pharmacology)	(၁)နှစ်

ဆေးပညာမဟာသိပ္ပံ(M.Med.Sc)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(၁)	ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ) M.Med.Sc(Anatomy)	(၂)နှစ်
(၂)	ဆေးပညာမဟာသိပ္ပံ(ဇီဝကမ္မဗေဒ) M.Med.Sc(Physiology)	(၂)နှစ်
(၃)	ဆေးပညာမဟာသိပ္ပံ(ဇီဝဓာတုဗေဒ) M.Med.Sc(Biochemistry)	(၂)နှစ်
(၄)	ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ) M.Med.Sc(Pharmacology)	(၂)နှစ်
(၅)	ဆေးပညာမဟာသိပ္ပံ(အဏုဇီဝဗေဒ) M.Med.Sc(Microbiology)	(၂)နှစ်
(၆)	ဆေးပညာမဟာသိပ္ပံ(ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ) M.Med.Sc(Preventive & Tropical Medicine)	(၂)နှစ်
(၇)	ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) M.Med.Sc(Pathology)	(၃)နှစ်
(၈)	ဆေးပညာမဟာသိပ္ပံ(မေ့ဆေးပညာ) M.Med.Sc(Anaesthesiology)	(၃)နှစ်
(၉)	ဆေးပညာမဟာသိပ္ပံ(ဥပဒေရေးရာဆေးပညာ) M.Med.Sc(Medical Jurisprudence)	(၃)နှစ်
(၁၀)	ဆေးပညာမဟာသိပ္ပံ(အရိုးရောဂါပညာ) M.Med.Sc(Orthopaedics)	(၄)နှစ်
(၁၁)	ဆေးပညာမဟာသိပ္ပံ(ဓာတ်မှန်ပညာ) M.Med.Sc(Radiology)	(၄)နှစ်
(၁၂)	ဆေးပညာမဟာသိပ္ပံ(ဆေးပညာ) M.Med.Sc(Internal Medicine)	(၃)နှစ်
(၁၃)	ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) M.Med.Sc(Surgery)	(၃)နှစ်
(၁၄)	ဆေးပညာမဟာသိပ္ပံ(သားဖွားမီးယပ်ပညာ) M.Med.Sc(Obstetrics & Gynaecology)	(၃)နှစ်
(၁၅)	ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာရေး) M.Med.Sc(Paediatrics)	(၃)နှစ်
(၁၆)	ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) M.Med.Sc(Urology)	(၃)နှစ်

ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့(Ph.D)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(၁)	ပါရဂူဘွဲ့(ခန္ဓာဗေဒ)Ph.D(Anatomy)	(၃)နှစ်
(၂)	ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ)Ph.D(Physiology)	(၃)နှစ်
(၃)	ပါရဂူဘွဲ့(ဇီဝဓာတုဗေဒ)Ph.D(Biochemistry)	(၃)နှစ်
(၄)	ပါရဂူဘွဲ့(အဏုဇီဝဗေဒ)Ph.D(Medical Microbiology)	(၃)နှစ်
(၅)	ပါရဂူဘွဲ့(ဆေးဝါးဗေဒ)Ph.D(Pharmacology)	(၃)နှစ်

ဆေးလက်တွေ့ပါရဂူဘွဲ့(Dr.Med.Sc)သင်တန်း

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(၁)	ဆေးလက်တွေ့ပါရဂူဘွဲ့(သားဖွားမီးယပ်ပညာ) Dr.Med.Sc(Obstetrics & Gynaecology)	(၃)နှစ်
(၂)	ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးကျန်းမာပညာ) Dr.Med.Sc(Paediatrics)	(၃)နှစ်
(၃)	ဆေးလက်တွေ့ပါရဂူဘွဲ့(အသားမျှင်ရောဂါဗေဒ) Dr.Med.Sc(Histopathology)	(၃)နှစ်
(၄)	ဆေးလက်တွေ့ပါရဂူဘွဲ့(ဓာတုရောဂါဗေဒ) Dr.Med.Sc(Chemical Pathology)	(၃)နှစ်

၂။ **လိုအပ်သောအရည်အချင်း**

(က) ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများ

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံသင်တန်းများ အတွက် အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(၃) ဒီပလိုမာ သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်ရက်မှစ၍ ခွင့်ရက်မပါ လုပ်သက် (၁)နှစ်ရှိသူ နိုင်ငံဝန်ထမ်းဖြစ်ရမည်။

(၄) ဆေးပညာမဟာသိပ္ပံ သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်ရက်မှစ၍ ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

မှတ်ချက်။ ။ (ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ၊ ရောဂါဗေဒနှင့်ဥပဒေရေးရာ ဆေးပညာ) မဟာသိပ္ပံ သင်တန်းများအတွက် လုပ်သက် သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်ပါသည်။

(၅) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(၆) ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာသင်တန်းအတွက် ဆေးပညာ မဟာသိပ္ပံ (ဆေးဝါးဗေဒ) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(၇) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၂)နှစ်နှင့် ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၈) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(ခ) **ဆေးပညာပါရဂူဘွဲ့သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

(၃) (ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ဇီဝဓာတုဗေဒ၊ ဆေးဝါးဗေဒ၊ပါရဂူဘွဲ့ သင်တန်းများအတွက် သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာ သိပ္ပံဘွဲ့ ရရှိသူများနှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြု ထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် သက်ဆိုင်ရာဘာသာရပ် မဟာ သိပ္ပံဘွဲ့ ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂) နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(၅) ပြည်ပ၌ မိမိအစီအစဉ်ဖြင့်ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်း ဝင်ရောက်ခွင့် လျှောက်ထားလာပါက ပါရဂူဘွဲ့(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ ဆေးဝါးဗေဒ၊ အဏုဇီဝဗေဒ) သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့် ရက်မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၃)နှစ်ရှိရမည်။ ကျန် ပါရဂူဘွဲ့သင်တန်းများ အတွက် လုပ်ငန်းစတင်ဝင်ရောက်သည့် ရက်မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၄)နှစ်ရှိရမည်။

(၆) ဆေးလက်တွေ့ ပါရဂူဘွဲ့(အသားမျှင်ရောဂါဗေဒ)(ဓာတုရောဂါ ဗေဒ)သင်တန်းများအတွက် ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(၇) လျှောက်လွှာပိတ်သည့် ရက်တွင်အသက်(၅၀)နှစ်ထက် မကျော် လွန်သူ ဖြစ်ရမည်။

(၈) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၃-၈-၂၀၁၉ရက်(သောကြာနေ့)ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှ တစ်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက် အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝ ထည့်သွင်းစဉ်းစားခြင်း မပြုပါ။

၅။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်(မူရင်း)နှင့်တကွ ဆေးတက္ကသိုလ်၊ မကွေး၊ ပါမောက္ခချုပ်ထံလိပ်မူ၍ (မပျက်မကွက်)ပေးပို့လျှောက်ထားရမည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ-

(က) ပါရဂူ၊ ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ ၂၆-၉-၂၀၁၉ ရက် (ကြာသပတေးနေ့)

(ခ) ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒ ဒီပလိုမာသင်တန်း

(ဂ) ဆေးပညာမဟာသိပ္ပံဘွဲ့လွန် သင်တန်းများ

} ၂၇-၉-၂၀၁၉ ရက် (သောကြာနေ့) ဖြစ်ပါသည်။

၇။ ဘွဲ့လွန်ဆေးပညာ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန် သင်တန်းဝင်ခွင့်စာမေးပွဲကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို ဆေးတက္ကသိုလ်၊ မကွေး၏ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတွင်ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD-၀၁၁၁၁၈ သို့ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် မကွေးမြို့တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်၊မကွေး၏ ငွေစာရင်းအမှတ် MD-၀၁၁၁၁၈ သို့လိပ်မူ၍ငွေလွှဲစနစ်ဖြင့်လည်းပေးသွင်းနိုင်ပါသည်။

၈။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ်၊ ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများ သို့ လျှောက်ထားခွင့်မရှိပါ။

